


mgyoe.com

mgyoe.com

သုမောင်၏
စာအုပ်အတွဲအချို့တွင်ပြန့်ကျဲနေသော
ဝတ္ထုလတ်လက်ရာမွန်(၈)ပုဒ်အား
ပြန်လည်ဖတ်ရှုခံစားသိမ်းဆည်းနိုင်ကြရန်
ပြန်လည်စုစည်းတင်ဆက်ထားပါသည်။

THU0011
4,300.00 KS

mgyoe.com

mgyoe.com

သစ်ပုတ်ပင်စောင့်နတ်နှင့်အခြားဝတ္ထုလတ်များ။ သုမောင်
အပြင်အဆင်-ညီညီဝါပန်းချီနှင့်ဂရေပ်ပစ်၊
စာမျက်နှာ ၄၀၅မျက်နှာ၊၁၃စင်တီ×၂၀ •၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# သစ်ပုတ်ပင်စောင့်နတ်နှင့်

## အခြားဝတ္ထုလတ်များ

## သုမောင်

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပန်းစွယ်တော်ရွက်ကလေး | ၁ |
| ၂။ | တစ်တီတူး | ၄၅ |
| ၃။ | ခွာလျှင်နန်း | ၁၁၃ |
| ၄။ | ငါကွ | ၁၂၉ |
| ၅။ | သစ်ပုတ်ပင်စောင့်နတ် | ၂၀၇ |
| ၆။ | ခါမိုးဟုတ်ပါဘဲ | ၂၆၁ |
| ၇။ | သူတို့နှစ်ယောက် | ၂၇၅ |
| ၈။ | အကြွေး | ၃၂၁ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပန်းစွယ်တော်ရှက်ကလေး

mgyoe.com

mgyoe.com

[ ၁ ]

ကျုပ်ဘဝ ဘယ်လောက်ခြောက်သွေ့တယ်ဆိုတာ ကျုပ်ခွခေါင်းအုံးကလေးပဲ သိပါတယ်ဗျာ။ ။

× × ×

mgyoe.com

mgyoe.com

# ၂

ကျုပ်ဘာသာကျုပ် ချမ်းသာတာ ဘာဖြစ်လဲ....ဘာဖြစ်လဲ။
ကျုပ်ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး။ ဘယ်သူ့အပေါ်မှလည်း ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး ချမ်းသာတာ မဟုတ်ဘူး။ ကျုပ်ချမ်းသာတာမှာ ဘာ ပယောဂမှ မပါဘူး။ ကျုပ်မိဘကလည်း ရိုးရိုးသားသား ကင်းလွတ်ကုန် တွေ ရောင်းဝယ်ဖောက်ကားရင်း ချမ်းသာခဲ့တာ။ ကျုပ်ကျပြန်တော့လည်း ဘယ်လို ဘဝပေးအကျိုးလည်းမသိရပေါင်ဗျာ.... ထီကိုမထိုးရဲတဲ့အထိ၊ ထီမထိုးနဲ့ ထိုးတာနဲ့ ပေါက်တတ်တာပဲ။ မယုံမရှိနဲ့၊ ကျုပ်ထီပေါက်တာ ခုနစ်ကြိမ်ရှိနေပြီ။ သိန်းဆုက သုံးဆုပါတယ်။ ကဲဗျာ။

တစ်ခါတစ်ခါတော့ ကျုပ်ကိုယ်ကျုပ် "ဘာကြောင့် ငါ..... ခုလောက် ကံကောင်းနေရသလဲကွာ" ဆိုပြီး စိတ်တိုမိတယ်။

အဲ တစ်ခုတော့ရှိတယ်။ ကျုပ် ကံတရားကို သိပ်ပြီးအရေးတဝင် မလုပ် တတ်ဘူး။ သူ့ဘာသာသူ မတော်တဆ ဖြစ်လာတတ်တဲ့ ကိစ္စတွေလောက် သာ နားလည်ထားတာ။

ထီပေါက်တာတင်ပဲတဲ့လား၊ မဟုတ်သေးဘူး။ ကျုပ်လုပ်သမျှ အလုပ် တွေအားလုံး အောင်မြင်တယ်။ တစ်ခုပြောပြမယ် သမာအာဇီဝပါပဲ၊ ဆေး။

mgyoe.com

mgyoe.com


တစ်နေ့မှာ.... ကျုပ်အမေ ဘုရားသွားတယ်။ သွားရတဲ့ အကြောင်းက ဆုတောင်း တစ်ခုအတွက်။

အမေဟာ အသက် ငါးဆယ်ကျော်လောက်မှာ ဂလောကိုးမားဆိုလား.... အဲဒီမျက်စိရောဂါ ဖြစ်ခဲ့ရတယ်။ ဆေးရုံမှာတက်ပြီး ခွဲစိတ်ကုသခံခဲ့ရတယ်။

ပျောက်တော့ ပျောက်ပါရဲ့၊ ဒါပေမဲ့ အထာက သိပ်မကျလှဘူး။ မျက်ရည်က အလိုလိုနေရင်း ထွက်ထွက်နေတတ်တယ်။ ဒီအတွက် အမေဟာ တစ်နေ့မှ စိတ်မချမ်းသာရှာဘူး။ (အဘွားဆုံးပါး ရှာတုန်းကလိုမျိုး မျက်ရည် ထွက်ရတာမှ မဟုတ်ဘဲ။) ဒါနဲ့ တစ်နေ့မှာ ရွှေတိဂုံစေတီတော်ကြီး တက်ဖူးရင်းက ဒီမျက်စိရောဂါနဲ့ ပတ်သက်လို့ အမြန်ဆုံးပျောက်ကင်းရပါစေသားလို့ ဆုတောင်းသတဲ့။ ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့လေ....။ မိန်းမစိတ်နဲ့ ဆုတောင်းတာကိုး။

ဘာပဲဖြစ်ဖြစ် ကျုပ်ပြောချင်တာက အဲ့သည့်နေ့က အမေ့ဆုတောင်း ပြည့်တာကိုပါပဲ။

ရွှေတိဂုံအနောက်မုခ်က ဆင်းလာတဲ့အမေဟာ စောင်းတန်းလှေကားထစ် တစ်နေရာအရောက်မှာ ဟိုးရှေးရှေးက လက်ရေးမူနဲ့ ရေးထားတဲ့ ဗမာ့ဘယ ဆေးနည်း စာရွက်တစ်ရွက်ကို အမှတ်မထင် ကောက်ရခဲ့တယ်။ ဆေးနာမည်က ဒေဝစက္ခုတဲ့။

ထားပါတော့။ ဘာပဲဖြစ်ဖြစ် အဲ့ဒီဆေးကို အမေက စောစောက ပြောသလို မိန်းမစိတ်နဲ့ ယုံယုံကြည်ကြည် ဖော်စပ်စားကြည့်တဲ့အခါ မျက်စိရောဂါဟာ ဒိဋ္ဌ ပျောက်တာကို တွေ့ရတယ်။ ဒါနဲ့ပဲ အမေဟာ နီးစပ်ရာနီးစပ်ရာ သူတို့အဘွားကြီးချင်း လက်တို့ပြီး စားခိုင်းကြည့်တဲ့အခါ အဲ့ဒီအဘွားကြီးတွေလည်း မျက်စိရောဂါ ပျောက်ကုန်ကြတာတွေ့ရတယ်။ ဒီလိုနဲ့ တစ်ယောက်ကစ တစ်ရာအဆုံး ဆိုတာလို ဒီဆေးသတင်း ပြန့်နှံ့သွားရင်းက မျက်စိရောဂါတင် မကဘူး၊ တခြား ရောဂါတွေပါ သက်သာတယ်လို့ ဖြစ်ပြန်ပါလေရော။ ကိုးဆယ့်ခြောက်ပါးရောဂါ ပျောက်ဆေးဆိုပါစို့ဗျာ။

ကျုပ်တို့နဲ့ နီးစပ်တဲ့ ရပ်ရှင်မင်းသမီး တစ်ယောက်ဆိုရင် နှစ်လတစ်ခါ သုံးလတစ်ခါဆိုသလို အရေပြားတွေ ဆတ်ခေါက်လိုက်တဲ့ရောဂါရှိတယ်။

mgyoe.com

mgyoe.com


အရေပြားဟာ အရေပြားလို ပျော့ပျော့ပါးပါးမနေဘဲ သစ်ပင် သစ်ခေါက်လို မာချပ်ချပ်ကြီး ဖြစ်နေတာကို ပြောတာ။ ဒီတော့ အဲဒီလိုဖြစ်တဲ့ ရက်ပိုင်းအတွင်းမှာ အပြင်ထွက်လို့လည်းမရဘူး။ ရုပ်ရှင်ရိုက်လို့လည်းမရဘူး။

ဒီလိုနဲ့ မတော်တဆဆိုသလို ကျုပ်တို့အိမ်ရောက်လာတယ်။ အမေကလည်း သူ့ဆေးကို စားခိုင်းရင်းက နောက်ပိုင်း သူ့ရောဂါဟာ လုံးလုံးလျားလျား ပျောက်သွားသတဲ့။

ကျုပ်စိတ်ကူးတစ်ခု ရလာတယ်။

ကျုပ်တို့အိမ်မှာရှိတဲ့ လက်တိုလက်တောင်းခိုင်းတဲ့ အလုပ်သမားတွေရော၊ မရှိနွမ်းပါးတဲ့ ရပ်ကွက်ထဲက လူတွေရော အလုပ်တစ်ခုရဖို့ဆိုတဲ့ သဘောနဲ့ ဆေး....ဒီဆေးကို များများဖော်ပြီး အထုပ်ကလေးတွေထုပ်၊ နီးစပ်ရာ နီးစပ်ရာကွမ်းယာဆိုင်တွေကို လိုက်ပို့ပြီး အရောင်းခိုင်းရရင် မကောင်းပေဘူးလားလို့။ ကိုယ့်အတွက်လည်း သမာအာဇီဝကျပြီး အများအကျိုးလည်း ဆောင်ရာရောက် တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့ သဘောပေါ့လေ။

လုပ်ကြည့်တယ်။

လုပ်စတော့..... ကျုပ်တို့ တစ်ရပ်ကွက်စာလောက် မှန်းခြေနည်းနည်းပဲ ဖော်စပ်ပြီး ရောင်းကြည့်တယ်။ အောင်မြင်တယ်ဗျို့....။

ဒီလိုနဲ့ လေးငါးခြောက်လအတွင်းမှာ ရန်ကုန်တစ်မြို့လုံး ကျုပ်ဆေးဟာ နာမည်ကျော်ကြား လူသိများတဲ့ ဆေးတစ်မျိုး ဖြစ်လာခဲ့ရတယ်။ ဆိုလိုတာက ဒီဆေးနဲ့ပဲ ကျုပ်မှာဝင်ငွေတွေ တိုးလာခဲ့ရတယ်ပေါ့။ ကျုပ်ငွေများများစားစား သုံးတတ်တဲ့သူ မဟုတ်ပါဘူး။ ကျုပ်စီးနေတဲ့ ကားအတွက် တစ်နေ့သုံးဂါလံဖိုး(တစ်ဆယ်နဲ့ငါးမူး)၊ ကျုပ် အရက်သောက်တတ်တယ်။ ဒါပေမဲ့ အရက်ဖြူပဲကြိုက်တယ်။ အရက်ဖြူတစ်ပိုင်းဖိုး (သုံးကျပ် ပြားခြောက်ဆယ်) (အစိုးရဈေး)။ မနက်ည ထမင်းစရိတ် ပျမ်းမျှ (သုံးရာ)။ အကြမ်းဖျင်းပေါ့လေ.... ကျုပ်အတွက် တစ်လ ငွေတစ်ထောင်လောက်ရှိရင် ပြီးတယ်။ ဒါဟာ တစ်ယောက်တည်းမဟုတ်ဘူး။ အိမ်မှာ ချက်တဲ့ ပြုတ်တဲ့ ကာလီမူတူးရော၊ လက်တိုလက်တောင်း ခိုင်းတဲ့ ဒေါ်ညြဘာရော အပါအဝင်ကိုပြောတာ။ ဒါပေမဲ့ ဆေးလုပ်ငန်းကတင် ကျုပ်အတွက် တစ်လအသားတင် ငွေသုံးထောင်လောက်ကျန်နေတယ်။ ဆေးဖော်တဲ့လူ ဆေး

mgyoe.com

mgyoe.com


ထုပ်တဲ့လူ ဆေးပို့တဲ့လူ စတဲ့ အလုပ်သမားလေးတွေလည်း တစ်လကို နှစ်ရာ၊ သုံးရာစသဖြင့် ရကြသေးတယ်။ ဒီလောက်နဲ့ ကျုပ် တင်းတိမ်နိုင်ပါတယ်။ ဒါပေမဲ့ စောစောကပြောသလို ကံတရားပဲ ခေါ်မလား၊ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်တာပဲ ခေါ်မလား မသိဘူး။ အသေးအဖွဲ့ ပြောတာပါ။ မိတ်ဆွေတစ်ယောက်က တွံတေးဘက်မှာ ငါးကန်တူးပြီး ငါးမွေးချင်တယ် ငွေငါးထောင်လောက် အစုစပ်ထည့်ပါဆိုလို့ ဘာရယ်မဟုတ်ဘဲ ထည့်လိုက်မိတယ်။ ဘာမှမကြာလိုက်ဘူး တစ်နှစ်လည်းပြည့်ရော ထက်ဝက်မြတ်တယ်ဆိုပြီး ကျုပ်ကို အစုစပ် အမြတ်တွေ လာပေးတော့တာပါပဲ။

ကျုပ်က "အဲဒီအမြတ်လည်း ဆက်ထည့်ထားပြီး ဆက်သာလုပ်ပါဗျာ" ပြောလိုက်တယ်။ ကျုပ်သဘောက ဒီငွေ ငါးထောင်ကိစ္စနဲ့ ပတ်သက်လို့ ခေါင်းထဲသိပ်မရှိလှဘူး။ တွံတေးဘက်မှာ ငါးကန်ကလေးရယ်၊ မာလကာခြံကလေးရယ်၊ ကျုပ်တစ်ဝက်ပိုင်ဆိုင်တဲ့ ခြံကလေးတစ်ခြံရှိတယ်ဆိုရင် ကျုပ်အနားယူချင်တဲ့အခါသွားပြီး အနားယူလို့ရတယ်။ ရန်ကုန်မြို့ရဲ့ ကျဉ်းကြပ်တဲ့ မြို့ပြအငွေ့အသက်ထဲကနေ ရုန်းထွက်ပြီး စိတ်ရဲ့ လွတ်လပ်မှုကို ရယူနိုင်တယ်။ ဘာပဲဖြစ်ဖြစ်လေ အဲဒီ ငါးကန်က သုံးလေးနှစ်အတွင်းမှာ ကျုပ်ကို သောင်းနဲ့ချီပြီး အမြတ်အစွန်းတွေရလာတာတော့ အမှန်ပဲ။

ဘာ့ကြောင့်များ ကျုပ်ပိုက်ဆံတွေ ခဏခဏဒီလောက်ရနေမှန်း မသိပါဘူးဗျာ။

နောက်တစ်ခုရှိသေးတယ်။ ရုပ်ရှင်....။

ငယ်သူငယ်ချင်း တစ်ယောက်ပဲ။ သူက ရုပ်ရှင်ဒါရိုက်တာ။ အနုပညာသမား သက်သက်ဆိုပါတော့။ ငွေကြေးမပြည့်စုံရှာဘူး။ ကျုပ်ဆီ အကူအညီ လာတောင်းတယ်။ သဘောကတော့ ကျုပ်ကငွေစိုက် သူက ပညာနဲ့ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စတွေကို စီစဉ်၊ ရုပ်ရှင်တစ်ကား ရိုက်ကြမယ်။ ဒီလိုမျိုး၊ ပထမတော့ ကျုပ်လည်း ရှုပ်ရှုပ်ယှက်ယှက်တွေမကြိုက်တာနဲ့ မလုပ်ဘူးလို့ ငြင်းသေးတယ်။

နောက်တော့ သူငယ်ချင်းသံယောဇဉ်နဲ့ပဲ အလုပ်ဖြစ်သွားပြန်ရော။ သူတို့ရုပ်ရှင်လောကမှာ သုံးကြပုံတွေကြည့်ရင်းက တထိတ်ထိတ်ဖြစ်ခဲ့ရတယ်။ ဒီတစ်ခါ စိုက်ထုတ်ရတဲ့ငွေ နည်းမှမနည်းပဲ၊ သိန်းနဲ့ချီနေတာကိုး။ တခြား

mgyoe.com

မကြည့်နဲ့ လုပ်ငန်းမှာသုံးဖို့အတွက် ကျုပ်ကားကိုလည်း ပေးထားတယ်။ မင်းသမီးသွားကြိုတော့ ကျုပ်ကားကို မင်းသမီးက မစီးနိုင်ဘူးဖြစ်ပါလေရော... ကျုပ်ကားကလည်း နောက်ဆုံးပေါ် ကားလေးတွေမျိုး မဟုတ်တဲ့ တိုင်အောင်တောင် (စ) နံပါတ်ထဲက ခပ်သန့်သန့် ကားတစ်စီးပါပဲ။ ဒါနဲ့ ကျုပ်က ကားသန့်သန့်တစ်စီး ငှားပေးမယ်ဆိုတော့လည်း မဟုတ်ဘူးတဲ့၊ ဖြစ်ပြန်ရော။ ကျုပ်ကလည်း ဒီလောကအကြောင်း မသိလေတော့ ဘာအဓိပ္ပာယ်ဆိုတာ နားမလည်ဘူးပေါ့ဗျာ....။ နောက်မှ မင်းသမီးက သူ့ကားနဲ့သူ လာမယ်ပြောတော့တယ်။ ကောင်းတာပေါ့။ သူ့ကားနဲ့သူဆိုရင် ကျုပ်တို့တောင် သက်သာသေးတယ်လို့ သဘောထားလိုက်တယ်။

ဟေး...ဟေး...ဒါနဲ့တင် မပြီးပါလားဗျို့။

မရွှေမင်းသမီးက ရုပ်ရှင်ရိုက်ပြီးလို့ ညပြန်လည်းပြန်ရော သူ့ကား (ဃ နံပါတ်ကလေးပါ) ပေါ် စွေ့ကနဲတက်တဲ့ပြီး သူ့ကားခ တောင်းတော့တာပဲဗျာ။ ငါးဆယ်တဲ့။

ကျုပ်တော်တော် စိတ်ညစ်သွားတယ်။

ပိုက်ဆံငါးဆယ် ပေးလိုက်ရလို့ မဟုတ်ဘူး။ ငါးဆယ်မက တန်တဲ့ကားငှားပေးပါ့မယ်ဆိုတဲ့ကြားက သူ့ကားနဲ့သူလာပြီး ကားခငါးဆယ်တောင်းတာ ပေးလိုက်ရလို့။

"မင်းတို့ရုပ်ရှင်လောက ဒီလိုပဲလားကွာ" ကျုပ်က ကျုပ်သူငယ်ချင်းကို မေးတော့ သူကပြုံးပြုံးကြီး ခေါင်းညိတ်ပြလိုက်တယ်။

အော်..... ရုပ်ရှင်ရိုက်ရင် ပိုက်ဆံကုန်တယ်။ ပိုက်ဆံကုန်တယ်ဆိုတာ ဒီလိုအကြောင်းတွေကြောင့်လည်း အများကြီးပါပါလားလို့ ကျုပ်နားလည်သွားရတယ်။ ဘာပဲဖြစ်ဖြစ် လုပ်မိမှတော့မထူးဘူးဆိုပြီး ကျုပ်သူငယ်ချင်းက ပေးဆိုပေးလိုက်တယ်။ မပေးနဲ့ဆိုမပေးလိုက်ဘူး။ ဒီလိုနဲ့ပဲ အဲဒီဇာတ်ကား ပြီးသွားတယ်။

ဆင်ဆာက ခွင့်ပြုပြီးရင် တစ်နှစ်စောင့်ရတယ်ဆိုလား.... ဘာလားမသိပါဘူးဗျာ။ ဆင်ဆာကခွင့်ပြုပြီး တစ်နှစ်သာသာကြာတဲ့ အချိန်လောက်မှ ကျုပ်ဇာတ်ကား ရန်ကုန်မြို့လယ်ရုံတွေမှာ ပြခွင့်ရတော့တယ်။

ကိုင်း....ကြည့်ဦး။ ကျုပ်ငွေစိုက်လို့ ဒီကားဖြစ်လာတယ်ဆိုတဲ့စကား

mgyoe.com

ပြောစရာမလိုပါဘူး။ ကျုပ် သူငယ်ချင်းရဲ့အတတ်ပညာကြောင့်ပဲ ဒီကား ဟာငွေသောက်သောက်လဲရခဲ့ပါတယ်။ ကျုပ်စိုက်ခဲ့တဲ့ငွေထက် တစ်ဆ လောက်ပိုပြီး အမြတ်အစွန်းထွက်ခဲ့တယ်။

အဲ...သလို အသေးအဖွဲကိစ္စကစပြီး ကြီးကြီးမားမားကိစ္စတွေအထိ လုပ် ငန်းဝင်ငွေ တိုးတာနဲ့ပတ်သက်လို့ ဘာ့ကြောင့် အသေးစိတ် ပြောပြနေရပါ သလဲ....။

ဘာ့ကြောင့်ဆို ငွေကြေးကို လူမှုဆက်သွယ်ရေး ကိစ္စတစ်ခုအနေနဲ့ လက် ခံထားကြတဲ့ ခုအချိန်မှာ ကျုပ်ဟာအဲဒီငွေကြေးကိစ္စနဲ့ပတ်သက်ပြီး ဖြစ်ပေါ် လာတဲ့ပြဿနာတွေကို နည်းမျိုးစုံနဲ့ ရင်ဆိုင်ဖြေရှင်းပေးနေရလို့ပဲ။ သဘော ကတော့ ကျုပ်ငွေကြေးချမ်းသာလာတာနဲ့အမျှ ပြဿနာတွေ တက်တက်လာ တယ်။

ဥပမာတစ်ခု ပြရရင်တော့.... တစ်လောဆီက ကျုပ်ဆီကို ကျုပ်နဲ့ တက္က သိုလ်မှာ အတူတူ တက်ခဲ့ဖူးတဲ့ သူငယ်ချင်းတစ်ယောက် ရောက်လာတယ်။ တက္ကသိုလ်ကဆင်းပြီးကျုပ်က မိဘလက်ငုက်လက်ရင်းကို လုပ်ကိုင်နေတဲ့ အချိန်မှာ သူကအစိုးရဌာနတစ်ခုမှာ မတောက်မခေါက် အရာရှိပေါက်စ..။ အဲဒီကနေ ဘယ်လို စိတ်ဖောက်ပြန်သွားတယ်မသိဘူး၊ "အရာရှိလုပ်ရတာ ဘဝမမှန်ဘူး၊ အနုပညာသည်ပဲဖြစ်ချင်တယ်" ဆိုပြီး ရေခဲချောင်း ရောင်းလို ရောင်း၊ ဘတ်စ်ကားစပါယ်ယာ လုပ်လိုလုပ်နဲ့၊ နောက်ဆုံး စားရမဲ့သောက် ရမဲ့ ဖြစ်လာတဲ့အခါ ကျုပ်ဆီပြေးလာတော့တာပဲ။

"ငါ ရေခဲချောင်းလည်း ရောင်းဖူးပြီးပြီ သူငယ်ချင်း"

"ဟ.... မင်းအလုပ် ဟန်ကျလို့ အခြေအနေလေးတစ်ခု ပေးလာတဲ့ အချိန်မှာ ဘာကြောင့်ရေခဲချောင်း ဆင်းရောင်းရတာလဲ"

"ဒါမှ ဘဝနာမှာပေါ့ကွ"

"ဘဝနာတာ မကောင်းပါဘူး သန်းဆောင်ရာ"

"အေး....မင်းတို့လို ပိုက်ဆံရှိတဲ့ကောင်တွေကတော့ မကောင်းဘူး ပြောမှာပေါ့ကွ၊ တကယ်တန်းကျတော့ ဘဝနာမှ အနုပညာနာမှာကွ"

"အနုပညာမှ မဟုတ်ဘူး သူငယ်ချင်း၊ ငါတော့ ဘယ်အရာဖြစ်ဖြစ် နာတာ မကောင်းဘူးလို့ ထင်တယ်။ အသားတောင် နာတာ မခံနိုင်ဘူး

mgyoe.com

mgyoe.com


မဟုတ်လား"

"မင်းတို့ သူဌေးသားတွေပြောလိုက်ရင် ဒီစကားမျိုးပဲ"

"ဒီလိုမပြောပါနဲ့ကွာ၊ သူ့ဘာသာသူ သူဌေးသားဖြစ်လာတာ ငါလည်း ဘာတတ်နိုင်မှာတုံး၊ မတတ်နိုင်တဲ့လူတွေကို ပေးတယ်၊ ကျွေးတယ်၊ ကမ်းတယ်"

"ဘာလဲ မဝရေစာ ကျွေးနေတာ ပြောတာလား"

"ခက်ပါလား သန်းဆောင်ရယ်၊ သူ့အဆင့်အတန်းအလိုက် ထိုက်တန်သလိုတော့ ငါပေးနေသားပဲ"

"ဘာလဲကွ တွံတေးမှာ ငါးကန်တူး၊ ငါးမွေး၊ ငါးကန်ပေါ်ကို ဘဲတဲဆောက်၊ ဘဲမွေး၊ ဘဲချီးကို ငါးစားလို့ ကြီးထွားလာတဲ့ ငါးတွေကို ထုတ်ရောင်း၊ ငါးကန်ထဲက ရေမှော်တွေစားပြီး အချိန်တိုးလာတဲ့ ဘဲတွေကို ထုတ်ရောင်း၊ ဒါကို မင်းက ထိုက်တန်သလိုပေးကျွေးထားတယ်လို့ ဆိုလိုတာလား"

ပြန်ပြောရမယ်ဆိုရင် တက္ကသိုလ်မှာနေစဉ်တုန်းက ကျုပ်မှာ သူငယ်ချင်းသုံးယောက် ရှိဖူးတယ်။ တစ်ယောက်က အခုပြောပြနေတဲ့လူ၊ တစ်ယောက်က ကျုပ်တို့ထက် အဆမတန် ချမ်းသာတဲ့လူ။ ကျုပ်က သူတို့နှစ်ယောက်ကြားအနေလောက်။ ယူကြတဲ့ ဘာသာတွဲတွေကလည်း အတူတူ။

ငယ်သူငယ်ချင်း သုံးယောက်အဖြစ် သူငယ်ချင်းလို ချစ်ကြတဲ့အလျောက် သွားအတူ၊ စားအတူ၊ အိပ်အတူ။

အဲ့သလိုနဲ့ပဲ စားလည်း(လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်မှာ) ငြင်းကြခုန်ကြ။ သွားရင်လည်း(စာကြည့်တိုက်၊ ရုပ်ရှင်ရုံမှာ) ငြင်းကြခုန်ကြ။ အိပ်ရင်းကလည်း(တစ်ခုတင်နဲ့ တစ်ခုတင်) ငြင်းကြခုန်ကြ ရန်ဖြစ်ကြ။

သန်းဆောင်က တစ်ယူသန် ဆင်းရဲသားဝါဒသမား။

ဘယ်သူတွေ ချမ်းသာချမ်းသာ မကြည့်ရက်ဘူး။ ဟုတ်တယ်။ သူက ဘယ်သူတွေ ချမ်းသာချမ်းသာ မကြည့်ရက်တဲ့လူ။ ဆင်းရဲတဲ့လူတွေကို မကြည့်ရက် မမြင်ရက်ဖြစ်တာမဟုတ်ဘူး။ သူ့အယူအဆက လူတွေအားလုံး တစ်တန်းတစ်စားတည်းဖြစ်ဖို့ အားလုံးဆင်းရဲပေးရမယ်ဆိုတဲ့ အယူအဆ။ ဆင်းရဲပြီးသား လူတွေ ဆက်ပြီး ဆင်းရဲကြ။ ချမ်းသာတဲ့လူတွေကလည်း ဆင်းပြီး ဆင်းရဲပေးကြဆိုတဲ့ အယူအဆ။

mgyoe.com

mgyoe.com


ဒါနဲ့ပတ်သက်လို့ သူ့ကိုအတိုက်အခံဆွေးနွေးတဲ့အခါတိုင်းမှာလည်း စောစောကပြောသလို "မင်းတို့က ချမ်းသာရတဲ့အရသာကို ခံစားရပြီးနေတော့ ဘယ်ဆင်းရဲချင်ပါ့မလဲ" လို့ ပြန်ပြီးချေပတတ်တယ်။

"ဒါဖြင့်ရင် မချမ်းသာဘဲနေချင်တဲ့လူတွေကော ရှိမလား" လို့ ကျုပ်က ပြန်မေးရင်လည်း ကျုပ် နားမလည်နိုင်တဲ့ စကားတွေ၊ ဝေါဟာရတွေနဲ့ မပြီးမချင်း၊ သူမနိုင်မချင်း ငြင်းနေတော့တာပဲဗျို့၊ သန်းဆောင်က အဲသလို ကောင်မျိုး။

ဒါနဲ့ စကားမစပ်၊ ကျုပ်တို့နဲ့ မရင်းနှီးပေမယ့် မျက်မှန်းတန်းမိနေတဲ့ အတန်းထဲက ကျောင်းသားလေးတစ်ယောက်ရှိသေးတယ်။ သူက ဘုန်းကြီးကျောင်းသား။ မိဘမဲ့ လူတစ်ယောက်။ စောစောကပြောတဲ့ သန်းဆောင်ရဲ့ အယူအဆတွေနဲ့ ပတ်သက်လို့ ဘုန်းကြီးကျောင်းသားလေးနဲ့ ကျုပ်စကားကြုံပြောဖူးတယ်၊ လက်ဖက်ရည်ဆိုင်မှာ။ သူကတော့ ရှင်းတယ်။ သူ့မှာ မိဘမရှိဘူး။ ဘုန်းကြီးက ကျောင်းထားပေးတယ်။ သူ သိပ်ဆင်းရဲတယ်။ တက္ကသိုလ်က ဘွဲ့ရပြီးတဲ့အချိန်မှာ အစိုးရဌာနတစ်ခုမှာ အလုပ်ဝင်လုပ်မယ်။ အရာရှိကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်။

အဲ့သလို ကြိုးစားနေရင်းကလည်း သူ့လခထဲက ဖဲ့ပြီး ဟိုစပ်စပ် ဒီစပ်စပ် အပြင်လုပ်ငန်းတွေ လုပ်ဦးမယ်။ သမာအာဇီဝကျတဲ့ လုပ်ငန်းတွေပေါ့ဗျာ။ အဲ....အခု ကျောင်းတက်နေတုန်းမှာလည်း နွားနို့ပို့၊ သတင်းစာပို့ စတဲ့လုပ်ငန်းတွေ လုပ်နေသတဲ့။ ကဲ...ဘယ်လောက် အားကျစရာ ကောင်းသလဲ။

အဲ....နောက်တစ်ယောက် ရှိသေးတယ်။ သန်းဆောင်လိုမျိုး အတွေးအခေါ်ပိုင်းဆိုင်ရာ ခပ်ဆင်ဆင်တူတဲ့ လူတစ်ယောက်။ တက္ကသိုလ်ကျောင်းသားတော့ မဟုတ်ဘူး။ တက္ကသိုလ်မှာ အမှုထမ်းနေတဲ့ အလုပ်သမားကြီးတစ်ဦးရဲ့သား။ သူကတော့ သန်းဆောင်လို စကားကြီး စကားကျယ်တွေပြောပြီး မြင်မြင်ကရာ လိုက်ဆန့်ကျင်နေတဲ့လူမဟုတ်ဘူး။ ဒါပေမဲ့....

ဆိုပါစို့....ကျောင်းကိုလာကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲမှာ တချို့လည်း ဥစ္စာခနကြွယ်ဝလို့ မော်တော်ကားနဲ့လာကြတယ်။ တချို့ ဘတ်စ်ကား၊ တချို့ခြေကျင်။ အဲ....အဲ့ဒီကျောင်းသားက ဘာလုပ်တယ်မှတ်လဲ၊

mgyoe.com

mgyoe.com


ချမ်းသာတာ ဆင်းရဲတာဆိုတဲ့ လူမှုကိစ္စတွေ ဘာမှမသိဘဲ သူ့ဘာသာသူ အေးအေးချမ်းချမ်းနေတတ်တဲ့ ပြီးတော့ ချမ်းသာသူတွေရော ဆင်းရဲသူတွေကပါ မြတ်နိုးကိုးကွယ်ကြတဲ့ ကံ့ကော်ပင်ကလေးတွေ။ အဲဒီ အပြစ်မဲ့တဲ့ ကံ့ကော်ပင်ကလေးတွေအောက်မှာ သူထိုင်တယ်။ ကိုယ်ပိုင် မော်တော်ကားနဲ့ ကျောင်းတက်လာသမျှ ကြီးကြီးငယ်ငယ် ယောကျာ်း၊ မိန်းမ ဟူသမျှကို မကြားတကြားဆဲတယ်။ သူတို့ကားတွေ ရပ်ထားရင်လည်း မော်တော်ကားမောင်းသူအလစ်မှာ တံတွေးနဲ့ သွားထွေးတယ်၊ ဖနောင့်နဲ့ သွားပေါက်တယ်။

တစ်နေ့ သူနဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံတော့ သန်းဆောင်ပြောတဲ့ အယူအဆတွေ ဆွေးနွေးကြည့်တယ်။ သူက သန်းဆောင်လောက် မပြင်းထန်ဘူး။ တဖြည်းဖြည်း ပျော့ပျောင်းလာတာ တွေ့ရတယ်။ ကျုပ် အတွေးအခေါ်သစ်တစ်ခု ရလိုက်တယ်။

အဲ့သလို အတွေးအခေါ်မျိုးရှိတဲ့ လူတွေထဲမှာပဲ ပညာတတ်တဲ့လူနဲ့ ပညာမတတ်တဲ့လူ ကွာခြားတယ်ဆိုတာ။

ပညာတတ်တဲ့လူက ရှာကြံပြီးသူ့ကိုယ်သူ ကာကွယ်ပြောဆိုတတ်တယ်။ သူများကိုလည်း အပြစ်ရှာတတ်တယ်။ မတတ်တဲ့လူကတော့ အဲသလို မဟုတ်ဘူး။ သူမတတ်ရင် မတတ်သလို ဂူးဂူးဝါးဝါး၊ ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်တတ်တယ်။ အဲသလိုလုပ်လိုက်လို့ မှားပြီဆိုရင်လည်း ချက်ချင်းဝန်ခံတတ်တယ်။ ဒါပဲ။

ပြောရင်းဆိုရင်းနဲ့ တစ်ယောက်အကြောင်း ကျန်ခဲ့သေးတယ်။ စောစောက ပြောခဲ့သလို ကျုပ်မှာ ကျောင်းတုန်းက သူငယ်ချင်းသုံးယောက်ရှိခဲ့တယ်။ တစ်ယောက်သန်းဆောင်။ အဲ....နောက်တစ်ယောက်က ရှိမိယိုင်ငယ်သွေး၊ သူကတော့ တစ်မျိုး။ သန်းဆောင်နဲ့ လုံးလုံး ဆန့်ကျင်ဘက်၊ ဒီကောင်က မိဘချမ်းသာသလောက် သူချမ်းသာတယ်။ ဆိုလိုတာက သူ့အိမ်က သူ့ကို ဖူးဖူးမှုတ်ထားတယ်။ လိုသလောက်ငွေကို သူသုံးနိုင်တယ်။ ဒါကိုပြောတာ။

ချမ်းသာသလောက် လူပါးဝတဲ့ကောင်။ ငွေကြေးနဲ့ပတ်သက်လာရင် ဓနဂုဏ်နဲ့ ပတ်သက်လာရင် ဘယ်လူမှုရေးကိုမှ မကြည့်တဲ့ကောင်။ ငွေရှိရင် ဘာမဆိုဖြစ်တယ်၊ ဘယ်လိုနည်းနဲ့ရရ ငွေရတာ ပဓာနလို့ထင်နေတဲ့ အကောင်။

mgyoe.com

mgyoe.com


"ဟော့ကောင်တွေရ၊ သူတို့ဘာသာသူတို့ ဆင်းရဲနေတာ ငါနဲ့ဘာဆိုင်လို့လဲ။ သူတို့ဆင်းရဲတိုင်းသာ လိုက်ထောက်ပံ့နေရရင် ငါဘယ်ချမ်းသာတော့မလဲ" လို့ တစ်ယူသန် ပြောတတ်တဲ့ကောင်။

စောစောက ပြောသလို ကျုပ်တို့လက်ဖက်ရည်ဝိုင်း၊ ဘူးသီးကြော်ဝိုင်းမှာ အယူအဆရေးရာနဲ့ စကားဝိုင်းဖွဲ့တတ်ကြတဲ့နေရာမျိုးမှာလည်း သူနဲ့ဘာမှမဆိုင်သလို အေးအေးဆေးဆေးနေတတ်တယ်။ စားသောက်ပြီးကြလို့ စကားဝိုင်းသိမ်းရင် ကျသင့်ငွေကို ပက်ခနဲပေးပြီး သူ့ပိုင်ကားလေးပေါ် ဖွေ့ခနဲတက်သွားတတ်တယ်။

မိဘချမ်းသာလို့သုံးချင်တိုင်း သုံးနေတဲ့ ကြားထဲကပဲ သူပိုင်ငွေကိုလည်း ရအောင်ရှာတယ်။ အဆောင်တကာလှည့် ဖဲရိုက်တာကနေ မြို့လယ်ကောင် သွားပြီး ကားပွဲစားလုပ်တဲ့အထိ။

ဘာပဲဖြစ်ဖြစ် ကျုပ်ပြောချင်တာက သန်းဆောင်လို ကောင်မျိုးကလည်း တစ်ဘက်အစွန်းရောက်တယ်၊ သူကလည်း တစ်ဘက်အစွန်းရောက်တယ်။ ဒီတော့ သူတို့နှစ်ယောက်ကြည့်ပြီး ကျုပ်က အလယ်အလတ်တန်းစား လမ်းစဉ်လိုက်ခဲ့တယ်။ သဘောကတော့ လူတွေအားလုံးလည်း မဆင်းရဲစေနဲ့ ပြီးတော့.....လူတွေအားလုံး ချမ်းသာကြဖို့ဆိုတာလည်း မဖြစ်နိုင်တဲ့အတူတူ လူတိုင်းလူတိုင်း ကိုယ့်အခြေအနေလေးနဲ့ကိုယ် လူတန်းစေ့နေနိုင်ပြီး စိတ်ချမ်းသာ လက်ချမ်းသာ ရှိကြဖို့ပဲ။ တစ်ဆက်တည်းမှာပဲ ကျုပ်ဘဝကျုပ် ရိုးရိုးသားသားပဲ ကြိုးစား ရုန်းကန်တယ်။ ဒီလိုနဲ့ ကျုပ် ချမ်းသာလာပြန်တော့လည်း ကဲ့ကြ ရဲ့ကြ မနာလိုကြ၊ ကဲ....ကျုပ် ဘာလုပ်ရမလဲဗျာ....။

ဘာလဲဗျာ ခင်ဗျားတို့ လူမှုရေး လောကကြီးဆိုတာ ဘာ လောကကြီးလဲဗျာ....။

× × ×

ဒါက ကျောင်းသားဘဝမှာ တိုးတက်တဲ့ လူငယ်တွေချင်း ကိုယ့်အယူအဆနဲ့ကိုယ် ဖြစ်တဲ့ပြဿနာ။ တကယ့်လူမှုဘဝကြီးထဲ ရောက်လာတဲ့အခါကျပြန်တော့လည်း ဒါတွေ ကင်းသလားဆိုတော့ မကင်းနိုင်ပြန်ဘူး။

mgyoe.com

mgyoe.com


ကြည့်လေ.... အခုပဲ သန်းဆောင်ဆိုရင် ကျုပ်ကိုအသားလွတ် လာကလော်နေပြန်ပြီ။ သူ့ဘာသာသူ အရာရှိဘဝကထွက်ပြီး ရေခဲချောင်းရောင်း ငတ်တာ၊ ကျုပ်ဘာသာကျုပ် ရိုးရိုးသားသားလုပ်ကိုင်ပြီး ချမ်းသာတာ။ ဘာလာပြဿနာလုပ်စရာရှိသလဲ။ စကားစပ်လို့ ပြောရဦးမယ်။ ကျုပ်ပြောခဲ့ဖူးတဲ့ ဟို....မိဘမဲ့ ဘုန်းကြီးကျောင်းသားလေးဆိုရင် တပ်မတော်လေတပ်မှာ စစ်ဗိုလ်တစ်ယောက်ဖြစ်နေပြီ။ တပ်ထဲမှာပဲ မိုက်ပျိုးမွေးမြူရေးတွေလုပ်တာ ဝက်ချည်းပဲ အကောင်သုံးဆယ်ကျော်နေပြီတဲ့။ စိုက်ပျိုးသီးနှံတွေ၊ ကြက်ဘဲတွေဆိုတာ စဉ်းစားသာ ကြည့်ပေတော့။

ကျုပ်ဆိုလိုတာက အနုပညာသမား တစ်ယောက်ဟာ စီးပွားရေးဘက်ကို အားသွန်ခွန်စိုက် မလိုက်ကောင်းဘူးဆိုတာ ကျုပ်နားလည်ပါတယ်။ ဒါပေမဲ့ အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ စကားအတိုင်း ကိုယ့်ဝမ်းရေးလေးမှ မဖြည့်တင်းနိုင်ဘဲ ဘယ့်နှယ်လုပ်ပြီး အနုပညာလုပ်ငန်းကိုလုပ်မလဲ။ အနုပညာသည်တစ်ယောက်လုပ်မိလို့ ဆင်းရဲတာနဲ့ အနုပညာသည် ဖြစ်ချင်လို့(အတင်းအဓမ္မ) ဆင်းရဲပစ်တာဟာ အဓိပ္ပာယ် တခြားစီပါ။

ကျုပ် ပြောခဲ့ဖူးသားပဲ၊ ကျုပ်မိတ်ဆွေတစ်ယောက် ရုပ်ရှင်ဒါရိုက်တာလုပ်ချင်လို့ ကျုပ်က ငွေစိုက်ထုတ်ဖို့ အကူအညီလာတောင်းတယ်။ အဲဒီဇာတ်ကား အောင်မြင်တော့ သူလည်းအကယ်ဒမီတွေဘာတွေ ရတယ်။ ခုဆို သူ့မိသားစုနဲ့ သူအေးအေးချမ်းချမ်း နေနိုင်ပြီ။ နောက်ထပ်လည်း အနုပညာလုပ်ငန်းတွေ ဆက်ဖန်တီးနိုင်ပြီ။ ဘယ်လောက်ကောင်းသလဲဗျာ။

သန်းဆောင်ကတော့ ဒီလိုမဟုတ်ဘူး။ သစ်ပင်ပေါ်တက်ပုန်းနေတဲ့ ကပ္ပလီတစ်ယောက်ကို ပြုတ်မကျမခြင်း ဦးနဲ့ပြေးပြေးဆောင့်နေတဲ့ ကျွဲရိုင်းတစ်ကောင်လို အခုအချိန်အထိ ပရမ်းပတာတွေ ပြောနေလုပ်နေတုန်းပဲ။ သန်းဆောင်ဟာ ငယ်ကျင့်မပျောက်ဘဲ ခုထက်ထိ ကိုယ်လိုရာကိုယ်ဆွဲပြောတတ်နေတုန်းပါကလားလို့ သိလိုက်တာနဲ့ ကျုပ်လည်း သူ့ကိုနောက်ဆုံးမေးခွန်းတစ်ခု မေးလိုက်ရတယ်။

"ကိုင်း....သူငယ်ချင်း၊ အဲဒါတွေ ပြောမနေပါနဲ့တော့။ မင်း ဘာလိုချင်သလဲ၊ ဘာလုပ်ချင်လဲ"

"အေး....လူဆိုတာ ဘဝကိုရုန်းကန်တဲ့အခါမှာ ကိုယ့်ခြေထောက်

mgyoe.com

mgyoe.com


ပေါ် ကိုယ်ရပ်ရစမြဲပါ။ ဒါပေမဲ့ ရပ်ဖို့အတွက် မြေကြီးဆိုတာလိုတယ်။ နာမ်သဘောအရ ငါ့ရဲ့စိတ်ဓာတ်၊ ဝီရိယ၊ လုံ့လ ဘယ်လောက်ပဲရှိတယ်ပြောပြော ရုပ်သဘောအရ ငါ့ဘဝရပ်တည်မှုအတွက် ငွေလိုနေတယ်"

ကျုပ်မရယ်မိအောင် မနည်းသတိထားလိုက်ရတယ်။ သူနဲ့ဆက်ငြင်းနေလို့လည်း အကြောင်းထူးမှာ မဟုတ်တဲ့အတူတူဆိုပြီး....

"ကိုင်း...သူငယ်ချင်းပြော၊ ဘယ်လောက်လိုလဲ"

"တစ်ထောင်"

"ဘာကွ"

"မင်းပေးနိုင်လား မပေးနိုင်ဘူးလား ဒါပဲပြောကွာ...."

"မပေးနိုင်ဘူး"

"မင်းက သိပ်ချမ်းသာတဲ့လူတစ်ယောက်ပဲ ဘာလို့မပေးနိုင်ရမှာလဲ၊ မင်းမပေးချင်လို့မဟုတ်လား"

"ငါ့မှာလည်း ငါ့ပြဿနာတွေနဲ့ ငါမို့ပါ သူငယ်ချင်းရာ၊ မင်းလိုပဲ နေ့စဉ်နဲ့အမျှ ငါ့ဆီမှာ လာတောင်းကြတဲ့ လူတွေမနည်းဘူး၊ ငါ မင်း တစ်ယောက်တည်းအတွက် ကွက်ပြီးတော့ မပေးနိုင်ဘူးကွာ"

"ဟင်း...မင်းတို့လို ပိုက်ဆံချမ်းသာတဲ့ကောင်တွေ ပြောလိုက်ရင် ဒီစကားမျိုးချည်းပဲ"

"ဒီလိုမပြောနဲ့သူငယ်ချင်း....ငါဟာ ငါ့ဘဝ ငါထူထောင်တယ်။ ရလာတဲ့ငွေကြေးကိုလည်း အလုပ်လုပ်တဲ့လူပေါင်းများစွာ စားရအောင်လည်း ငါလုပ်ပေးတယ်"

"ဘာလဲကွ မင်းလုပ်ငန်းတွေကို လုပ်ပေးတဲ့ လူပေါင်းများစွာကို ပြောတာလား၊ ငါလည်း အလုပ် လုပ်နေတဲ့ကောင်ပါကွ"

"အေး...မင်းလုပ်နေတာ မင်း တစ်ယောက်တည်းအတွက်။ ဒီတော့ မင်းထက်စာရင် ငါ့အလုပ်သမားတွေအတွက် ငါပိုပြီးဂရုစိုက်ရလိမ့် မယ်"

"မင်း တစ်ကိုယ်ကောင်းသမား"

"ဘာလဲကွ၊ ငါ့အလုပ်သမား နှစ်ဆယ်သုံးဆယ်အတွက် အလုပ်ရှာပေးနေတဲ့ အကောင်ဟာ တစ်ကိုယ်ကောင်းသမားလား။ ကိုယ်နဲ့ ထိုက်တဲ့နေရာ

mgyoe.com

mgyoe.com


မှာ အလုပ်မလုပ်ဘဲ စိတ်ကူးတည့်ရာကို စိတ်ကူးယဉ်ပြီး လျှောက်လုပ်နေတဲ့ မင်းလိုကောင်ဟာ တစ်ကိုယ်ကောင်းသမားလား"

"ငါလုပ်နေတာ အနုပညာအလုပ်ကွ။ အနုပညာဆိုတာ တစ်တိုင်းပြည်လုံးကို ငွေကြေးနဲ့ တိုင်းတာလို့ မရအောင် အကျိုးပြုနေတယ်ဆိုတာ မင်းမသိဘူးလား"

"အေး....အနုပညာအလုပ်ဟာ တိုင်းပြည်အတွက် ဘယ်လောက် အကျိုးရှိတယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ မင်းဟာ အနုပညာသမား ဟုတ် မဟုတ်ဆိုတာ ငါမသိဘူး"

ကျုပ်စကားကြောင့် သူ သိပ်ဒေါသဖြစ်သွားတယ်။ ထုံးစံအတိုင်း ငယ်ငယ်ကအကျင့်အတိုင်း သူဟာ ကျုပ်နားမလည်နိုင်တဲ့ ဝေါဟာရတွေနဲ့ ကျုပ်နားမဆံ့အောင် ထုပဟယ်ထောင်းပဟယ် လုပ်တော့တာပဲ။ ကျုပ်လည်း သည်းညည်းမခံနိုင်တဲ့အဆုံး....။

"ကိုင်း သူငယ်ချင်း မင်းတောင်းသလောက်ငွေတော့ ငါမပေးနိုင်ဘူး။ ငါ ငွေသုံးရာ ပေးလိုက်ပါမယ်"

"သုံးရာ ဘာလုပ်ရမှာလဲကွ"

"ဟ အလကားရတာပဲ မင်းဟာမင်းဘာလုပ်လုပ်ပေါ့"

သူစဉ်းစားသွားတယ်။

အယူအဆ ဒေါသတွေ ထွက်နေတဲ့ကြားကပဲ ရှက်တက်တက်မျက်နှာပေးနဲ့ –

"အေး....ပေးကွာ၊ သုံးရာပဲပေး။ ဒါပေမဲ့ မင်းဆီက ငါဒီငွေယူသွားတာဟာ အလကားမဟုတ်ဘူး"

"ချေးတာလား.....ပြန်ပေးမှာလားကွ"

"ဘယ်ဟုတ်မလဲ....သိပ်ချမ်းသာနေတဲ့ သူငယ်ချင်းတစ်ယောက်ဆီက သိပ်ဆင်းရဲနေတဲ့ သူငယ်ချင်းတစ်ယောက်က ရအောင် ချူတဲ့ သဘောမျိုးပဲ....ဒါပဲ"

သူ ပြောပြောဆိုဆိုနဲ့ ကျုပ်အိမ်ပေါ်က ဆင်းသွားတယ်။

× × ×

mgyoe.com

mgyoe.com

အထက်ပါ ကျုပ်ပြောပြခဲ့တဲ့အကြောင်းတွေဟာ ကျုပ်ဘဝမှာ လူမှုရေးနဲ့ပတ်သက်လို့ အသေးအဖွဲလို့ပြောလို့ရတဲ့ကိစ္စတွေပါ။ ဘာပဲဖြစ်ဖြစ် အနည်းနဲ့ အများဆိုသလို စိတ်အနှောင့်အယှက်ဖြစ်ရတာတော့ သေချာတယ်။

ကျုပ်ဟာ အခုအချိန်မှာ ကျုပ်လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ဦးစီးလုပ်ဆောင်ရတာကတစ်မျိုး၊ အလုပ်သမားတွေ စားဝတ်နေရေးအတွက် စီမံခန့်ခွဲရတာကတစ်မျိုး၊ ဒီကြားထဲမှာ သုတေသန အသင်း အမှုဆောင် အဖွဲ့ဝင်တစ်ယောက်ဖြစ်နေတော့....။

အဲ....ဒါနဲ့ပတ်သက်လို့ ပြောရဦးမယ်။ ကျုပ် ရန်ကုန်တက္ကသိုလ်က မဟာဝိဇ္ဇာတန်း အောင်တဲ့အခါ ဂုဏ်ထူးတွေတစ်သီကြီး ပါလာတယ်။ ကျုပ်ကို တက္ကသိုလ်မှာပဲ ပြန်ပြီး ကျောင်းဆရာလုပ်ဖို့ ပါမောက္ခက ဖျောင်းဖျရှာတယ်။ ဒါပေမဲ့ ကျုပ်ဟာ တက္ကသိုလ်ကျောင်းသားဘဝမှာ ရှိနေစဉ်ကတည်းက မိဘလက်ငုတ် အိမ်အလုပ်တွေကို လုပ်နေပြီ။ ဒီတော့ ပညာတတ်အလုပ်လက်မဲ့လို့ ပြောချင်ပြော။ တတ်တဲ့ပညာတွေကို အသုံးမချတတ်ဘူးလို့ ပြောချင်ပြော။ မိဘလက်ငုတ်ကိုပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ရတယ်။

နောက်ဆုံး ကျုပ်တတ်ထားတဲ့ ပညာတွေကို တိုင်းပြည်အတွက် တစ်နည်းတစ်လမ်းနဲ့ အသုံးချဖို့ ပါမောက္ခက ဖျောင်းဖျလာပြန်တယ်။ သူ့ အစီအစဉ်ကတော့ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က ကြီးမှူးဖွဲ့စည်းထားတဲ့ သုတေသန အသင်းကြီးတစ်ခုမှာ အရေးကြီးတဲ့ တာဝန်တစ်ခုယူဖို့ပဲ။

ကျုပ် လက်ခံလိုက်တယ်။

ကျုပ်မှာက တစ်ခါလာလည်း လုပ်ငန်းကိစ္စ၊ လုပ်ငန်းကိစ္စဖြစ်နေလေတော့ တစ်ခါတလေ ပညာရပ်ဆိုင်ရာ ကိစ္စတွေကို လုပ်ချင်တယ်။ ပြီးတော့ သုတေသနအသင်းမှာ ကျုပ်လုပ်ရတာကလည်း တစ်ပတ်မှ တစ်ရက်နှစ်ရက်၊ အဲဒီ တစ်ရက် နှစ်ရက်မှာလည်း တစ်နာရီ နှစ်နာရီဆိုလေတော့ ကျုပ် လုပ်ဖြစ်သွားခဲ့တယ်။

အဲ့သလို နေ့စဉ်နဲ့အမျှ အလုပ်ကိစ္စ၊ ဒီကြားထဲကပဲ "သုတေသနအသင်းကိစ္စ" တွေနဲ့ ကျုပ်ဘဝဟာ ချာလည် လည်နေခဲ့ရတယ်။

ဒါပေမဲ့ စောစောကပြောသလို နေ့ညမလပ် အလုပ်လုပ်နေရတာကို

mgyoe.com

mgyoe.com


လည်း ကျုပ် ကျေနပ်တယ်။ သူငယ်ချင်းတွေ လာနှိပ်စက်တာကိုလည်း အပျော်အပျက် သဘောထားတယ်။ သုတေသနလုပ်ငန်း လုပ်နေရတာကို လည်း ပညာရပ်တစ်ခုအနေနဲ့ လေးလေးစားစားထားတယ်။

ကျုပ်ဘဝမှာ အနားယူတယ်ဆိုတာဟာ လုပ်စရာ မရှိရင် တစ်ခုခု ရှာကြံလုပ်နေခြင်းပဲ။ ဆိုပါစို့ ကျုပ်ကား ကျုပ်ပြင်တယ်၊ ပန်းပင်စိုက်တယ်၊ နွမ်းပါးသူတွေရဲ့ မသာအိမ်မှာသွားကူတယ်၊ ဒါပဲ။ ဒီလိုနဲ့ပဲ ကျုပ်ဘဝကို ကျုပ် သာယာအောင် နေခဲ့တယ်။ ဒါပေမဲ့ဗျာ....။ ။

mgyoe.com

mgyoe.com

# ၂

ကျုပ်ဘဝ ဘယ်လောက်ခြောက်သွေ့တယ်ဆိုတာ ကျုပ် ခွခေါင်းအုံးကလေးပဲ သိပါတယ်ဗျာ။

× × ×

ကျုပ်ရဲ့ စီးပွားရေး၊ လူမှုရေးအပိုင်းတွေကို ပြောပြီးပြီ။

ပြောဖို့ ကျန်တာက အိမ်ထောင်ရေး၊ မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။ ကျုပ်ဟာ အိမ်ထောင်သည် တစ်ယောက်မဟုတ်ဘူး။ အိမ်ထောင်ရေးဆိုတာ အချစ်ကနေ စတင်ပေါက်ဖွားလာတယ်လို့ ကျုပ်ယုံကြည်ထားတဲ့အတွက် ယောင်ပြီး အိမ်ထောင်ရေးလို့ ပြောမိတာ။ တကယ်တော့ ကျုပ်ဘဝမှာ အချစ်ဆိုတာ မရှိခဲ့ဖူးဘူး၊ မသိခဲ့ဖူးတာလည်း ဖြစ်ချင်ဖြစ်မယ်။

တက္ကသိုလ်ဆိုတဲ့ ပညာရေးနဲ့အတူ အချစ်ရေးကို မသင်ဘဲနဲ့ တတ်မြောက်စေတဲ့ နေရာဒေသမျိုးမှာတောင် ကျုပ်ဟာ ရည်းစားရယ်လို့ မထားခဲ့ဖူးဘူး။ ထားရလောက်အောင်လည်း ကျုပ်ကို ပြန်ချစ်မယ့်သူ မရှိဘူးလို့ ထင်ခဲ့တယ်။ ဒီလိုပြောတဲ့အတွက် ကျုပ်က ချစ်နေတဲ့သူတွေရှိတယ်ဆိုတာတော့ ဝန်ခံစရာ အထူးမလိုပါဘူး။

mgyoe.com

mgyoe.com


ဘာကြောင့် ကျုပ် ဒီလိုပြောရသလဲ။ ဒါကတော့ ကျုပ် အားနည်းချက်ပဲ။

ကျုပ်ဟာ ပညာတတ်တစ်ယောက်ပဲ။ ရုပ်သဘာဝကို ခံစားလို့ရသလို နာမ်သဘာဝကိုလည်း လေးစားတယ်။ အချစ်ဆိုတာ ရုပ်ကောနာမ်ရော ဆက်စပ်ပေါင်းစည်းထားတဲ့အရာလို့ ကျုပ်နားလည်တယ်။ နာမ်သဘော အလျောက် စိတ်ကူးနဲ့ ကျုပ်ချစ်ခဲ့ဖူးတဲ့ မိန်းမ တက္ကသိုလ်မှာ သုံးယောက်ရှိခဲ့တယ်။ တစ်ယောက်က တက္ကသိုလ်ရောက်ရောက်ချင်း ချစ်တာ။ တစ်ယောက်က ဒုတိယနှစ်ရောက်မှ ချစ်မိတာ။ တတိယတစ်ယောက်ကျတော့ ကျုပ် မဟာဝိဇ္ဇာတန်းတက်မှ ချစ်တာ။

ပထမတစ်ယောက်....။

"ကို့ကို ဒီဘဝမျိုးနဲ့ ရေရှည်မချစ်နိုင်မှာ ကြောက်တယ်"

"ကို့ရဲ့ ရုပ်အဆင်းအင်္ဂါကြောင့် ပြောတာလား ကိုရယ်။ ရုပ်ဆင်းအင်္ဂါဆိုတာ ငွေကြေးတတ်နိုင်ရင် ပြုပြင်လို့ရပါတယ်။ ဒါပေမဲ့ အဲဒီငွေကြေးဟာတောင် ချစ်ခြင်းမေတ္တာမှာ အရာမထင်ဘူးလို့ ဆရာ့ဆရာတွေ ပြောခဲ့တယ် မဟုတ်လား။ ဒီတော့ ကို့ရဲ့ရုပ်ဆင်းဟာ မိသီရဲ့အချစ်မှာ အရာဝေးလို့ အရိပ်တောင် မထင်နိုင်ပါဘူးကွယ်"

အဲသလို ကျုပ်ကို ညွှန့်ပေ့ခက်ပေ့ဆိုတဲ့ ချစ်စကားတွေ ပြောခဲ့တဲ့ မိသီတာထွန်းဟာ တက္ကသိုလ် ပထမနှစ် မကုန်ခင်မှာဘဲ ကျုပ်ရင်ဘတ်ကို စုံကန်ပြီး ခွဲခွာသွားခဲ့တယ်။

× × ×

ဒုတိယတစ်ယောက်.....။

ကြောက်သွားပါပြီ။

ဒါပေမဲ့ ကြောက်တာကတခြား၊ ချစ်တာကတခြားကိုး...။

ချစ်လိုက်မိတယ်။ ဒါပေမဲ့ ချစ်ရေးမဆိုဖြစ်ခဲ့ဘူး။ အရင်ကလိုပဲ ကျုပ်အချစ်ကို သူကပြန်ပြီး လက်ခံလိုက်မှာစိုးလို့။ လက်မခံရင်တော့ ကောင်းတာပေါ့ဗျာ။ လက်ခံပြီးမှ အခွဲခွာခံရတာဟာ ရပြီးသားပစ္စည်း ပြန်ပျောက်သွားသလိုပဲ ဖြစ်လိမ့်မယ်။

mgyoe.com

မမအေးကို ကျုပ်ဖွင့်မပြောဘဲ နေလိုက်တယ်။

ကျုပ်သိသွားပဲ။ ကျုပ်စိတ်ဝင်စားသလို သူလည်း ကျုပ်ကို စိတ်ဝင်စားနေတယ်ဆိုတာ။ မျက်လုံးဆိုတာ နှလုံးသားရဲ့ပြတင်းပေါက်မို့ သူ့မျက်လုံးကိုကြည့်ရုံနဲ့ သူ့နှလုံးသားကို ကျုပ်သိခဲ့သွားပဲ။

ဒီလိုနဲ့ပဲ ကံ့ကော်တွေ သုံးကြိမ်ပွင့်ပြီးခဲ့ပါပကော.....။

အဲဒီသုံးနှစ်အတွင်းမှာ မမအေးနဲ့ ကျုပ်ဟာ တတွဲတွဲ သွားသွားနေဖြစ်ခဲ့ကြတယ်။ ဒါပေမဲ့ အချစ်နဲ့ ပတ်သက်လို့ဘာမှ တိတိပပ ပြောမဖြစ်ခဲ့ကြဘူး။

အဲသလို ဝစီကံအလျောက် ပြောမဖြစ်ကြပေမယ့် မနောကံအလျောက်တော့ တစ်ယောက်စိတ်ကို တစ်ယောက် သိထားဖြစ်ခဲ့ကြတယ်။

ကာယကံအလျောက်လည်း ကိုယ်ထိလက်ရောက် ကျူးလွန်မိဖူးတာတွေလည်းပါတယ်။ တခြားဟာတော့ ကျော်မတွေးလိုက်ကြပါနဲ့ဗျာ။ သွားရင်းလာရင်းကပဲ တစ်ယောက်လက်ကိုတစ်ယောက် မတော်တဆ ကိုင်မိကြတာလောက်ပါ။

ဒီလိုနဲ့ သူနဲ့ကျုပ် နောက်ဆုံးတွေ့ရတဲ့နေ့ကို ရောက်လာတယ်။ စတုတ္ထနှစ်ဘွဲ့ယူ စာမေးပွဲဖြေရတဲ့ နောက်ဆုံးနေ့။

"မမ နက်ဖြန်မြို့ကိုပြန်ရမယ်"

"ဟုတ်ကဲ့ပါမမ"

"မင်းကို ပြောစရာတစ်ခုရှိတယ်"

"ပြောပါမမ"

"မင်းကို မမသနားတယ်"

"ကိုယ့်ဘဝနဲ့ကိုယ်ပဲ မမရယ်...."

"ဘဝဆိုတာ ကိုယ်တစ်ယောက်တည်းနဲ့ ဆိုင်တဲ့ကိစ္စမဟုတ်ဘူး မောင်မောင်"

"ဒါဖြင့်ရင် ကျွန်တော့်ဘဝမှာ မမ ဘာဝင်လုပ်ပေးနိုင်မှာလဲ"

"မောင်မောင့်အတွက် မမဘာလုပ်ပေးရမလဲဟင်"

ဆည်တံခါးပေါက်ကို သူဖွင့်ဖို့ကြိုးစားနေတယ်။ ကျုပ်ရဲ့ မေတ္တာရေအလျှင်ကို ဝေါခနဲစီးချလိုက်ရုံပဲရှိတော့တယ်။ ဒါပေမဲ့ ကျုပ်ကြောက်တယ်။

mgyoe.com

mgyoe.com


ကျုပ် အချစ်နဲ့ပတ်သက်လို့ သူ့ကိုမပြောဖြစ်အောင် ကျုပ်ပါးစပ်ကို ကျုပ် မနည်းပိတ်ထားလိုက်ရတယ်။

"ပြောလေ မောင်လေးရဲ့"

ကျုပ် သေသေချာချာစဉ်းစားတယ်။ ပြီးတော့ ဆုံးဖြတ်တယ်။

"မပြောတော့ဘူး မမ"

မမအေးဟာ ဥလာတဲ့ မျက်ရည်တွေနဲ့အတူ ကျုပ်အနားကို တဖြည်းဖြည်းကပ်လာတယ်။ ကျုပ်ပါးကို ယုယုယယကိုင်လိုက်တယ်။ အမှတ်မထင်မှာပဲ သူ့ရဲ့ နုထွေးတဲ့ လက်ဖဝါးဟာ ကျုပ်ပါးပြင်ပေါ်ကို ဖျောင်းကနဲ ကျလာတယ်။ ကျုပ်အံ့သြနေတုန်းမှာပဲ သူလှည့်ထွက်သွားတယ်။ သုံးနှစ်လုံးလုံး ချစ်ခဲ့ကြပါလျက်နဲ့ ဖွင့်မပြောဖြစ်ခဲ့ကြတဲ့ သံယောဇဉ်နှောင်ကြိုးကို တစ်ချက်တည်း ဖြတ်တောက်သွားလိုက်တဲ့သဘောမျိုးပါပဲ။

စာရေးဆရာငြိမ်းကျော်ရဲ့ စွန်လွှတ်တဲ့အကြောင်းရေးထားတဲ့ ဝတ္ထုကြီးထဲကလို စွန်ကြိုးကို လျှော့ရင်း လျှော့ရင်းနဲ့ နောက်ဆုံး ဆွဲတင်းလိုက်တဲ့အခါမှာ တိခနဲပြတ်သွားတဲ့သဘော။

သုံးနှစ်သုံးမိုး စိတ်ကူးနဲ့ ချစ်ခဲ့ရတဲ့ မမကို အဲ့ဒီနေ့ကစပြီး နောက်ထပ် ကျုပ် မတွေ့ရတော့ဘူး။

× × ×

တတိယတစ်ယောက်။

ပထမတစ်ယောက်တုန်းက ချစ်လို့ချစ်တယ်ပြောတယ်။ သူက ပြန်ချစ်တယ်။ နောက် စွန့်ခွာသွားတယ်။

ဒုတိယတစ်ယောက်ကျပြန်တော့ ချစ်ပါလျက်ကယ်နဲ့ စွန့်ခွာသွားမှာကြောက်လို့ မပြောရက် ဖြစ်ခဲ့ရတယ်။ ဒီတော့လည်း စွန့်ခွာသွားပြန်ရော။

ခု တတိယတစ်ယောက်။

ကျုပ် မဟာဝိဇ္ဇာတန်းတက်နေတုန်း တွေ့ရသူ။

ချစ်တယ်...။

ဒါကြောင့် ဟာကွာ....ချစ်တာဟာ ချစ်တာပဲပေါ့။ ရုပ်တွေ နာမ်တွေ၊ ပညာတွေ၊ ဂုဏ်ပကာသနတွေ၊ သဘာဝတရားတွေဆိုတာတွေကို ခေါင်းထဲ

mgyoe.com

mgyoe.com


မထားတော့ဘဲ ရိုးရိုးသားသား မကျိုးမစားနဲ့ ဖွင့်ပြောမိခဲ့တယ်။ သူလည်း ကျုပ်လို မဟာဝိဇ္ဇာတန်းသားပဲ။

"မချိုကို ကျုပ်ချစ်တယ်။ လက်ထပ်ချင်တယ်"

"အို....ရှင့်လိုဒုက္ခိတတစ်ယောက်ကို ကျွန်မ တစ်သက်လုံး ဘယ့်နှယ် လုပ် ပေါင်းသင်းနေသွားရမှာလဲ"

ကိုင်း မှတ်ကရောပေါ့ဗျာ။

ဟုတ်တယ်။ ကျုပ်ဟာ ဒုက္ခိတတစ်ယောက်ပဲ။ ဒါကို အစက ကျုပ် ဖွင့်မပြောခဲ့မိတာ ခွင့်လွှတ်ကြပါ။ ကျုပ် ရန်ကုန်တက္ကသိုလ်မရောက်ခင် ဆယ်တန်းကျောင်းသားဘဝမှာပဲ ကားတိုက်လို့ ဒဏ်ရာရခဲ့တယ်။ ခြေ ထောက်တစ်ဖက် သွင်သွင်ကျိုးသွားတယ်။ ကျိုးသွားတဲ့အရိုးကို ပြန်ဆက် နိုင်ခဲ့ပေမယ့် ချွတ်ယွင်းသွားတဲ့ အကြောတစ်ချောင်းကို ဘယ်လိုမှပြန်ပြီး အစားထိုးလို့မရခဲ့ဘူး ဖြစ်ခဲ့ရတယ်။

အဲ့ဒီ ခြေထောက်ဟာ တဖြည်းဖြည်းသိမ်ပြီး ဆတ်ခေါက်လိုက်လာခဲ့ တယ်။ နောက်ဆုံး ချိုင်းထောက်ကို အားကိုးပြီး သွားတဲ့ဘဝမျိုး ရောက်ခဲ့ ရတယ်။

အချစ်ဆိုတာ နာမ်သဘော စိတ်ကူးယဉ်သဘောတင် မကဘဲ ရုပ် သဘောပါ ပါတယ်ဆိုတာ ကျုပ် နားလည်လိုက်ရတော့တယ်။

အချစ်နဲ့ ပတ်သက်လို့.....။

ယောကျ်ားတစ်ယောက်အနေနဲ့ ပြောရရင် မိန်းမနဲ့ ပတ်သက်လို့ အဲဒီ အချိန်ကစပြီး ကျုပ် ကင်းကွာခဲ့ရတယ်။ မယုံလို့ရှိရင် ကျုပ်နဲ့အတူ အိပ်တဲ့ ကျုပ်ရဲ့ ခွခေါင်းအုံးလေးကိုသာ မေးကြည့်ကြပါတော့ဗျာ။ ။

mgyoe.com

mgyoe.com

# ၄

ကျုပ်ဘဝအတွက် လိုအပ်နေတဲ့ ခွခေါင်းအုံးလေးနေရာကို အစားထိုးနိုင်မယ့် ကိစ္စတစ်ခုဟာ တစ်နေ့တော့ အမှတ်မထင်ဘဲ ကျုပ်ဆီကို တန်းတန်းမတ်မတ် ရောက်လာခဲ့တယ်။

ကျုပ်ဘဝမှာ လိုအပ်နေတဲ့ကိစ္စ တစ်ခု၊ ပွင့်ပွင့်လင်းလင်း ပြောရရင် အချစ်ကိစ္စပေါ့ဗျာ။ အဲသလို အမှတ်မထင် ရောက်လာရခြင်းနဲ့အတူ ပြဿနာတစ်ခု ကျုပ်ဆီကို ထပ်ရောက်လာသလိုပါပဲ။ ဆိုလိုတာက ကျုပ်တို့ ပညာတတ်စကားနဲ့ ပြောရရင် အချစ်ဆိုတာ ရက်ရာဇာနဲ့ ပြဿဒါး တစ်ထပ်တည်းကျရောက်ခြင်းလို့ ကျုပ်ယူဆထားလို့ပဲ။

တက္ကသိုလ်မှာ ရှိနေစဉ်ကာလက တွေ့ခဲ့ရတဲ့ ကျုပ်ချစ်သူသုံးယောက်စလုံး မေ့ထားခဲ့ပြီးတဲ့နောက် နှစ်အတော်ကြာတဲ့အခါ ကျုပ်ဆီကို ကောင်းသောလာခြင်းလား၊ မကောင်းသောလာခြင်းလား မသိဘူး။ ချစ်ရမယ့်လူ တစ်ယောက် ရောက်လာတယ်။

နိုင်ငံရေးစကားနဲ့ အထူး သံတမန်လို့ပဲ ပြောရမလား။ လူပြိန်းစကားနဲ့ ပွဲစားလို့ပဲ ပြောရမလား၊ ရိုးရာစကားနဲ့ အမှောင့်ပယောဂဆရာလို့ပဲ ပြောရမလား၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ ဆွေဆိုးမျိုးဆိုးကိစ္စတစ်ခုလို့

mgyoe.com

mgyoe.com

ပဲ ပြောရမလားတော့ မသိဘူးဗျာ။

တစ်နေ့မှာ ကျုပ်ဆီကို လေးငါးဝမ်းကွဲလောက် တော်တဲ့ကြီး ဒေါ်တစ်ယောက် ရောက်လာခဲ့တယ်။ သူဟာ ရန်ကုန်မြို့နဲ့ မိုင်သုံးရာလောက် ဝေးတဲ့ တောရွာကလေးတစ်ရွာက လာခဲ့ရရှာတာဖြစ်တယ်။

"အဒေါ့်ကို ဘယ်လိုမှလဲ သဘောမထားပါနဲ့ မောင်ဖိုးဦးရယ်"

"မထားပါဘူး..... မထားပါဘူး.... ပြောမှာသာ ပြောပါ"

"အေး.... အဒေါ့်မှာလည်း အရေးရယ် အကြောင်းရယ်ဆိုလို့ မင်းပဲရှိတာမို့ မင်းဆီပဲ အပူကပ်ရမှာပဲ"

"ပြောပါ ဒေါ်ဒေါ် ဘယ်လောက်လိုလို့လဲ၊ ကျွန်တော် ပေးမှာပေါ့၊ ပေးရမှာပေါ့"

"ပေးဖို့မလိုပါဘူး ငါ့တူရယ်၊ ယူဖို့ပါ"

"ဗျာ....ယူဖို့....ယူဖို့....ဟုတ်လား"

"အေး.....ဟုတ်တယ်၊ အဒေါ် မင်းဆီက တောင်းချင်တဲ့ အကူအညီဟာ အဒေါ်ပေးတာကို ပင်းယူဖို့ပဲ"

"အဒေါ်ပြောတာတွေ ကျွန်တော် ဘာမှ နားမလည်ဘူး"

"ဒီလိုကွယ်.... ဟောဒါ အဒေါ်တို့မြို့ကပဲ၊ အဒေါ့်ယောကျ်ားဘက်က သုံးလေးဝမ်းကွဲလောက်တော်တဲ့ ဆွေမျိုးတစ်ယောက်"

"အဒေါ့် ယောကျ်ားနဲ့မှ သုံးလေး ဝမ်းကွဲဆိုတော့ ကျွန်တော်နဲ့ ဆယ့်ငါးဝမ်းလောက်ကွဲမှာပေါ့၊ ဟား.....ဟား.....ဟား"

ပြောဆိုရယ်မောရင်းနဲ့ပဲ ကျုပ် အဒေါ့်ဘေးမှာ ထိုင်နေတဲ့ မိန်းကလေးကို ကျုပ် သတိထားကြည့်လိုက်တယ်။ နံပါတ်တစ်အနေနဲ့ မိန်းကလေးရဲ့ ရိုးသားဖြူစင်တဲ့ မျက်နှာလေးကို သတိထားလိုက်မိတယ်။ ပြီးတော့ တုတ်တုတ်ခိုင်ခိုင်ရှိတဲ့ လက်မောင်းသားလေးကို သတိထားမိတယ်။ ကျုပ်ကို ခင်ဗျားတို့အနေနဲ့ တစ်မျိုးတစ်မည် တလွဲထင်ချင်လည်း ထင်ကြပေတော့။ သူ့ရဲ့ ဗိုက်ခေါက်ထူထူလေးကိုလည်း သတိထားလိုက်မိတာ ဝန်ခံပါတယ်။ ဒါကတော့ဗျာ သူသူငါငါ ယောကျ်ားတွေဟာ ဒီလိုပဲပေါ့။

တစ်ခုရှိတာက ဘယ်လောက်လှတဲ့ မိန်းမဖြစ်ဖြစ် ယောကျ်ားတစ်ယောက်ကို မျက်လုံးကတစ်ဆင့် ဟိုး....ရင်ထဲအထိ ရောက်သွားအောင်
mgyoe.com

mgyoe.com


ထိခိုက်စေနိုင်တဲ့ အရည်အချင်းဆိုတာ တော်တော်ရှားသားကလား။

အဲဒီ ကောင်မလေးကတော့ ကျုပ် သူ့ကို ကြည့်နေတဲ့ အချိန်မှာပဲ ရှက်ကိုးရှက်ကန်းနဲ့ မျက်လွှာကလေးတစ်ချက် လှန်ကြည့်လိုက်တာဟာ ကျုပ် မျက်လုံးက တစ်ဆင့် ကျုပ် ရင်ထဲအသည်းထဲအထိ ကွေ့ကောက်လိမ်ပတ်ပြီး ဝင်သွားတော့တယ်။ ဘယ်လိုကြီးမှန်း မသိပါဘူးဗျာ။

တက္ကသိုလ်မှာ ကျုပ်တွေ့ခဲ့ဖူးတဲ့ ပညာတတ်ဆန်တဲ့ ဟန်ဆောင်တဲ့ အကြည့်တွေနဲ့ လုံးဝကို မတူဘူး။ သူကလေးက ရိုးရိုးသားသား ကြည့်လိုက်ပေမယ့် ကျုပ်အဖို့မှာတော့ ထူးထူးခြားခြား ဖြစ်သွားရတယ်။ ဘာဖြစ်သွားတယ်ဆိုတာတော့ ကျုပ်မပြောတတ်ဘူး။

အချစ်ဆိုတာ ရုပ်နဲ့နာမ် နှစ်ခုလုံးနဲ့ ဒွေးရောယှက်တင် ပေါင်းစပ်နေတဲ့ အရာလို့ ယုံကြည်ထားတဲ့အတွက် အချစ်ကို မေ့လျော့နေတဲ့ ဒုက္ခိတ ကျုပ်ဟာ အချစ်ကို ပြန်လည်တွေ့လိုက်ရတယ်လို့ ပြောရမလား မသိဘူး။ ပညာတတ်တစ်ယောက်ပီပီ ကိုယ်လိုရာ ကိုယ်ဆွဲတွေးပြီး ကိုယ့်ဘက်ကိုယ်ယက်တဲ့သဘောလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်လေ။

ဘာပဲဖြစ်ဖြစ် ရိုးရိုးသားသား ပြောကြကြေးဆိုရင်တော့ ဒီမိန်းကလေး အကြည့်နဲ့ ကျုပ်အကြည့် ဆုံလိုက်ကြတဲ့အချိန်မှာ လောကကြီးဟာ တစ်စုံတစ်ခု ပြောင်းလဲသွားတယ်လို့ ကျုပ်ထင်လိုက်မိတယ်။

ကျုပ်မျက်လုံးအစုံကို မိန်းကလေးဆီကနေပြီး ကျုပ်စိတ်ထဲ ဘယ်လိုမှ ထိခိုက်ပျော့ရွှင် လှုပ်ရှားသွားဖို့ မဖြစ်နိုင်တဲ့ ကျုပ် ကြီးဒေါ်ရဲ့ မျက်နှာကြီးဆီကို လွှဲလိုက်ရတယ်။

"ကဲ....အဒေါ် ဆက်ပါဦး"

"ဒီလိုကွယ်၊ ဒီကလေးမဟာ အခြေခံပညာ ရှစ်တန်းအထိ စာသင်ဖူးတယ်။ တို့မြို့က နွမ်းပါးတဲ့ မိသားစုတစ်စုထဲကဆိုပါတော့။ သူ ရှစ်တန်းရောက်တဲ့ နှစ်မှာပဲ သူတို့မိသားစုရဲ့ စီးပွားရေးအခြေအနေဟာ ရုတ်တရက်ဆိုသလို ဆိုးသထက် ဆိုးလာတဲ့အတွက် ကျောင်းထွက်လိုက်ရတယ်။ သူ့အဖေ ဆုံးပါးသွားလို့ သူနဲ့ သူ့အမေဟာ ရရာအလုပ်ကိုပဲ လုပ်ကိုင်ရင်း ဝမ်းကျောင်းခဲ့ရတယ်။ ဒီလိုနဲ့ နောက်ပိုင်း သူ့အမေကိုယ်တိုင်ပါ နာတာရှည်ရောဂါစွဲလာလို့ နီးစပ်ရာ ဆွေမျိုးတွေက ကြည့်ရှုစောင့်ရှောက်ထား

mgyoe.com

mgyoe.com


လိုက်ရတယ်။ ဒီကလေးမဘဝဟာ တော်တော်ဆိုးပါတယ်ကွယ်"

"ဘယ်လိုဆိုးတာလဲအဒေါ်"

"စောစောကပြောသလိုဆိုးတာကွဲ့"

"စောစောကပြောသလို...ဟုတ်လား....အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမလဲ"

ဒီစကားကို ပြောမယ့်သာ ပြောလိုက်ရတယ်။ ကျုပ်စိတ်ထဲမှာတော့ ရှေ့တိုး နောက်ငင်ဖြစ်နေတယ်။ ဆိုလိုတာက ဒီမိန်းကလေးကို မြင်မြင်ချင်း ကျုပ်ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရတဲ့အတွက်ကြောင့် လက်လွှတ်လည်း မခံနိုင်ဘူး။ ဒါ မရိုးသားတဲ့စိတ်ကို ရိုးရိုးသားသား ပြောပြတာ။ နောက်တစ်ကြောင်းက ဘယ်သူမှန်းမသိ၊ ဘယ်ကမှန်းမသိတဲ့လူတစ်ယောက်ကို ကျုပ်အိမ်ပေါ် ခေါ်တင်ထားရမယ့်အလုပ်ကိုလည်း သိပ်မကြည်ဖြူချင်လှဘူး။

ဘာ့ကြောင့် ဒီလိုပြောရလဲဆိုတော့ ရိုးရိုးသားသား မိန်းကလေးတစ်ယောက်ကို တစ်နယ်တစ်ကျေးကနေ ကျုပ်ကြီးဒေါ်က ဒီကို ခေါ်လာပြီဆိုကတည်းက ကျုပ်အိမ်မှာ လိုသုံး မယ်သုံးထားဖို့ဆိုတာ ကျုပ် နားလည်ပြီးသား ဖြစ်နေတယ်။

"ဒီလိုပါ ငါ့တူရယ်.... ဒီကလေးမကို မင်းအိမ်မှာ ထားခဲ့ချင်တယ်။ မင်းကလဲ လူပျိုကြီး တစ်ကိုယ်တည်းဆိုတော့...."

"ဟာ.... အဒေါ် ဘာတွေ လျှောက်ပြောနေတာတုံး"

ကျုပ်ရော ကျုပ်ကြီးဒေါ်ရော ကလေးမပါ သုံးယောက်စလုံး ရှက်ကိုးရှက်ကန်း ဖြစ်သွားကြတယ်။ အဒေါ်လည်း သူ့စကားအမှားကို သူရိပ်မိပြီး တဟဲဟဲ.... ရယ်တော့တာပဲ။

"မဟုတ်ဘူး... မဟုတ်ဘူး....အဒေါ်ဆိုလိုတာက မင်းဟာ တစ်ကိုယ်တည်းသမားဖြစ်တဲ့အတွက်ကြောင့် ဘာပဲဖြစ်ဖြစ် ကူဖော်လောင်ဖက်၊ အေး ....မိန်းမတွေသာ တတ်ကျွမ်းတဲ့ အလုပ်မျိုးပေါ့ကွယ်၊ လုပ်ဖို့သူ့ကို ဒီမှာ ထားခဲ့ချင်တယ်။ အိမ်မှာပဲ ထမင်းစားခိုင်း၊ တစ်လငါးဆယ်၊ ခြောက်ဆယ် လောက်ပေး မင်းစေတနာရှိရင် အဝတ်အစားလေးဘာလေး ဆင်ပေး၊ ဒါ လောက်ပါပဲ"

mgyoe.com

mgyoe.com


"ကျွန်တော့်မှာ ဒေါ်သြဘာရှိနေသားပဲ"

ပြောမယ့်သာ ပြောလိုက်ရတယ်။ စောစောကပြောသလို 'အေးကွယ်.... မင်း အလိုမရှိရင်လဲပြီးတာပါပဲ' ဆိုပြီး မိန်းကလေးကို ပြန်ခေါ်သွားမှာ ကြောက်နေတယ်။ ဘယ်လိုကြီးမှန်းလဲ မသိပါဘူးဗျာ။

"အေးလေ သြဘာရှိတာလည်းမှန်ပါတယ်။ ဒါပေမဲ့ သြဘာဟာ ပန်းခြံစောင့်မိန်းမပဲ။ တရားဝင်ကူဖော်လောင်ဖက်မှ မဟုတ်ဘဲ"

အတိုချုပ်ကတော့ဗျာ.....ကောင်မလေးကို ကျုပ်လက်ခံလိုက်ဖြစ်တယ်။

လက်ခံလိုက်ဖြစ်တယ်ဆိုတဲ့ နေရာမှာတောင် ကျုပ်နဲ့ ကျုပ်ကြီးဒေါ်နဲ့ အချီအချ စကားအတော်ကြီး ပြောယူရတယ်။ အဲ့သလိုပြောတဲ့နေရာမှာ လည်း ဒီမိန်းကလေးကို တာဝန်ကြီးတစ်ရပ်အနေနဲ့ ခေါ်ထားရတာကြောင့် ရေရှည်မှာ ပြဿနာတွေ ဖြစ်လာမှာကို စိုးတယ်၊ ဘာညာဆိုတဲ့သဘော မျိုးလဲ ရောက်အောင် ပြီးတော့.... ဒီမိန်းကလေးကို လက်လွှတ်မခံနိုင်တဲ့ စိတ်ကြောင့် မတတ်သာလို့ပဲ လက်ခံလိုက်ရသလိုလို အလိမ္မာသုံးပြီး စကား ပြောလိုက်ရတယ်။

အေးဗျာ.....ဟို အကောင် သန်းဆောင်အကြောင်း ပြောတုန်းက ပညာ တတ်မို့လို့ ဘာညာဆိုပြီးပြောခဲ့ပေမယ့် ကျုပ်ကိုယ်တိုင်ကလဲ ပညာတတ် တစ်ယောက်ပီပီ.....ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့ စကားမျိုး၊ လိမ်နည်းမျိုး ဆိုပါစို့ ပြောတတ်နေပါပကော။

"သြဘာရေ....သြဘာ"

သြဘာရေ....လို့ ခေါ်လိုက်တဲ့ မိန်းမကြီးဟာ ကျုပ်အဖေလက်ထက် ကတည်းက နေခဲ့တဲ့ ကျုပ်တို့ခြံစောင့်ရဲ့ မိန်းမ။ ကျုပ်အဒေါ် အရွယ်လောက် ရှိတဲ့ မိန်းမကြီးကို ဘာကြောင့် "သြဘာ"လို့ခေါ်လိုက် ရသလဲဆိုရင် ငယ် နိုင်မို့လို့ပါပဲ။ ငယ်နိုင်ဆိုပေမယ့် ကျုပ်က ငယ်နိုင်မဟုတ်ပါဘူး။ သူက ကျုပ်ကိုငယ်နိုင်ပါ။ ကျုပ်ငယ်ငယ်ကတည်းက သူ့လက်ပေါ်မှာကြီးခဲ့ရတာ ကိုး။ ဒါကြောင့် ကျုပ်ကသူ့ကို နွဲ့ဆိုးဆိုးတဲ့အနေနဲ့ "သြဘာ"လို့ ခေါ်ခဲ့ တာ နှုတ်ကျိုးနေပြီ။

"ကိုင်းဆို....ဘာတုန်း"

"ဒီမိန်းကလေးကို သြဘာတို့နေတဲ့ တန်းလျား၊ သြဘာတို့နဲ့ကပ်ရက်

mgyoe.com

mgyoe.com


အခန်းမှာ နေရာချထားပေးလိုက်ပါ"

ဩဘာက မိန်းကလေးကို ခပ်စိန်းစိန်း ကြည့်လိုက်တယ်။ သူဆက်ပြီး စကားမရှည်ခင်မှာပဲ"ကဲ....ကဲ ကလေးမ ဒီအဒေါ်နဲ့ လိုက်သွားချေ" လို့ အမြန်ဆုံး ခိုင်းလိုက်ရတယ်။

"ကိုင်း....နောက်ထပ် ဘာလိုသေးလဲ အဒေါ်"

"ထုံးစံအတိုင်း အဒေါ်ပြန်ဖို့ လမ်းစရိတ်နဲ့.... ဒီကလေးမရဲ့ နာတာရှည် မိခင်ကြီးအတွက် ကလေးမရဲ့ လခ တစ်လခကို ကြိုတင်ပေးလိုက်ဖို့ပါပဲ"

"ဘယ်လောက် ပေးရမှာလဲ"

"အိမ်မှာ ထမင်းကျွေးထားပေါ့ကွယ်၊ ငါးဆယ်ပေးလိုက်ပါလား"

ကျုပ်ဘာမှ အတွန့်မတက်တော့ဘူး။

"ရော့.....၂၀၀"

"ဟေ....တစ်ရာတောင်မှပဲ အဒေါ့်မှာ အမ်းစရာမရှိဘူး"

"မဟုတ်ပါဘူး။ တစ်ရာ အဒေါ်ယူ၊ တစ်ရာက သူ့မိဘတွေ ပေးလိုက်။ အဲ..... တစ်ခုပဲ နောက်ထပ်တစ်ယောက် ကျွန်တော့်ဆီ ထပ်ခေါ်မလာနဲ့တော့" ကျုပ်ကြီးတော် ထိုင်ရာက ထတယ်။

"အော်....နေစမ်းပါအုံး အဒေါ်...ကလေးမနာမည်က"

"သွယ်လေးတဲ့ကွယ်..."

"အော်....သွယ်လေး ဟုတ်လား"။ ။

mgyoe.com

mgyoe.com

# ၂

"သွယ်လေး"

"ရှင် လာပါပြီ အစ်ကိုကြီး"

"ငါခေါ်နေတာကြာပြီ ဘာလုပ်နေသလဲ၊ မကြားဘူးလား"

"ကြားပါတယ်အစ်ကိုကြီး"

"ကြားရင် ဘာလို့မထူးတာလဲ"

"ထူးပါတယ်အစ်ကိုကြီး၊ အစ်ကိုကြီးက မကြားလို့ပါ"

"ဟေ....ဟုတ်လား....ဒါဆိုလဲပြီးရော"

သွယ်လေးဟာ ကျုပ်ရှေ့စားပွဲပေါ်မှာ ကရင်ဆိုဒါဖန်ခွက်တစ်ခွက်၊ ရေခဲက ပန်းကန်လုံးတစ်လုံးနဲ့ သပ်သပ်ချပေးတယ်။ ပန်းကန်ပြားလေးတစ်ချပ်နဲ့က သံပရာသီးတစ်စိတ်။

"ဒါတွေ ဘာလုပ်ဖို့လဲ၊ ဘယ်သူကလုပ်ခိုင်းတာလဲ"

ကျုပ်က မသိချင်ယောင်ဆောင်ပြီး အိုက်တင်တခွဲသားနဲ့ မေးလိုက်တယ်။

"အစ်ကိုကြီးအတွက်ပါရှင့်၊ ဒေါ်လေးညြဘာ လုပ်လုပ်နေတာတွေ့လို့ပါ"

mgyoe.com

 mgyoe.com 

"ဘယ်အချိန်မှာ လုပ်ရမယ်ဆိုတာ သိလို့လား"

ရှက်လည်း ရှက်ပါရဲ့ဗျာ။ သိသိကြီးနဲ့ မသိဟန်ဆောင်နေရတာ။ ကျုပ်မလဲ လူကြီးတန်မဲ့နဲ့။

ကျုပ်ဟာ အလုပ်ကပြန်လာရင် ကရင်ဆိုဒါကို သံပုရာသီးတစ်စိတ်ညှစ်ထည့်ပြီး ရေခဲကလေးနဲ့ တစ်ဖန်ခွက် သောက်လေ့ရှိတယ်။ အဲ့ဒီအခါမှာလည်း သံပရာသီးကို သူများလက်နဲ့ညှစ်ယူလာတာမကြိုက်ဘူး။ ရေခဲကိုလည်း တစ်ခါတည်း ရောလာတာမကြိုက်ဘူး။ ကျုပ်က ကျုပ်အတွေးနဲ့ကျုပ် စဉ်းစားနေတုန်း ရေခဲပျော်သွားရင် အရသာပျက်တယ်။ ဒါကြောင့် ရေခဲသပ်သပ်၊ သံပရာစိတ်သပ်သပ်။ ကျုပ်စိတ်ကြိုက် စပ်သောက်တယ်။

ဘာပဲဖြစ်ဖြစ် အဲ့သလို အရိပ်အခြေကြည့်ပြီး လုပ်တတ်တာလေးတွေကို ကျုပ် သဘောကျမိတယ်။

ဒါပေမဲ့ အဲ့သလို ကျုပ် ကျိတ်ပြီး ကျေနပ်နေတာကိုလည်း သူမသိစေချင်ဘူး။ ဒါကြောင့် ဟိန်းလား ဟောက်လားနဲ့ ကြဲဖန် ဖုံးကွယ်နေမိတာပဲ။ မကောင်းပါဘူးဗျာ။ ကျုပ်တို့ပညာတတ်တွေ။

သူကလေးခမျာမတော့ ဘာမှမသိရှာဘူး။ ရိုးရိုးသားသားပဲတွေးပြီး လုပ်ကိုင်နေရှာတယ်။ ကြောက်ရှာလိုက်တာလည်း တုန်လို့။

ဒါမျိုးအဖြစ်တွေက သွယ်လေးအိမ်ရောက်ပြီးစ လပိုင်းအတွင်းမှာဖြစ်တဲ့ကိစ္စ အသေးအဖွဲလေးတွေ....။

လ ပိုင်းကနေ နှစ်ပိုင်းကူးလာတော့ သူနဲ့ကျုပ် ပိုရင်းနှီးလာခဲ့တယ်။ ဆိုပါစို့....။

"သွယ်လေးရေ...."

"ရှင်....အစ်ကိုကြီး...."

"လာစမ်း...."

ကျုပ်လက်ထဲမှာ ပါလာတဲ့ အထုပ်နှစ်ထုပ်ကို ပစ်ပေးလိုက်တယ်။

"ဘယ်မှာ သိမ်းရမလဲ အစ်ကိုကြီး"

"မင်းဖို့ ဝယ်လာတာ"

"ရှင်...."

"အေး...ငါ့စက်ရုံက အလုပ်သမတွေအတွက် ဘောက်ဆူးပေးဖို့

mgyoe.com

ဒီနေ့ ကုန်တိုက်မှာ အဝတ်စတွေဝယ်ရင်း သွယ်လေးအတွက်ပါ တစ်ခါတည်း ရောဝယ်လာတာ"

ကျုပ် ရှက်လိုက်တာဗျာ။ ဒီစကားတွေ ကျုပ်ပြောနေတုန်းမှာ ဩဘာဟာ မလှမ်းမကမ်းမှာ ရှိနေတယ်။ သူက ပြုံးစေ့စေ့လုပ်တယ်။ ဒါပေါ့ ကျုပ်လိမ်နေတာ သူသိတာကိုး။ သူ့လက်ပေါ်မှာ ကြီးလာတဲ့ ကျုပ်အကြောင်း သူအသိဆုံး။ အလုပ်သမတွေအတွက် ဘောက်ဆူးပေးတိုင်း သူ့(ဩဘာ)အတွက်ပါ ကျုပ် ဝယ်နေကြမဟုတ်လား။ ဒါပေမဲ့ ကျုပ်လိမ်တာကို သူ ကျေနပ်သွားပုံရပါတယ်။ ဘာကြောင့်ဆို ခုအခါမှာ ဩဘာဟာ သူကလေးနဲ့ အလွမ်းသင့်နေကြပြီ။ ရုပ်ရှင်သွားသွား ဘုရားသွားသွား တတွဲတွဲနဲ့။

အဲ.....တစ်ခုပြောစရာ ကျန်နေသေးတယ်။

လွန်ခဲ့တဲ့ လေးငါးလက စပြီး သွယ်လေးကို ကျုပ်အိမ်မှာပဲ ခေါ်ထားတယ်။ မဟုတ်သေးဘူး၊ အထင်မလွဲကြပါနဲ့ ကျုပ်ရှင်းပြပါ့မယ်။

ဒါပေမဲ့ ခေါ်ထားချင်နေတာ ကြာပြီ။ မဟုတ်သေးဘူး။ ကျုပ်မှာ မတရားတဲ့နည်းနဲ့ ကြံစည်ဖို့ စိတ်ကူး လုံးဝမရှိရိုးအမှန်ပါ။

ဒါပေမဲ့ ကျုပ် မကျေနပ်တာက ဟိုကောင် မောင်အေး၊ ကျုပ်ကားမောင်းတဲ့ ဒရိုင်ဘာ။ ဒီကောင်ဟာ သွယ်လေးနဲ့ မကြာမကြာ စကားပြောနေတတ်တယ်။ ကောင်မလေး ရေချိုးမယ်ဆိုရင်လည်း သူက ခပ်ပေးဖို့ အဆင်သင့်ရောက်နေပြီ။ ခွေးလိုကောင်စား။ ဒါတွေကို ကျုပ်အိမ်ပေါ်ကနေ အမြဲလိုလိုမြင်နေရတယ်။ မသိမသာ ချောင်းကြည့်တာလည်း ပါတာပေါ့ဗျာ။ ဒီအခါတိုင်းမှာ ကျုပ်ရင်ထဲ မကောင်းဘူးဗျာ။

ဒါနဲ့ပဲ တစ်နေ့တော့ အကွက်ကောင်း ဝင်လာပါလေရော။ ဩဘာရဲ့ တူမလေးတစ်ယောက် ယောကျ်ားနဲ့ကွဲလို့ဆိုပြီး ထုံးစံအတိုင်း ကျုပ်အိမ်ကို ရောက်လာလေရဲ့။ ကျုပ်လည်း ဩဘာမျက်နှာကြောင့် ခေါ်ထားလိုက်ရတယ်။ ပထမတော့ အဲဒီကလေးမကိုပါ သွယ်လေးနဲ့အတူ ထားတယ်။ နောက်တော့ မောင်အေးစိတ်မချတာလည်း တစ်ကြောင်း၊ ကျုပ်လည်း သွယ်လေးကို နီးနီးကပ်ကပ်မှာ ထားချင်တာကြောင့် တစ်ကြောင်း၊ ကျုပ်အိမ်အောက်ထပ်မှာ ခေါ်ထားလိုက်တယ်။ မိန်းကလေးနှစ်ယောက်ဆို လူမြင်

mgyoe.com

mgyoe.com

လည်း ကောင်းတာပေါ့လေ။

အဲသလို ကျုပ်ဘက်က မသိမသာဆိုပေမယ့် သိသိသာသာကြီးအမူအကျင့်တွေ ပြောင်းလဲလာတာကို ဩဘာက သတိထားလာမိပုံရတယ်။ သွယ်လေးကလည်း သတိထားလာမိပုံရတယ်။ သွယ်လေးဟာ ကျုပ်ကို အရင်ကလို မဟုတ်တော့ဘဲ ခပ်ရှံ့ရှံ့ ခပ်တန်းတန်း ဆက်ဆံလာတာ တွေ့ရတယ်။

"သွယ်လေး နင်ဘာဖြစ်နေတာလဲ" လို့ ကျုပ်က မေးတော့ "ကျွန်မ ဘာမှမဖြစ်ပါဘူး အစ်ကိုကြီးရဲ့" လို့ ပြန်ဖြေတယ်။

ဟင်း ကျုပ်ကပဲ တစ်ခုခုဖြစ်နေသလိုပေါ့လေ။

အေးလေ ဖြစ်တော့လည်း ဖြစ်နေတာကိုး။ သွယ်လေး ကျုပ်အပေါ်မှာ အဲသလို ခပ်စိန်းစိန်း ဆက်ဆံလာတာ တွေ့ရတော့ အလုပ်ရှင်တစ်ယောက် ဖြစ်ပါရက်နဲ့ ဘာကြောင့်ဝမ်းနည်းပက်လက်ကြီး ဖြစ်ဖြစ်သွားရသလဲ။

ကျုပ်ဟာ အချစ်နဲ့ ပတ်သက်လာရင် ဘာကြောင့် ဒီလောက် ကံခေ ရသလဲ။

ရိုင်းရိုင်းပြောကြကြေးဆိုရင်တော့ သွယ်လေးဟာ ကျုပ်လက်ခုပ်ထဲက ရေ မဟုတ်လား။ အချစ်ဆိုတာ ဘာလဲဗျာ၊ ပိုင်ရဲ့သားနဲ့ မပိုင်ဘူး။

× × ×

တစ်နေ့ ကျုပ် စာကြည့်ခန်းထဲမှာ စာဖတ်နေတုန်း ဩဘာရောက်လာတယ်။ ဩဘာဟာ ကျုပ်ရှိတဲ့နေရာကို ဘယ်တော့မှ ခွင့်တောင်းပြီးဝင်စရာ မလိုဘူး။ သူက ကျုပ်ကို ငယ်နိုင်ပဲ။

"ငါ မင်းနဲ့ စကားနည်းနည်းလောက် ပြောချင်တယ် မောင်ဖိုးဦး"

"ပြောလေ....ဩဘာ"

"တခြား မဟုတ်ပါဘူးကွယ်၊ ငါဟာ စကားကို ပွင့်ပွင့်လင်းလင်းနဲ့ တုံးတိကြီး ပြောတတ်တယ်ဆိုတာ မင်းလည်းသိသားပဲ"

"ဟုတ်ကဲ့.....ဩဘာ ပြောလေ"

"အေး ကောင်မလေးနဲ့ပတ်သက်လို့ မင်းသဘောထား ဘယ်လိုရှိလဲ"

"ဘယ်ကောင်မလေးလဲ ဩဘာ"

mgyoe.com

mgyoe.com


"ငါ့ကို မလိမ်နဲ့ မောင်ဖိုးဦး၊ မင်း သွယ်လေးကို စိတ်ဝင်စားနေတယ် မဟုတ်လား"

"ဟာ....ဩဘာကလဲ"

"ငါ့ကို မလိမ်နဲ့လို့ နင့်ကိုပြောနေတယ်"

ကျုပ် အဖြေရခက်သွားတယ်။ သူပြောတာ မှန်တယ်။ ဩဘာကို ကျုပ် ဘယ်တုန်းကမှ လိမ်လို့မရခဲ့ဘူး။ ကျုပ်ရဲ့ ချေးသေးကအစ သိလာခဲ့တဲ့ ဩဘာပဲ။ ကျုပ် ပညာတတ်စကားကို သုံးလိုက်ရပြန်တယ်။

"သူက ဘာပြောလို့လဲ ဩဘာ"

"အေး....ငါမလိမ်ပါဘူး၊ သူလည်း မင်းစိတ်တွေ ဖောက်ပြန်နေတာကို ရိပ်မိပုံရတယ်။ ငါ့ကို ဖွင့်တိုင်ပင်တယ်"

"အဲဒါ ကျွန်တော် ဘာလုပ်ရမလဲ ဩဘာ"

ဩဘာက ဟက်ဟက်ပက်ပက် ရယ်လိုက်တယ်။

"အင်း....မင်းတို့လည်း စကားပြောရင် ဘယ်တော့မှ ပြတ်ပြတ်သားသား မရှိဘူး။ ဟိုကွေ့ ဒီကောက်နဲ့ သူများကို ပြန်မေးဖို့ပဲ တတ်တယ်။ ငါမေးနေတာက နင်ဒီကလေးမကို တကယ်ကြိုက်တာလား၊ အပျော်ကြံတာလား"

"ဟာ....ကျွန်တော်က မဟုတ်မတရား လုပ်တတ်တဲ့ လူ မဟုတ်မှန်း ဩဘာ သိသားပဲ"

"ကောင်းပြီ ဒါဖြင့် မင်းတကယ် ကြိုက်တာပေါ့"

ကျုပ် သိပ်မစဉ်းစားတော့ဘူး၊ ခေါင်းညိတ်ပြလိုက်တယ်။

"အေး ဒါဆိုရင်တော့ မင်းစဉ်းစားဖို့ လိုလာပြီ။ ဒီကလေးမကို ရေရှည် မင်းပေါင်းနိုင်မလား၊ အခြေအနေ အရပ်ရပ်က ကွာခြားနေတယ်"

ကျုပ် နည်းနည်းတော့ စဉ်းစားလိုက်ရတယ်။ ဘာကြောင့် ကျုပ် တွေဝေနေသလဲ။ ဩဘာက ဆက်ပြောတယ်။

"နောက်တစ်ခု မင်းစဉ်းစားရမှာက မင်းတစ်ယောက်တည်း အဆုံးအဖြတ်နဲ့ မပြီးဘူး၊ မင်းမိဘ...."

"ဟာ...သူတို့က ကျွန်တော်ပြီးရင် ပြီးပါတယ်"

"ဒါပေမဲ့ နင်တိုင်ပင်မှ သင့်မှာပေါ့"

mgyoe.com

mgyoe.com

"ဟာ....တိုင်ပင်မှာပေါ့၊ ကျွန်တော် တိုင်ပင်လိုက်ပါ့မယ်"

"အေး....ကောင်းပြီ မြန်မြန်တိုင်ပင်ထား၊ ကောင်မလေးကိစ္စ ငါ နားချထားမယ်"

"ဟာ...သြဘာ မြန်လှချည်လား"

"ဟဲ့...နင် သူ့ကို ကြိုက်တယ်မဟုတ်လား၊ မြန်မြန် နေးနေး သူ့ရရင် ပြီးရောပေါ့"

"ဟာ....ဒီကိစ္စ ကျွန်တော်ကမပြောဘဲ ဒေါ်လေးက ပြောလို့ ကောင်းပါ့မလား"

"နင်ကကော ပြောရဲလို့လား"

ကျုပ် ရယ်နေလိုက်တယ်။

"ကိုင်း....ကိုင်း...နင်လုပ်စရာရှိတာလုပ်၊ ငါသွားမယ်"

သြဘာ အခန်းထဲက ထွက်သွားဖို့ပြင်တယ်။ သူအခန်းဝရောက်မှ ကျုပ် လှမ်းခေါ်လိုက်တယ်။

"သြဘာ...."

"ပြောလေကွယ်"

"သြဘာကကော ဘယ်လိုသဘောရသလဲ"

သူရယ်တယ်။ နောက် ကျုပ်အနားကိုပြန်လျှောက်လာတယ်။ ကျုပ် ခေါင်းကို ကလေးတစ်ယောက်လိုပဲ ပွတ်လိုက်တယ်။

"ငါ့တူရယ်၊ တို့ ဆင်းရဲသားတွေဆိုတာ ဘက်လိုက်တတ်တယ်။ ဒီကလေးမဟာ ဆင်းရဲပေမယ့်၊ ပညာမတတ်ပေမယ့် ရိုးသားတယ်၊ ကြိုးစားတယ်။ ငါ သဘောတူပါတယ်ကွယ်"။ ။

mgyoe.com

mgyoe.com

# | ၆ |

ရှေ့မျက်နှာ နောက်ထားပြီးတော့မှပဲ အဖေတို့ အမေတို့ဆီ ကျုပ်သွားပြီး အခြေအနေကို ပြောပြလိုက်ရတယ်။ အဖေနဲ့ အမေကတော့ ပထမ စဉ်းစားသွားတယ်။ နောက်တော့....

"သား သဘောပါပဲကွယ်၊ သားကြိုက်ရင် ပြီးတာပဲပေါ့" ဆိုတဲ့ စကားနဲ့ပဲ ကျေလည်မှု ရခဲ့တယ်။

အဖေကတော့ ရှင်းတယ်ဗျို့။

တဟားဟား ရယ်မောကြရင်း အဘိုးကြီးက....

"မင်းဟာ နောက်တောင်ကျနေပြီကွ၊ စောစောစီးစီးယူလိုက်ရင် ပြီးရောပေါ့" တဲ့။ အဘွားကြီးက....

"သားဟာ လူရွေးဘယ်တော့မှ မမှားဘူးလို့ အမေတို့ယုံကြည်ပါတယ်ကွယ်" တဲ့။

ကျုပ်ဘက်ကတော့ အစစအရာရာ အိုကေပြီဗျို့။

သွယ်လေးဘက်ကပဲ ကျန်တော့တယ်။

× × ×

mgyoe.com

mgyoe.com

အဲဒီညနေ အိမ်ကို ပြန်လာရတာ စိတ်ကိုကောင်းကောင်းမဖြောင့်ဘူး ရင်ထဲမှာ ကတုန်ကယင်နဲ့။

ဩဘာ ဘာတွေပြောထားလို့ သွယ်လေး ဘာတွေပြန်ဖြေမယ်ဆိုတာကို တစ်လမ်းလုံး စဉ်းစားလာခဲ့ရတယ်။

အိမ်ရှေ့ ဆင်ဝင်အောက်ကို ကားဆိုက်လိုက်တာနဲ့ ထုံးစံအတိုင်း ပါးစပ်က 'ဩဘာ ဩဘာ' လို့ ထွက်သွားတယ်။ ဩဘာကတော့ ခပ်ပြုံးပြုံးပါပဲ။ ထွက်လာပြီး ကျုပ်ကို ကြိုတယ်။ ဒါကတော့ ထုံးစံအတိုင်းပါပဲ။ ကျုပ်က ခြေတစ်ဖက်ကျိုးနေတဲ့ ချိုင်းထောက်နဲ့သူ့ဆိုတော့ လှေကားအတက်အဆင်းမှာ သူလာတွဲခေါ်နေကြ။

သူက ပြုံးလို့၊ ကျုပ်က မျက်လုံးနဲ့ပဲ မေးလိုက်တယ်။

"ငါ ပြောပြီးပါပြီ၊ ဒါပေမဲ့ သူက မင်းနဲ့ ကိုယ်တိုင် ပြောချင်တယ်ဆိုပြီး စာကြည့်ခန်းထဲမှာ စောင့်နေလေရဲ့"

စာကြည့်ခန်းဘက် ကျုပ်ထွက်လာခဲ့တယ်။

အကြောတစ်ချောင်း ကောင်းကောင်း အလုပ်မလုပ်လို့ ဆာနေတဲ့ ခြေတစ်ဖက်ဟာ လုံးဝသေသွားသလိုပဲ ကျုပ်စိတ်ထဲမှာ ထင့်နေမိတယ်။ ရင်ခုန်လွန်းလို့ ထင်ပါရဲ့ဗျာ။

သွယ်လေးဟာ ကျုပ်ကို တစ်ချက်မော့ကြည့်ပြီး ခေါင်းကလေးပြန်ငုံ့လို့ ကုပ်ကုပ်ကလေး ထိုင်နေရှာတယ်။

ကျုပ် သူ့ဘေးက ဖြတ်လျှောက်သွားပြီး သူ့ကိုကျောပေးလို့ ပြတင်းပေါက်ဘက်ကို မျက်နှာမူပြီး ရပ်နေလိုက်တယ်။

"သွယ်လေး ပြောစရာရှိတာကို ရဲရဲတင်းတင်းပြောပါ။ အကျိုးအကြောင်းကိုတော့ ဩဘာပြောပြီးရောပေါ့"

သူ့ဆီက ဘာစကားမှထွက်မလာဘဲ ရှိုက်သံကလေးသာ တစ်ချက်နှစ်ချက်ထွက်လာတယ်။ သူ့ရဲ့ရှိုက်သံဟာ ကျုပ်ရင်ထဲကို ဘယ်လိုကြီးဖြစ်သွားစေမှန်း မသိခဲ့ဘူး။ သူ့အနားကိုလျှောက်လာပြီး သူ့ခေါင်းကလေးကို ကျုပ်ကိုင်လိုက်မိတယ်။

"မငိုပါနဲ့ကွယ်။ အစ်ကိုကြီးဟာ မင်းကို ကျောရရုံ ကြံစည်တာမဟုတ်ပါဘူး။ တကယ့်မေတ္တာစစ်နဲ့ ကြံတာပါ"

mgyoe.com

mgyoe.com


အဲ့ဒီစကားလည်းကြားရော သွယ်လေးဟာ တရှုံ့ရှုံ့ငိုတော့တာပဲ။ ကျုပ်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ သူ့ခေါင်းကို ကိုင်ထားရာကနေ နောက်တစ်ဆင့် ဘာထပ်လုပ်ရမယ်ဆိုတာ ကျုပ်မသိတော့ဘူး။

လိုမှန်း မလိုမှန်း မသိတဲ့ စကားတွေကိုသာ ကျုပ်ပြောနေမိတယ်။

"အခုဆိုရင် ကျုပ် မိဘတွေကိုလည်း အကုန်အစင် ဖွင့်ပြောပြီးပြီ။ သူတို့ကလည်း မင်းအကျင့်စာရိတ္တနဲ့ မင်းရုပ်ရည်ကို မကြာခဏတွေ့ပြီးသားဖြစ်နေတော့ ဘာမှသဘောမတူစရာမရှိပါဘူးတဲ့။ တင့်တောင်း တင့်တယ် လက်ထပ်ပေးပါ့မယ်တဲ့"

ဒီတော့မှ သူမျက်နှာကလေး မော်လာပုံရတယ်။

ဟာဗျာ....လှလိုက်တာ။

"ကျွန်မ အရေးကြီးတဲ့စကားလေးတွေ ပြောပါရစေဦးရှင်..."

"ပြောပြော...ပြောပါ၊ ကြိုက်သလောက်ပြော"

"ဒီလိုပါ အစ်ကိုကြီး....ကျွန်မဟာ အစ်ကိုကြီးဆီမရောက်ခင်က မြို့က ကိုဖိုးကျော်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ချစ်ကြိုက်မိကြပါတယ်။ နောက်တော့ သူဟာ ရန်ကုန်မိတ်ဆွေတွေရဲ့ အဆက်အသွယ်နဲ့ နိုင်ငံခြားသင်္ဘောတစ်ခု လိုက်သွားတယ်။ (ဒီစကားအရောက်မှာ ကျုပ်မနာလို သဝန်တိုတော့ ဖြစ်သွားမိတာ အမှန်ပဲ။ ဝမ်းနည်းသလိုလိုကြီးလည်း ဖြစ်မိတယ်...) ....သူ နိုင်ငံခြားရောက်ပြီး စာနှစ်စောင်သုံးစောင်တော့ ကျွန်မဆီရောက်တယ်။ ပစ္စည်းအတိုအထွာလေးတွေလည်း ပို့ပေးတယ်။ ပြန်လာရင်ဘာလုပ်ပါ့မယ်၊ညာလုပ်ပါ့မယ် ဆိုပြီး ရွှန်းရွှန်းကိုဝေနေတာပဲ၊ နောက်တော့...."

သူ့စကားကိုဖြတ်ပြီး...

"နောက်တော့ သူလုံးဝပြန်မလာတော့ဘူးလား"

"ပြန်လာပါတယ်အစ်ကိုကြီး"

"ဟင်....ပြန်လာပြီးတော့...."

"ပြန်လာပြီး....သူ....ကျွန်မကို ရှောင်နေခဲ့တယ်"

"ဒီကောင် တယ်....သစ္စာမဲ့တဲ့ကောင်ပဲ"

ကျုပ်လည်း မရှက်နိုင်တော့ဘူးဗျာ။ ကိုယ့်ဘက်ကိုယ်ယက်ပြီး ပြော

mgyoe.com

mgyoe.com

မိတော့တယ်။

"ဟုတ်တယ် အစ်ကိုကြီး သူ သစ္စာမရှိဘူး။ ကျွန်မမြို့မှာရှိနေတုန်း သူ ရန်ကုန်ပြန်ရောက်လာပြီး ရန်ကုန်မှာတင် တခြားမိန်းမတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် လုပ်နေတယ်လို့ကြားရတယ်။ ဒီအကြောင်းတွေကိုလည်း ရန်ကုန်က ကျွန်မသူငယ်ချင်းတွေက ကျွန်မဆီကို စာရေးခဲ့တယ်။ ဟောဒီမှာ အဲဒီစာတွေ။ တစ်ခါ ကျွန်မ အခုရန်ကုန်ရောက်လာတဲ့အခါကျတော့ သူက မြို့ကိုပြန်သွားပြီး မြို့က တခြားမိန်းမတွေနဲ့ ရှုပ်နေပြန်တယ်တဲ့လေ။ အဲဒါကိုလည်း မြို့ကသူငယ်ချင်းတွေက ကျွန်မဆီစာရေးပြီး တိုင်ကြတယ်။ ဟောဒီမှာ အဲဒီစာတွေ၊ ရော့ အစ်ကိုကြီး ဖတ်ချင်ဖတ်ကြည့်လေ"

"မဖတ်ပါဘူး၊ မဖတ်ပါဘူး။ ဒါ မင်းတို့ကိုယ်ရေးကိုယ်တာ ကိစ္စတွေပဲ။ အရေးကြီးတာက ခုကိစ္စကို မင်းဘယ်လိုဆုံးဖြတ်ချင်လဲ"

"နေအုံးအစ်ကိုကြီး၊ ကျွန်မစကားဆုံးအောင်ပြောပါရစေအုံး။ တစ်လောဆီတုန်းကတော့ ကျွန်မ အစ်ကိုကြီးအိမ်မှာရှိနေမှန်းသိလို့ သူလိုက်လာတယ်။ ကျွန်မ အတွေ့မခံခဲ့ဘူး။ တစ်ကြိမ်မဟုတ်ဘူး အစ်ကိုကြီး၊ အကြိမ်ကြိမ် သူကြိုးစားတယ်။ ကျွန်မ လုံးဝအတွေ့မခံခဲ့ဘူး။ တောင်းပန်စာတွေလည်းရေးတယ်။ ဟောဒီမှာ...."

"နေစမ်းပါအုံး၊ မင်းကဘာဖြစ်လို့ အတွေ့မခံရတာလဲ"

"ကျွန်မ မိန်းမသားပါ အစ်ကိုကြီးရယ်၊ သူ့မျက်နှာကိုမြင်ရင် ကျွန်မ ပြန်ပြီးသနားမိမှာကြောက်လို့။ ကျွန်မအခုလိုပဲ သူ့ကိုဆက်ပြီး မုန်းနေချင်တယ်"

ကျုပ် ခြေထောက်တစ်ဖက် နည်းနည်းသက်သာလာတယ်။

"အေးလေ ဒါဆိုရင် မင်းတို့ကိစ္စကပြီးပြီပဲ၊ အရေးကြီးတာက အစ်ကိုကြီးကိစ္စ"

"နေအုံး အစ်ကိုကြီး အရေးကြီးဆုံးအချက် ကျန်သေးတယ်။ ကျွန်မဟာ သူနဲ့ချစ်မိခဲ့တဲ့အချိန်မှာ ကျွန်မကိုယ်ဟာ မသန့်ရှင်းတော့ဘူး အစ်ကိုကြီး။ တစ်ကြိမ်တလေ ကျွန်မမှားခဲ့မိဖူးတယ်။ အဲသလို မသန့်ရှင်းတဲ့ကိုယ်ကို သန့်ရှင်းတဲ့ အစ်ကိုကြီးလက်ထဲ ပုံမအပ်ချင်ဘူး။ ဒါ

mgyoe.com

mgyoe.com


ပေမဲ့ တစ်ခုတော့ရှိပါတယ် အစ်ကိုကြီး။ ကျွန်မကိုယ်ဟာ မသန့်ရှင်းခဲ့ပေမယ့် ကိုယ်လေးလက်ဝန်ရှိတဲ့အဖြစ်အထိတော့ မရောက်ခဲ့ပါဘူး"

"ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး။ မသန့်ရှင်းခဲ့လို့ ကလေးတစ်ယောက် ပါလာတယ်ဆိုရင်တောင် ယောကျ်ားလေးဆိုရင် ရှင်ပြုပေးမယ်။ မိန်းကလေးဆိုရင် နားထွင်းပေးမယ်"

သွယ်လေးဟာ ကျုပ်မျက်နှာကို ဝမ်းပန်းတနည်း အားကိုးတကြီး စိုက်ကြည့်လိုက်တယ်။ ပြီးတော့ ကျုပ်လက်ကို ဖွဖွကလေးယူပြီး နမ်းရှာတယ်။

mgyoe.com

mgyoe.com

# | ၇ |

အိစက်ညက်ညောတဲ့ ဖဲမွေ့ရာ အသစ်ကြီးပေါ်မှာ ကျုပ် ထိုင်နေတယ်။ သွယ်လေးပြန်လာမယ့် ရက်ကို ကျုပ် စောင့်နေခဲ့တာ ရက်သတ္တ သုံးပတ် ကြာသွားပြီ။

သွယ်လေးဟာ ကျုပ်ကို လက်ထပ်ပါ့မယ်လို့ ကတိပေးပြီး သူ့အမေနဲ့ မွေးစားမိဘများကို ခေါ်ဖို့ မြို့ကို ပြန်သွားခဲ့တယ်။ ဒီအတောအတွင်း ကျုပ် အလုပ်နှစ်ခုကို ပြင်းပြင်းထန်ထန် လုပ်ခဲ့ရတယ်။ တစ်ခုက....

မင်္ဂလာအခမ်းအနားအတွက် မွေ့ရာ၊ ခုတင် စတဲ့ ပစ္စည်းပစ္စယတွေ ဝယ်ရခြမ်းရတဲ့ကိစ္စ၊ နောက်တစ်ခုက သူနဲ့သွားတဲ့လာတဲ့အခါ တင့်တောင်း တင့်တယ် ဖြစ်ပါစေဆိုပြီး မသန်တဲ့ခြေထောက်တစ်ဖက်ကို တဖြည်းဖြည်း သန်လာအောင် ချိုင်းထောက်လွတ်တဲ့အထိ သာမန်လူတွေလို လမ်းလျှောက် လို့ရတဲ့ အခြေအနေရောက်အောင် အပြင်းအထန် ကြိုးစားရတာပဲ။

ခုဆိုရင် ကျုပ်ဟာ တော်ရုံတန်ရုံလောက်တော့ ချိုင်းထောက်လွတ်ပြီး သွားလို့ ရနေပြီ။ နည်းနည်းတော့ ဆာတာတာပေါ့လေ။ ဒါလည်း နောက် တော့ကောင်းသွားမှာပါ။ စိတ်ကဆောင်လို့ ထင်ပါရဲ့ဗျာ။

ကျုပ်ဘေးမှာ အသင့်ရှိနေတဲ့ ခွခေါင်းအုံးကြီးကိုကြည့်ပြီး ကျုပ်ပြုံး

mgyoe.com

mgyoe.com


လိုက်မိတယ်။ နောင်ရက်များ မကြာမီမှာ ကျုပ်ဘဝအကြောင်း ဒီ ခွခေါင်း အုံးကို မေးစရာ မလိုတော့ဘူးမို့လား။

ကျုပ်စိတ်ကူးနဲ့ကျုပ် တပြုံးပြုံးလုပ်နေတုန်း အခန်းထဲကို သြဘာဝင် လာတယ်။

"စာဟော့....စာ"

"ဘယ်ကလဲဟဲ့"

မိန်းကလေး လက်ရေး၊ ကျုပ် ဖွင့်ဖတ်လိုက်တယ်။

× × ×

အစ်ကိုကြီးရှင့်....

သွယ်လေး ရှိသေစွာ စာရေးလိုက်ပါသည်။ ယခု အချိန်ထိ ပြန်မရောက်သေးသဖြင့် အစ်ကိုကြီး စိတ်ပူနေ မည်ကို စာနာမိပါသည်။

ပြန်သွားပြီး နောက်တစ်နေ့မှာပဲ မြို့သို့ ကောင်းမွန်စွာ ရောက်ပါသည်။

အမေနှင့် ဆွေမျိုးများလည်း အကျိုးအကြောင်းသိရ ၍ ဝမ်းသာနေပါသည်။ ကျွန်မလည်း အစ်ကိုကြီးထံ အမြန်ပြန်နိုင်ရန် အစီအစဉ်တွေလုပ်ခဲ့ပါသည်။ ဒါပေမဲ့ အစ်ကိုကြီးရယ်....ကျွန်မဘဝ အကျိုးပေး မကောင်းလှပါ ဘူး။ ကျွန်မ ရောက်ပြီး မကြာခင်မှာပဲ ဖိုးကျော်မြို့ကို ပြန်ရောက်လာတယ်။ ကျွန်မကို မရအရ လိုက်ရှာတယ်။ ကျွန်မ ရှောင်ပါသေးတယ်ရှင်။ အစ်ကိုကြီးကိုပြောဖူးသား ပဲ၊ သူ့ကိုတွေ့ရင် သနားမိမယ်လို့။ ဒါပေမဲ့ မြို့ကလေး က ကျဉ်းတော့.....တစ်နေ့မှာ သူကျွန်မကို လက်ပူးလက် ကြပ်မိသွားတယ်။ အမျိုးမျိုး တောင်းပန်ရှာတယ်။ သူ့ အပြစ်တွေကိုလည်း ဝန်ခံတယ်။ အစ်ကိုကြီးရယ်....သူ လေ ကျွန်မကို ဖက်ဖက်ပြီး ငိုလိုက်တာဆိုတာ မပြောပါ နဲ့တော့....ကျွန်မ မသနားမိအောင် တင်းခံနေပါသေး

mgyoe.com

mgyoe.com


တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ သူ့နောက် ပြန်ပါသွားရပြန်ပါပြီ။

ဒီလိုဖြစ်သွားရတာဟာလည်း အစ်ကိုကြီးရဲ့ မွန်မြတ်တဲ့ မေတ္တာတရားကြောင့်ဆိုရင် မမှားပါဘူး။ ဘာကြောင့် ဒီလို ပြောရသလဲဆိုတော့ ကျွန်မတို့ မိန်းမသားတွေဟာ တစ်ကြိမ်တလေ ခန္ဓာကိုယ် ညစ်နွမ်းသွားပြီးရင်ပဲ တန်ဖိုးကျသွားတတ်ပါတယ်။ ယောကျ်ားတွေကျတော့ လှေကားသုံးထစ်ဆင်းရင် လူပျိုပြန်ဖြစ်တာပဲ မဟုတ်လား။

အစ်ကိုကြီး ပြောလိုက်တဲ့ စကားလေးတစ်ခွန်းကို အဲဒီအချိန်မှာ နားထဲကြားယောင်လာမိတယ်။

တန်ဖိုးကျသွားပြီဖြစ်တဲ့ ကျွန်မရဲ့ခန္ဓာကိုယ်တွင်မကဘူး။ ကလေးတစ်ယောက် ပါလာရင်တောင် ရှင်ပြုပေးမယ်....နားထွင်းပေးမယ်လို့လေ။

အစ်ကိုကြီးဟာ ညစ်နွမ်းနေတဲ့ ကျွန်မလိုမိန်းမတစ်ယောက်ကိုတောင် ခွင့်လွှတ်ပြီး ချစ်နိုင်သေးတယ်ဆိုရင် တခြားမိန်းမတွေနဲ့ ရှုပ်ခဲ့တဲ့သူ့ကို ကျွန်မဘာကြောင့် ပြန်မချစ်နိုင်ရမှာလဲ....အဲသလိုကျွန်မ စဉ်းစားမိလိုက်တယ်။

လောကကြီးမှာ စွန့်လွှတ်အနစ်နာ ခံနိုင်တဲ့အချစ်မျိုး ရှိသေးတယ်ဆိုတာ....အစ်ကိုကြီး ကျွန်မကို လမ်းဖွင့်ပညာပေးလိုက်သလို ပါပဲရှင်။

*ကျေးဇူးရှင် အစ်ကိုကြီး*

*ကျန်းမာ ချမ်းသာပါစေသော(ဝ်)။*

× × ×

စာရွက်ကိုလုံးချေပြီး နံရံဆီ ပစ်ပေါက်ထည့်လိုက်တယ်။ ဒေါသဖြစ်လို့လည်း မဟုတ်ဘူး။ ဝမ်းနည်းလို့လည်း မဟုတ်ဘူး။ ဘယ်လိုကြီး ဖြစ်နေမှန်းလည်း မသိဘူး။

mgyoe.com

mgyoe.com


ကျုပ်ဘဝကိုကျုပ် စဉ်းစားတယ်။ သန်းဆောင်တို့နဲ့ ပတ်သက်ပြီး... အယူအဆရေးရာ ပြောတုန်းကလည်း ကျုပ် မမှားဘဲ အပြောခံခဲ့ရတယ်။

လူမှုရေးကိစ္စနဲ့ ပတ်သက်လို့လည်း ကျုပ်မမှားဘဲ အပြောခံခဲ့ရတယ်။

စီးပွားရေးနဲ့ ပတ်သက်လို့လည်း ပေးပါကမ်းပါရက်နဲ့ အပြောခံရတယ်။ ကျုပ် ကောင်းတာလုပ်သမျှ ဘာကြောင့် အပြစ်ဖြစ်ရသလဲ။

ခုလည်းကြည့်....အချစ်....၊

ပန်းဖဲပွင့်တွေ အစီအရီ ဖော်ထားတဲ့ ဖဲမွေ့ရာကြီးပေါ်မှာ ကျုပ် ငုတ်တုတ်ကြီး ထိုင်နေမိတယ်။

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တဲ့အခါမျိုး၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတဲ့အခါမျိုးမှာ ထွက်နေကြ စကားတစ်ခွန်း ကျုပ် ပါးစပ်က ထွက်သွားတယ်။

"သြဘာရေ...သြဘာ"

"ဟေလကွယ်...."

"ကျွန်တော်... မတ်တတ်ထလို့ မရတော့ဘူး ...။ ချိုင်းထောက် ယူခဲ့စမ်းပါ။ ချိုင်းထောက်... ချိုင်းထောက်... ချိုင်းထောက်..."။ ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တစ်တီတူး

mgyoe.com

mgyoe.com

# | ၁ |

ရထားဥသြမြည်သံသည် လူမမာတစ်ယောက် ဆေးရုံသို့ရောက်စဉ် ညွှဲညွှဲ ငင်ငင် ညည်းညူလိုက်သလို ရှိလေသည်။

ရထားစပြီးထွက်စမို့ တွဲတစ်တွဲနှင့်တစ်တွဲ ဆွဲသဖြင့် ငြိမ့်ခနဲ လှုပ်သွားတတ်သည်ဖြစ်ရာ ဤသို့ဖြစ်ခြင်းကို လူနာတစ်ယောက် အသက်ထွက်ခါနီး နောက်ဆုံးအကြိမ် တွန့်လိမ်ရုန်းကန်လိုက်သလို ခံစားရသည်။

ရန်ကုန်ဘူတာကြီး (ယခင် ကွမ်းခြံဘူတာရုံ) မှ စထွက်ပြီး၍ တစ်ဆယ့်ငါးမိနစ်လောက်မှာပင် ရန်ကုန်မြို့ပြ၏ အငွေ့အသက်များ ခန်းခြောက်စပြုသွားလေပြီ။

ဘယ်မှာလဲ တိုက်တာအိမ်ခြေ၊ ဘယ်မှာလဲ တဝီဝီပြေးလွှား အော်ဟစ်နေသော မော်တော်ကားများ၊ ဘယ်မှာလဲ လေအေးစက်နှင့်ထားသော ရုပ်ရှင်ရုံများ၊ ဆံပင်ညှပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်များ။

ဟိုး ပျပျဆီမှ ဘုရားပုထိုးလေးများလောက်သာ။ ခြောက်ကပ်ကပ်နိုင်လှသော တဲအိမ်စုကလေးများသက်သက်သာ။

ရွာကလေးများနှင့် မနီးမဝေး ရထားလမ်းဘေးမှာရှိသည့် အတောင်တွေအလက်တွေနှင့် ရှေးခေတ်ပုံစံအုတ်ဂူကလေးများ။

mgyoe.com

ဩော်.....တောမှာလည်း သေတဲ့လူ ရှိပါကလား။ ဘာဖြစ်လို့ လူတွေ သေကျေပါသလဲ။ ရောဂါဘယဆိုတာ မရှိလျှင် မည်မျှကောင်းမည်လဲ။ ဒါပေမဲ့ သေတာကတော့ သေမည်သာဖြစ်၏။

ဒေါက်တာ စံလွင်သည်ရထား၏ တစ်ဖက်တစ်ချက်တွင် တရိပ်ရိပ် ပြေးလွှားနေသော လယ်ကွင်းပြင်စိမ်းစိမ်းများကို ငေးကြည့်ရင်း စိတ်ကူး တည့်ရာသို့ ပေါက်တက်ကရ တွေးနေ၏။

သူသည် လောကကြီးအား လူမမာများ၊ လူနာများအဖြစ်သာ မြင်တတ် သူ။

သိပ္ပံနည်းကျမလား ဘာလားတော့ မသိ၊ လူတိုင်းမှာ ရောဂါတစ်ခုခု တော့ ရှိနေမည်ဟူ၍ သူယုံကြည်နေသည်။

သင့်စ်ရွက်ကလေးတွေ လှုပ်သည်ကိုပင် အကြောင်းမရှိအကြောင်းရှာပြီး တခစ်ခစ် ရယ်မောတတ်သော ကုမ္မာရီအရွယ် လုံမငယ်ကဲ့သို့ ဒေါက်တာ စံလွင်သည်လည်း အရာရာကို လူနာများ၊ ရောဂါများနှင့်သာ ပမာခိုင်းပြီး စိတ်ကူးနေတတ်၏။

ရထားသံလမ်းသည် ခရီး အစအဆုံး တစ်ဆက်တည်းမဟုတ်ချေ။ အပြတ် အပြတ်သော သံလမ်းတိုများကို တစ်ခုနှင့် တစ်ခု ဟဟကလေးဆက် ပြီး သွယ်တန်းထားခြင်းသာဖြစ်၏။

ဒီတော့မှလည်း နေပူရှိန်ကြောင့် သံလမ်းများ ရှည်ဆန့်လာလျှင် အအေး ဓာတ်ကြောင့် ကျုံ့ဝင်သွားလျှင် ရထားသံလမ်းများ လိမ်ကောက်သွားခြင်း အန္တရာယ်မှ ကင်းပေမည်။

ဆိုလိုသည်မှာ ရထားသံလမ်းကို တစ်ခုနှင့်တစ်ခု ဆက်သွယ်ရာ၌ ဟစိစိကလေး ထားသောကြောင့် နေအလွန်ပူပြင်းသောအခါ ဆန့်ထုတ် လာသော ရထားသံလမ်းသည် ကောက်ကွေးသွားစရာမလိုတော့ဘဲ စော စောက ပြောသော သံလမ်းတစ်ခုနှင့်တစ်ခု အကြား ဟစိစိ နေရာကလေး ကို အစားဖြည့်လိုက်သလို ဖြစ်သွားပေမည်သာ။

လမ်းဘေး ဝဲယာတစ်ဘက်တစ်ချက်တွင်ရှိသော လျှပ်စစ်ဓာတ်အား ပေးဝါယာကြိုးများသည်လည်း ဓာတ်တိုင်ကြီးတစ်တိုင်နှင့် တစ်တိုင်ကြား တွင် ဘာကြောင့် လျော့ရဲလျော့ရဲ နေရသနည်း။

mgyoe.com

mgyoe.com


ဤသည်မှာလည်း စောစောကပြောသလို ရာသီဥတုဒဏ်ကို ခံနိုင်ရည် ရှိရန်အတွက်ပင် ဖြစ်၏။

ဆိုပါစို့.....လျှပ်စစ်ဓာတ်ကြိုး (ဝါယာကြိုး) များကို ဓာတ်တိုင် တစ်တိုင်နှင့်တစ်တိုင် ဆက်သွယ်ရာ၌ တင်းတင်းရင်းရင်း သွယ်တန်းထားမည်ဆိုပါက အလွန်အေးသောရာသီရောက်လာပြီဆိုလျှင် ယင်းဝါယာကြိုးများသည် သဘာဝအလျောက် ကျုံ့ဝင်သွားပေမည်။

ထိုအခါ နဂိုက တင်းတင်းရင်းရင်း ဆွဲတပ်ထားသော ဝါယာကြိုးများသည် ဆွဲဖြတ်လိုက်သလို ပြတ်သွားလေတော့မည်။ ထို့ကြောင့် ဝါယာကြိုး ခပ်အိုက်အိုက် ခပ်အိအိသွယ်ထားခြင်းဖြစ်ပေသည်။

ဒေါက်တာစံလွင်သည် ထို အခြင်းအရာများကိုလည်း သိပ္ပံနည်းကျစွာပင် ထိုအတိုင်း တွေးတောမိပါသည်။ သူသည် သိပ္ပံသမားစစ်စစ်။ သိပ္ပံပညာသည်သာ လောကကြီးအား ချုပ်ကိုင်ထားသည်ဟု ယုံကြည်နေသူ တစ်ယောက်ဖြစ်ပေ၏။

သို့သော်....စောစောက ပြောသလို ရထားသံလမ်း တစ်ခုနှင့်တစ်ခု အကြား နေရာ ဟစိစိကလေးထားသောကြောင့် ထို ဟစိစိ နေရာကလေးသို့ ရထားဘီးများကျရောက်တိုင်း ဂလုတ်ဂလုတ် ဂျုတ်ဂျုတ်ဟု အသံမြည်လေသောအခါ ဒေါက်တာစံလွင်၏ စိတ်၌ လူနာ၏နှလုံးခုန်သံကို နားကြပ်ဖြင့် နားထောင်ရသလို ခံစားနေရသည်။

ဒါ...ဘာ့ကြောင့်နည်း။

လမ်းဘေးရှိ ဝါယာဓာတ်ကြိုးများ အိအိအိုက်အိုက်သွယ်ကျနေသည်ကိုလည်း လူနာတစ်ယောက်၏ သွေးကြောမျှင်များဟု ဘာကြောင့် မြင်နေသနည်း။

ထိုနည်းတူပင် ရထားကြီး၏ဝဲယာမှ တရိပ်ရိပ် ပြေးလွှားနေသော လယ်ကွင်းများ၊ ဓာတ်တိုင်များ၊ တဲအိမ်များ စသည်တို့ကို ကြည့်မြင်ရာ၌လည်း သေဆုံးသွားသော လူနာတစ်ဦး၏ ဝိညာဉ်သည် တခြားတစ်ပါးသော ဘဝတစ်ခုကို မှီတွယ်နိုင်ရန်အတွက် ယောက်ယက်ခတ်ပြီး လိုက်လံရှာဖွေနေသည်ဟူ၍ ဒေါက်တာစံလွင်က မြင်နေပြန်သည်။

၄ သိပ္ပံသမားစစ်စစ် ဖြစ်သော ဒေါက်တာစံလွင်၏စိတ်၌ ဝိဇ္ဇာပညာရပ်

mgyoe.com

mgyoe.com


များသည်လည်း တစ်ချက်တစ်ချက် ကိန်းအောင်းနေတတ်ပြန်ပါလား။

ခုလည်း သူခရီးထွက်လာရသည်မှာ ထိုအချက်သည် ပါဝင် ပတ်သက်နေပြန်ပါပြီ။

သူသွားရမည့် ဒေသသည် တောခေါင်ခေါင် ချောင်ကျကျ နေရာဒေသတစ်ခုဖြစ်၏။

သူအခု စီးလာသော ရထားသည် ကျေးလက်ဘူတာရုံလေးတစ်ခု၌ ရပ်တန့်ပြီး သူဆင်းရမည်။ ပြီးတော့ မော်တော်ကားဖြင့် တာဆုံတစ်ခုမှ ဖြတ်ပြီး ငါးမိုင်ခရီးခန့်ကို လင်ပန်းထဲ ဂေါ်လီထည့်လှိမ့်သလို ပုံစံဖြင့် ပင်ပင်ပန်းပန်း သွားရဦးမည်။

ထိုမှတစ်ဖန် လှေတစ်တန် လှည်းတစ်တန်ဖြင့် သွားရဦးမည်။

ထားပါ၊ မြို့ကြီးပြကြီးနှင့် အလွန် ဝေးလံသီခေါင်သော ကျေးလက်ရွာကြီးတစ်ရွာသာသာ မြို့ဟူ၍ ပြောရရုံသာ။

လျှပ်စစ်ဓာတ်အားဆိုလည်းရှိသည် ရှိရုံကလေး။ ရှိရုံကလေးဟု ပြောရခြင်းမှာ ထိုမြို့အသေးစား ကျေးရွာကလေးမျိုး၌ ပင်မ လျှပ်စစ်ဓာတ်အားမရသေးသောကြောင့်ဖြစ်၏။

နိုင်ငံတော်က စီမံကိန်းချတုန်းတန်းလန်း၊ သည်တော့ဓာတ်ဆီသုံး အင်ဂျင်စက်ကလေးများသုံးပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲကြရသည်။

အိမ်တိုင်းစေ့တော့မဟုတ်၊ တတ်နိုင်လျှင် တတ်နိုင်သလို သုံးစွဲကြပြီး မတတ်သာသူများက ရှားရှားပါးပါး ရေနံဆီနှင့် မီးခွက်နှင့်။

စက်ဟူ၍ ဘုန်းတော်ကြီးကျောင်းမှာ တစ်လုံး။

ဆေးရုံတစ်လုံး။

သက်ဆိုင်ရာ အရေးကြီးသော ဌာနဆိုင်ရာများ စသည်ဖြင့်။

ထိုစက်များမှကူးစက်ပြီး နီးစပ်ရာအိမ်များ၊ သည်လိုဒေသသို့ ဒေါက်တာစံလွင်တစ်ယောက် တာဝန်ဖြင့် လာရောက်ခဲ့ရလေပြီ။

သည့်ထက် အရေးကြီးသည်မှာ သိပ္ပံနည်းကျသည်ကိုမှ အလွန်တရာ ခံတွင်းတွေ့သော ဒေါက်တာစံလွင်သည် အလွန်တရာ မြန်မာဆန်သော အလွန်တရာ ရိုးရာအစွဲအလန်းကြီးသော သည်ဒေသကိုမှ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာရခြင်းအကြောင်းပင် ဖြစ်ပါတော့သည်။ ။

mgyoe.com

mgyoe.com

# ၂

ကိုစံလွင်သည် ငွေကြေး ကြွယ်ဝချမ်းသာသော မိသားစုမှ ပေါက်ဖွားလာသော တစ်ဦးတည်းသော သားဖြစ်သည်။ ငွေကြေးပြည့်ဝသလို ပညာလည်း ထက်မြက်သောကြောင့် ထုံးစံအတိုင်း ပညာစုံလင်သည်နှင့် ဆရာဝန်ပေါက်စကလေးတစ်ယောက်ဖြစ်နေလေပြီ။

ဆရာဝန်ဆိုပေသည့် ဆေးကျောင်းမှ ဘွဲ့ရပြီးသည့်နောက် ချက်ချင်းကြီး ဆရာဝန်တစ်ယောက်ဖြစ်ရသည်မဟုတ်ပါ။ သက်ဆိုင်ရာ ဆေးရုံတစ်ရုံတွင် ခေတ္တအားဖြင့် ဆရာဝန်ဖြစ်ရုံတစ်မည် အမှုထမ်းရလေသည်။

ထို့နောက် နိုင်ငံတော်က စေလွှတ်သော ဒေသသို့ ဆရာဝန်စစ်စစ်အဖြစ် သွားရောက် အမှုထမ်းရပါသည်။

ကိုစံလွင်သည် ဆေးကျောင်းမှ ဘွဲ့ရပြီးသည့်နောက် ရန်ကုန်ဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ရောဂါဌာနတွင် အမှုထမ်းခဲ့ရသည်။ ခွဲစိတ်ဆရာဝန်ကြီး ဦးကျော်လင်း၏ လက်အောက်တွင်ဖြစ်သည်။

ဆရာကြီးသည် သူ့အား ချစ်ခင် ရင်းနှီးသည်။ အကြောင်းမှာ သူသည် ငွေကြေးချမ်းသာကြွယ်ဝသူဖြစ်သော်လည်း ဂုဏ်ပကာသနနှင့် ပတ်သက်၍ မာန်မာနမရှိဘဲ သူ၏တတ်မြောက်ထားသော ပညာ၊ စဉ်းစားတွေးခေါ်

mgyoe.com

mgyoe.com

မြော်မြင်နိုင်ခြင်းအတွက် မာန်မာနထားသူဖြစ်သောကြောင့်ဖြစ်၏။

ဌာနသို့ ရောက်စနေ့များက ကိုစံလွင်ကို မကြာမကြာ ဆိုသလို ဆုံတွေ့ရာ၌ အညာဖျင်နီကြမ်းတိုက်ပုံ၊ ရိုးရိုးချည်လည်ခေါင်းတုံး အင်္ကျီကလေး၊ ပုံမကျ ပန်းမကျ တိုနံ့နံ့ဝတ်ထားသော လုံချည်၊ ဖြီးဖြီးသင်သင်မရှိလှဘဲ ဖွာဆန်ကြဲနေတတ်သော ဆံပင်ပုံစံ၊ ဆရာဝန်နှင့် သက်ဆိုင်သော ပစ္စည်းများကို လွယ်အိတ်ကြီးတစ်လုံးနှင့်သာ ဖိုးရိုးဖားရားထည့်လာတတ်ခြင်း စသည့် အပြင်အဆင်၊ အမူအရာများကြောင့် ဆရာကြီးသည် ကိုစံလွင်ကို မသိမသာမှနေ၍ သိသိသာသာ ဂရုထားလာမိလေသည်။

'ဟေ့....မောင်စံလွင်၊ မင်းမလဲကွာ တစ်နေ့အဝတ်အစား တစ်စုံ ပြောင်းလို့ပါလား၊ ဟားဟားဟား'

ဟူ၍ ကျီစယ်ခဲ့ဖူးသည်။

ထိုအခါ ကိုစံလွင်က

'အဝတ်တန်ဆာနဲ့ ပတ်သက်လို့ ပြင်ရဆင်ရတဲ့ အလုပ်ကို ကျွန်တော် သိပ်စိတ်မဝင်စားလို့ပါ ဆရာကြီး၊ ဆရာဝန်တစ်ယောက်အနေနဲ့ အဝတ်အစား သပ်သပ်ရပ်ရပ်မရှိဘူးလို့ ဆရာကြီး အပြစ်တင်ရင်လည်း ခံရမှာပါပဲ။ ကျွန်တော် နောက်နောင် ဂရုစိုက်ပါ့မယ်'

'မဟုတ်ဘူး...မဟုတ်ဘူး၊ ဆရာပြောချင်တာက ဆရာဝန်မကလို့ ဘာကြီးဖြစ်နေဖြစ်နေ မိမိရဲ့ဦးနှောက်ကို အသုံးချပြီး လူသားအားလုံး အကျိုးရှိတဲ့အလုပ်ကိုလုပ်ဖို့ပဲ။ အဝတ်တန်ဆာဆိုတာ အရေးမကြီးပါဘူးကွယ်။ ခုနက ဆရာပြောလိုက်တာဟာ မောင်ရင်ရဲ့ အနေအထိုင် အပြုအမူနဲ့ ရိုးသား ဖြောင့်မတ်တဲ့ အပြင်အဆင်တွေ ကို သဘောကျလို့ပါ။ ဘယ်လို အဝတ်အစားကြီးပဲဝတ်ဝတ် သပ်သပ်ရပ်ရပ်ရှိရင် ပြီးတာပါပဲ။ ဆရာက မောင်ရင့်ကို ချီးမွမ်းနေတာပါ'

'ဆရာကြီး ဆိုလိုတာကို သဘောပေါက်ပါတယ် ခင်ဗျာ'

ကိုစံလွင်သည် ဤလိုအစားမျိုး ဆရာဝန်ထဲက ဖြစ်သည်။

ငွေကြေး ချမ်းသာသော်လည်း ထည်ထည်ဝါဝါ ကြီးကြီးကျယ်ကျယ် နေတတ်သူတစ်ယောက်မ ဟုတ်။ ရိုးရိုးကုပ်ကုပ်သာ နေတတ်သူ။ ပညာ တော်သလောက် ပညာမာနလည်း မထားတတ်သူ။ အရာရာကို သိပ္ပံအမြင်

mgyoe.com

mgyoe.com

နှင့်သာ မြင်တတ်နေသည်က လွဲလျှင် လူမှုရေး၌လည်း ကျွမ်းကျင်သူ။

ထို့ကြောင့်ပင် ရန်ကုန်ဆေးရုံကြီးမှာ လုပ်အားပေးသဘော ခေတ္တတာဝန်ထမ်းဆောင်ပြီး တရားဝင်ဆရာဝန်အဖြစ် နယ်သို့သွားရန် အလုပ်ခန့်သောခါ တစ်ချက်ကလေးမျှ မညည်းညူဘဲ နေနိုင်ခဲ့၏။

ချမ်းသာရင်းစွဲရှိသော မိဘများက ကိုစံလွင်တစ်ယောက် ဤမျှ တောခေါင်ခေါင်ဒေသသို့ တာဝန်ဖြင့်သွားရမည်ဆိုသောအခါ ရင်ထုမနာဖြစ်ကြရသည်။

မိခင်ဖြစ်သူက

'ဒီလိုမှန်း အစကတည်းကသိရင် ဆရာဝန်ဆိုတဲ့ အလုပ်မလုပ်ခိုင်းဘူး။ သားတစ်သက် စားမကုန်အောင် ရှိနေတာပဲ။ ငါ့စိတ်ထဲ ထင်တာက သားဆရာဝန်ဖြစ်၊ ရန်ကုန်မှာပဲ ဆေးခန်းတစ်ခန်းဖွင့်။ ဒါလည်း ပိုက်ဆံမက်လို့ မဟုတ်ပါဘူး။ ဆရာဝန်ကြီးဘာကြီးဆိုတဲ့ ဂုဏ်ကလေးရှိအောင် သားအတွက် မိန်းမချောချောတစ်ယောက်ရအောင်၊ ဒါလောက်ပဲ၊ ခုတော့တော်....'

ကိုစံလွင်ကတော့ မိခင်စကားနှင့်ပတ်သက်၍ ပြုံးပြုံးကလေးသာ နေလိုက်၏။

ဖခင်ကတော့

'အေး....ဘာပဲဖြစ်ဖြစ် လူဆိုတာ ကိုယ့်ဘဝကိုယ် ဖန်တီးရမှာပဲပေါ့။ ဖေဖေ သဘောကျတယ်။ ဒါပေမဲ့ သားရယ် မင်းကိုတော့ ဒီခရီးအဝေးကြီးသွားနေရမှာ စိတ်မချဘူး။ ကျန်းမာရေး၊ လူမှုရေးက အစ'

ကိုစံလွင်က သူသည် ဆရာဝန်တစ်ယောက်ဖြစ်နေပြီမို့ စိတ်ချရန် ပြန်ပြောသော်လည်း

'ဖေဖေတို့ လွမ်းနေတော့မယ်ကွာ'

ဟု ပြော၏။

မိခင်ရော ဖခင်ပါ ဆရာဝန်ကြီးအပါအဝင် ကိုစံလွင်ထိုဒေသသို့သွားရောက် အမှုထမ်းရမည်ကို စိတ်မချမ်းသာကြ။

သို့သော် ဆရာဝန်ကြီးက ပြော၏။

'တိုင်းပြည်က ပညာတွေ သင်ကြားပေးထားတာဟာ တိုင်းပြည်ရဲ့

mgyoe.com

mgyoe.com


အလိုကျအတိုင်း ဖြစ်သင့်တယ်။ မောင်ရင်တို့လို ငွေရေးကြေးရေးက အစ လူနေမှုအဆင့်အတန်းကိုပါ မွေးကတည်းက မခံစား၊ မစံစားဖူးတဲ့ ကျေးလက်လူထုကို မောင်ရင်တို့က အလေးထားမှ သင့်မယ်။ ဘာကြောင့် ဆိုတော့ သူတို့ကျွေးလို့ မောင်ရင်တို့ ထမင်းစားနေရတာမဟုတ်လား။ လူဆိုတာ သူ့ကျေးဇူးကိုယ့်ကျေးဇူးရယ်လို့ သဘာဝအလျောက်ရှိတယ် သား'

ဆရာကြီး၏ စကားစုတွင် 'သား....' ဟူသော စကားလုံးသည် သူ့ အတွက် အထိရောက်ဆုံး။

ဤသို့ဖြင့် ကိုစံလွင်သည် ကျေးလက်သို့ တာဝန်ထမ်းဆောင်ရန် ခရီး ထွက်ဖြစ်သွားကြောင်း။

× × ×

'ကျွန်တော်တို့မြို့ကလေးက ရွာသာသာလေးပါ။ ပြီးတော့ ဒေသခံလူ တွေကလည်း သိပ်ပြီး ကျေးလက်ဆန်လွန်းပါတယ်။ ဒီအတွက် ဆရာ သည်းညည်းခံနိုင်ဖို့တော့ လိုမယ်ထင်ပါတယ်'

လှေဆိပ်သို့ ရောက်ရောက်ချင်းပင်လျှင် လာကြိုနေသူက မြင်းလှည်း ပေါ်တွင် ပြောသောစကားဖြစ်၏။ ထိုအခါ ဒေါက်တာစံလွင်က

'ကျွန်တော်က ဆရာဝန်ပါ။ ဆရာဝန်ဆိုတာ လူနာရှိတဲ့အရပ်ကို လိုက်ရှာပြီး သွားကြရမယ့် လူမျိုးတွေပါ။ ကျွန်တော့်ကို တိုင်းပြည်က ပညာတွေသင်ပြီးမှ တိုင်းပြည်က စေလွှတ်တာဝန်ပေးတဲ့နေရာကို သွားရ မှာပေါ့'

'ဘာတုံးဗျ ဆရာရဲ့။ တိုင်းပြည်က စေလွှတ်တာဝန်ပေးတဲ့နေရာကို သွားရမှာပေါ့ဆိုတော့ ကိုယ့်စိတ် ကိုယ့်သဘောနဲ့ဆိုရင်တော့ ကျုပ်တို့ မြို့ကလေးကို လာချင်စိတ် မရှိလှဘူးလို့ ဆိုချင်တာလား၊ ဟား... ဟား... ဟား'

'ဟဲ...ဟဲ....ဒါကတော့ လူဆိုတာ နတ်ပြည်နဲ့ လူ့ပြည် ဘယ်မှာနေ မလဲမေးရင် နတ်ပြည်မှာသာ နေချင်တယ်ပဲ ပြောကြမှာပေါ့။ ဟုတ် တယ်လေ။ လိုချင်တာ အကုန်ရတဲ့ ရန်ကုန်လိုနေရာမျိုးနဲ့ ကျေးလက်ဒေသ တစ်ခု ဘယ်သူက ကျေးလက်ကို ရွေးပါ့မလဲ။ ဒါက လူ့သဘာဝအလျောက်

mgyoe.com

mgyoe.com

ခြံငုံပြီး ပြောရတာပါ။ ဒါပေမဲ့ လူ့ပြည်မှာနေဖို့ လူဖြစ်လာတဲ့လူနဲ့ နတ်ပြည်မှာ နေဖို့ လူဖြစ်လာတဲ့ လူရယ်လို့ သဘာဝတရားက ဖန်တီးနေတာပဲလေ'

'ကြိုက်သဗျို့၊ ဆရာကလည်း ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်တဲ့ လူတစ်ယောက်ပေပဲ'

'ဒါပေမဲ့ ကျွန်တော့်စကား ကျန်သေးတယ်။ လူဆိုတာ မိမိနဲ့ သင့်တင့် လျောက်ပတ်တဲ့ နေရာ၊ နေရာတွေမှာ နေကြရတာပဲ မဟုတ်လား'

ထိုသူသည် ရယ်မော လိုက်လျောညီထွေနေရာမှ မျက်နှာတည်ပြီး စဉ်းစားသွားလေတော့သည်။

'ဆရာက ကံတရားကို ယုံကြည်တဲ့လူဆိုရင်တော့ ကျုပ်တို့ဒေသနဲ့ အကိုက်ပဲ။ ကျုပ်တို့ ဒေသခံလူတွေက အစွဲအလမ်းသိပ်ကြီးကြတာ'

'ဒီလိုလည်း မဟုတ်သေးဘူးခင်ဗျ။ ကျွန်တော်ဆိုလိုတာက ကံဆိုတာ အလုပ်။ မြတ်စွာဘုရားကလည်း ဟောကြားခဲ့သားပဲ။ ကံဆိုတာ မိမိ လုပ်ရပ်ကို ရောင်ပြန်ဟပ်တဲ့ အရာပဲလို့။ ဒီတော့ မိမိလုပ်ရပ်ပေါ် မူတည်ပြီး ကံကံ၏အကျိုးရယ်လို့ ဖြစ်လာတယ်လို့ ကျွန်တော်ယုံကြည်တယ်'

'ဒါဖြင့် ဆရာဆိုလိုတာက ကောင်းအောင်လုပ်တဲ့ လူ နတ်ပြည်ရောက်ပြီး၊ တော်ရုံသင့်ရုံသမားတွေကတော့ လူ့ပြည်မှာသာ တဝဲဝဲရယ်တဲ့ တလည်လည်ဖြစ်နေရတယ် ဆိုပါတော့'

'ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ နတ်ပြည်လို အလွန်ပျော်မွေ့စရာကောင်းတဲ့ဒေသကို စွန့်ခွာပြီး လောဘ၊ ဒေါသ၊ မောဟ လွှမ်းနေတဲ့ လူတွေကို ကယ်တင်ဖို့ လူ့ပြည်ကို ပြန်ဆင်းလာတဲ့ မြတ်စွာ ဘုရားလိုပုဂ္ဂိုလ်ထူးတွေလည်း ရှိသေးတယ်'

'အင်း... ဆရာကတော့ ဆေးပညာတတ်သာမက ဗဟုသုတနဲ့ အတွေး အခေါ်ဘက်မှာပါ တော်တဲ့လူပါပဲ။ စကားပြောကလည်း ကောင်းပါ့ဗျာ'

'သိပ်လည်း မမြှောက်နဲ့။ လှည်းဆောင့်လို့ နဂိုကမှ မြောက်ကြွ မြောက် ကြွ ဖြစ်နေရတာ ဟား...ဟား'

'ရောက်လုပါပြီ ဆရာရဲ့ ရှေ့ တောင်ကြောလေးတစ်ကွေ့ဆိုရင် မြို့ကို လှမ်းမြင်ရပါပြီ'

'အင်း....ကျုပ်မှာလည်း ဆရာရောက်မှ ခုလို အတွေးအခေါ်ဆန်တဲ့
mgyoe.com

mgyoe.com


စကားတွေ ပြောဖော် ပြောဖက်ရတော့တာပဲ။ ကျုပ်တို့မြို့က ပညာတတ်သိပ်နည်းတယ်။ ဘာသာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ စကားမျိုးတွေ ပြောချင်တဲ့အခါ မြို့က လူကြီးတွေနဲ့ပဲ ပြောရတယ်။ ဒါပေမဲ့ သူတို့အတွေးအမြင်တွေက ရှေးဆန်တယ်။ နိပါတ်တွေ၊ ဂန္ထဝင်တွေထဲက ခွဲမထွက်နိုင်ဘူး"

လှည်းကလေးသည် တောင်ကြောကလေးပေါ်သို့ တအိအိတက်လာခဲ့သည်။ ဆရာဝန်ကိုစံလွင်သည် လာကြိုသူနှင့် စကားပြောရင်း ဝန်းကျင်ကို ဂရုစိုက်မိသည်။

ဟော...ကြည့်စမ်း၊ သူ့စိတ်ထဲ၌ ထိုဝန်းကျင်၏ စိမ်းမြအုပ်ဆိုင်းသော သစ်တောအခြေအနေကို သာယာသလော၊ ထိတ်လန့်ဖွယ်ရာလောဟူသည့် လူသာမန်တို့မြင်လေ့ရှိသလို မမြင်ဘဲ 'စိမ့်နေတာပဲ ငှက်ဖျားရှိမယ်ထင်တယ်' ဟု ပြောမိလေသည်။

'ရှိတော့ ရှိလိမ့်မယ် ဆရာ။ ဒါပေမဲ့ မြို့အထိတော့ ရောက်မလာနိုင်ဘူးထင်တာပဲ'

'ဟာ... ဒီလို ပေါ့ပေါ့တွက်ထားလို့တော့ မရဘူး။ ချုံရှိရင် ခြင်ရှိသလို စိမ့်ရှိရင် ငှက်ရှိတတ်တယ်'

သူတို့သည် အခြားသော ကျန်းမာရေးနှင့်ဆိုင်သော ထွေလာကေလာ စကားများကို ပြောဆိုရင်း မြို့ကလေးဆီသို့ ဦးတည်မိကြလေသည်။

'အင်း... ကျွန်တော်နဲ့ ခင်ဗျားဟာ ပွင့်ပွင့်လင်းလင်းနဲ့ ပျော်ပျော်ပါးပါး စကားပြောတတ်ကြသူတွေမို့ ခုလို တွေ့တွေ့ချင်းပဲ စကားတွေ ဖောင်နေလိုက်ကြတာ၊ ခင်ဗျားအကြောင်းလည်း ကျွန်တော့်ကို ပြောဦးမှပေါ့'

'ကျုပ်လည်း ဘွဲ့ရပညာတတ် တစ်ယောက်ပါပဲ။ ဒီမြို့ဇာတိမို့ ကျောင်းဆရာဘဝနဲ့ မြို့ကိုပဲ ပြန်လာခဲ့တာ။ ခုတော့ အစိုးရအမှုထမ်းနေရတာပေါ့'

'ကောင်းပါလေ့ဗျာ....ကျွန်တော်နဲ့ လက်တွဲညီညီဆောင်ရွက်ကြတာပေါ့'

မြို့ထဲသို့ ဝင်လာခဲ့ရာ မြို့လယ်ပိုင်း မရောက်တရောက်မှာ 'ဟာ...ဆရာဝန်ပါလာပြီဟေ့....အတော်ပဲ၊ ဟိုအိမ် တစ်ခါတည်း ပင့်သွားရအောင်' ဟု အဘိုးအိုတစ်ဦးက မြင်းလှည်းကိုတားရင်းက ပြောလေသည်။

လူရွယ်တစ်ယောက်ကမူ 'ဟာ....အဘကလည်း သေပဲသေနေမှ ဘာ

mgyoe.com

mgyoe.com


ထူးတော့မှာတုန်း’ ဟု ဝင်ပြောသည်။

‘ဘယ်သူ ဘာဖြစ်လို့လဲ’

‘မြခင်သားလေး စောစောကတင်ဆုံးလို့’

‘ဘယ် မြခင်လဲ’

‘ဟောဒီ ဆရာဝန်လေး လာရင် တည်းဖို့ဆိုပြီး စီစဉ်ထားတဲ့ အိမ်ကပေါ့’

စိတ်မကောင်းခြင်း၊ စိတ်ပျက်ခြင်းဖြင့် သက်ပြင်းရှည်ကြီး ချလိုက်လေသည်။

ဆရာကိုစံလွင်ကတော့

‘ကိုင်း.... အဲဒီ အိမ်ကိုသွားကြရအောင်၊ အလောင်းကို ကျွန်တော် ကြည့်ချင်တယ်’

‘နားပါဦး ဆရာရယ်....ကျွန်တော့်အိမ် အလျင်သွားဦးစို့၊ ဘယ့်နှယ် ခရီးပန်းလာရတဲ့ကြားထဲ’

‘ခရီးပန်းလို့ နည်းနည်းတော့ မောတယ်ဗျာ။ ဒါပေမဲ့ အလောင်းကို ကြည့်ဖို့ ကျွန်တော်စိတ်သန်နေတယ်။ ပြီးတော့ ရောက်ရောက်ချင်းဆိုသလို ကျွန်တော့်အတွက် အလုပ်တစ်ခုအဆင်သင့် စောင့်နေတာတွေ့ရလို့လည်း ဂုဏ်ယူမိတယ်’

ဤသို့ဖြင့် အသုဘအိမ်သို့ သွားကြသည်။

‘အမှန်က...ဆရာ့ကို အဲဒီအိမ်မှာပဲ နေရာချထားဖို့ စီစဉ်ထားတာ ပါ။ ဆေးခန်းကလည်း အိမ်နဲ့ ကပ်လျက်ဆိုတော့ ဆရာ့အတွက်လည်း အဆင်ပြေတာပေါ့။ စားဖို့ သောက်ဖို့ကလည်း သူတို့မိသားစုကပဲ ချက်ပြုတ်ပေးမယ်၊ အဲသလို။ ခုတော့ ဆရာရယ်၊ ဒီ ကလေးဟာ ညကမှ လူကောင်းပကတိ ကျုပ်ဆီတောင်လာပြီး ကျောင်းစာတွေမရှင်းလို့ လာမေးသွားရှာသေးတယ်’

အသုဘအိမ်ရှေ့တွင် ကလေးသူငယ်များ၊ လူကြီးသူမများ ဝိုင်းအုံနေကြသည်။ မြင်းလှည်းဆိုက်လာလျှင် လမ်းရှဲပေးကြသည်။

အိမ်ပေါ်ရောက်တော့ တရှုပ်ရှုပ်ငိုကြွေးနေသူ သုံးလေးယောက်ကို တွေ့ရသည်။

ကျန်လူများကတော့ စိတ်မကောင်းသည့် မျက်နှာထားများနှင့် အေးဆေးစွာ ထိုင်နေကြသည်။

mgyoe.com

mgyoe.com


အိမ်ရှေ့ခန်းမှာပင် ဖျာကလေး တစ်ချပ်ခင်းပြီး အလောင်းပြင်ထားသည်။

ကလေး၏အဘွားဖြစ်သူ၊ မိခင်ဖြစ်သူတို့နှင့် မိတ်ဆက်ပေးသည်။

ကလေး၏အဘွားသည် အသက် ၇၀ ကျော်လောက်ရှိမည်။ ကလေး၏ ခေါင်းရင်းတွင် ထိုင်ပြီး စိတ်ပုတီးစိပ်နေသည်။

သူ၏မျက်နှာတွင် ဝမ်းနည်းခြင်း၊ လောကကြီးအား တရားကျခြင်းများ ရောယှက်နေသည်။ ကိုစံလွင်ကို အသိအမှတ်ပြုပြုံး ပြုံးပြပြီး မျက်စိမှိတ် နေလိုက်သည်။

ကလေး၏ မိခင်ကား အသက် ၂၄ နှစ်ခန့်မျှရှိမည်ဖြစ်သည်။ ရွက်ကြမ်းရေကျိုရုပ်မျိုး။

သူသည် ဒေါက်တာစံလွင်ကို ကြည့်ပင် မကြည့်၊ ပုဆစ်တုပ်ရင်း သူ့သားကလေး၏ မျက်နှာကိုသာ စူးစူးစိုက်စိုက်ကြည့်နေသည်။

ဘယ်လိုမှ ပြန်ပြီး မရနိုင်တော့သော အရာကို မျှော်လင့်နေသော မျက်လုံးအစုံတွင် မျက်ရည်တွေ စီးအိုင်နေရှာသည်။

'ကလေးကို ကျွန်တော် ကြည့်ပါရစေ'

'ကြည့်နိုင်ပါတယ် ဆရာလေး'

အားလုံးက ဆရာဝန်ကို ဘယ့်နှယ်ကြောင်တောင်တောင်လူပါလိမ့်၊ သေနေတာ ဘာလုပ်လို့ရတော့မှာလဲဟူသောသဘောဖြင့် ဝိုင်းကြည့်သည်။

ကလေးအမေ မမြခင်က ခုမှ ဆရာကိုစံလွင်ကို မော့်ကြည့်သည်။ တစ်စုံတစ်ရာကို အားကိုးရလိုက်သလို။

ကိုစံလွင်သည် ထုံးစံအတိုင်း သွေးကြောကိုစမ်းသည်။ နှလုံးကို စမ်းသည်။ မျက်လုံး၊ ပါးစပ်။

ကိုစံလွင်သည် မမြခင်ကို ကြည့်လိုက်သည်။

'ဘယ်လိုဖြစ်တာလဲဟင်'

'ညက တစ်ညလုံးလိုလိုပဲ စာကျက်နေခဲ့ပါတယ်။ စာမေးပွဲနီးပြီ ဆိုပြီးတော့ ခုမနက်လည်း အစောကြီးထ စာကျက်ပါတယ်။ ကျွန်မတို့က အိပ်ဖို့ပြောလည်း မရဘူး။ သူ...စာသိပ်ကြိုးစားတဲ့ သားလေးပါရှင်'

စကားကိုခေတ္တရပ်ပြီး တစ်ချက်နှစ်ချက် ရှိုက်လိုက်သည်။

mgyoe.com

mgyoe.com


'အဲဒါ မနက်ပိုင်း ကျွန်မ ထမင်းချက်နေတုန်း အမေလို့ အော်သံကြားလို့ ပြေးထွက်လာတော့ သူခေါင်းလေး သူကိုင်ပြီး မူးတယ်....မူးတယ်နဲ့ ဗုန်းခနဲ ပစ်လဲတော့တာပါပဲရှင်'

ကိုစံလွင်သည် တစ်ဘက်သို့လှည့်ရင်း

'ကျွန်တော့်အထင်တော့ ဦးနှောက်သွေးကြောပြတ်တာပဲ ဖြစ်ရမယ်။ သွေးတိုးကတော့ ဒီအရွယ်မှာ ဖြစ်ဖို့မလွယ်ဘူး။ နှလုံးရောဂါ လက္ခဏာလည်း မတွေ့ရဘူး။ အရွယ်နဲ့မလိုက်အောင် ဦးနှောက်ကို အသုံးချလွန်းရင် ဒီရောဂါမျိုးဖြစ်တတ်ပါတယ်'

'အို.... မဆီမဆိုင်ဗျာ'

အားလုံး အသံလာရာဆီသို့ ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်း နံရံတွင် လုံချည်ကို ပေါင်ပေါ်သည်အထိ မတင်ပြီး တင်ပျဉ်ခွေထိုင်နေသော မျက်နှာပေါက်ဆိုးဆိုးလူတစ်ယောက်။

သူသည် ကိုစံလွင်ကိုမကြည့်၊ ဘယ်သူ့ကိုမှ ဂရုမထား၊ ပြောချင်ရာ စွတ်ပြောနေပုံရသည်။ သူကဆက်ပြောသည်။

'ညက ဒီကောင် စာကျက်နေတုန်း ကျုပ်အပြင်က ပြန်လာတော့ အိမ်ခေါင်မိုးပေါ်က ငှက်ဆိုးကြီးတစ်ကောင်အော်ပြီး ပျံသွားတာ ကျုပ် မြင်လိုက်တယ်'

'ဟာ....'

အနီးရှိလူများ၏ အာမေဋိတ်။

ကိုစံလွင်က ကြည့်လိုက်သည်။ မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

'ကိုင်း...ကျွန်တော်လည်း ခရီးပန်းလာလို့ ပြန်ပါဦးမယ်နော်'

ကိုစံလွင်သည် သည်မြို့၌ နံပါတ်(၁) စတင်ကုသရမည့် စိတ်ရောဂါကို တွေ့လိုက်ရပေပြီ။

တစ်ဆက်တည်းမှာပင် အိတ်ထဲမှ ငွေအစိတ်ကို မမြခင်ထံ လှမ်းပေး၏။

'ဘယ်လိုမှ သဘောမထားပါနဲ့ မမြခင်'

မမြခင်က ခေါင်းခါသည်။ သူ့အမေအဘွားကြီးကလည်း ခေါင်းခါသည်။ နံဘေးမှလူများကလည်း ခေါင်းခါကြသည်။

'ပေး....ပေး ဘယ်သူမှ မယူရင် ကျုပ်ယူမယ်'

mgyoe.com

mgyoe.com


စောစောကလူပင် သူ့ပါးစပ်မှ အရက်နံ့ထောင်းခနဲ ထွက်လာသည်။

× × ×

'ကိုင်း.....ဆရာ ကျုပ်အိမ်မှာသာ တည်းပေတော့၊ ဆေးခန်းမှာဆိုလည်း အသုဘအိမ်နဲ့ နီးနေတော့ ဆရာ့အဖို့ အားနာစရာ'

'ကိစ္စမရှိပါဘူး။ တစ်ခုရှိတာ ဆေးခန်းမှာ ကျွန်တော်တည်းရင် သူတို့အဖို့ ကျွန်တော့်အတွက် မဖြစ်မနေ အလုပ်ပိုတော့မယ်။ ဒီတော့ နောင်ကြီးအိမ်မှာပဲ ဆယ့်လေးငါးရက်ဆိုသလို နေလိုက်ပါမယ်။ နောက်ပြီး အစားအသောက်ကိုလည်း ကျွန်တော့်ဘာသာ စားချင်တယ်'

'ဒီဆယ့်လေးငါးရက်တော့ ကျုပ်အိမ်မှာပဲ စားပါဗျာ။ ကျုပ်တို့စားသလိုပေါ့။ နောက်ပိုင်းဆရာ့သဘောပါ။ ဆေးခန်းရောက်ရင်လည်း စောစောက မမြခင်တို့က အစားအသောက် တာဝန်ယူပါလိမ့်မယ်'

'မဟုတ်တာပဲ၊ သူတို့မှာလည်း အပူအပင်နဲ့ဟာ'

'မဟုတ်ဘူး၊ သူတို့က ထမင်းဆိုင်ရှိတယ်လေ'

'ကောင်းတာပေါ့၊ ထမင်းလခပေး စားလိုက်မယ်ဗျာ'

'ဒါနဲ့....မမြခင်ရဲ့ယောကျ်ားက ဘယ်လိုလူစားလဲဗျာ'

'ဘယ်ဟာလဲ'

'ဟို....မျက်နှာပေါက်ဆိုးဆိုးနဲ့ အရက်သောက်ထားပုံရတဲ့လူလေ'

'ဟာ...အဲ့ဒါ မမြခင်ရဲ့ အစ်ကိုကြီးပါ။ အလကား အရက်သမား ဘာအလုပ်မှ ဟုတ်တိ ပတ်တိ လုပ်တဲ့ကောင်မဟုတ်ဘူး။ ခုနက ဆရာ ပေးလိုက်တဲ့ ကူငွေလည်း ခုလောက်ဆို အရက်ဆိုင်မှာ သွား ဖြုန်းနေလောက်ပြီ။ မြခင်ရဲ့ ယောကျ်ားက လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆုံးပါးသွားရှာပြီ'

'နို့....သူပြောတဲ့ ငှက်ဆိုးဖြတ်ပျံသွားတယ်ဆိုတာကကော'

'ခက်တယ် ဆရာရယ်၊ ဒီဒေသမှာက ဒီအစွဲအလမ်းဟာ အရိုးစွဲနေပြီ။ ငှက်ဆိုးတစ်ကောင် ရွာပေါ်ဖြတ်ပျံရင် ရွာမှာ တစ်ခုခုဖြစ်တာပဲ။ အိမ်တစ်အိမ်ပေါ် ဖြတ်ရင် အဲ့ဒီအိမ် လူသေတာပဲလို့ ထင်နေကြတာ'

'ဟာ....အဓိပ္ပာယ်မှမရှိဘဲ၊ နို့....အဲဒီငှက်ဆိုး ဆိုတာက ဘာငှက်လဲ'

'တစ်တီတူး....'။ ။

mgyoe.com

mgyoe.com

# ၂

ဆရာကိုစံလွင်သည် ကနေ့ဆေးခန်းကို ပြောင်းသည်။

သူ့အိမ်မှာပင် တစ်လ ကိုးသီတင်း နေဖို့ပြောသော်လည်း ကိုစံလွင်က ဆေးခန်းမှာပင် လွတ်လွတ်လပ်လပ် သီးသန့်နေချင်သည့်အကြောင်း ပြောသည်။

ဆရာကြီးအိမ်မှာနေစဉ်အတွင်း နံနက်ဆေးခန်းသို့သွား၊ မြို့ခံလူထုနှင့် ပတ်သက်၍ တတ်နိုင်သလောက်လေ့လာ၊ ဤသို့ နေခဲ့သည်။

ဆရာကြီးနှင့်ပူးပေါင်း၍လည်း ရှေ့ရေးစီမံကိန်းများကို ချမှတ်သည်။

သို့သော် ဆရာကြီး ပြောပြပုံအရဆိုရင်တော့ သည်မြို့ခံလူတွေနှင့် ဆက်ဆံရသည်မှာ သိပ်မလွယ်နိုင်။

မနည်းကြီးကို စည်းရုံးယူရမည်။ မြို့သား လူငယ်၊ လူလတ်ပိုင်း တစ်ရာမှာ ခုနစ်ဆယ်လောက်က အရက်ကို တရှိုက်မက်မက် သောက်တတ်ကြသည်။

ညပိုင်းဆိုလျှင် သာမန်လူများ အပြင်ထွက်ခဲသည်။ တစ်ညမှာ တစ်ခါတော့ အနည်းဆုံး ခဲပွဲ၊ ရိုက်ပွဲ ဖြစ်တတ်သည်တဲ့။

သူသည် လူပေါ်ကြော့တစ်ယောက် မဟုတ်ကြောင်း သက်သေပြချင်နေသည်။ ကျေးလက်လူထု၏ ကျန်းမာရေး၊ ပညာရေး၊ အတွေးအခေါ်

mgyoe.com

mgyoe.com
ပိုင်းတို့ကို မြှင့်တင်လိုစိတ် ပြင်းပြနေသည်။

ရန်ကုန်မြို့မှာ နေစဉ်က သည်လောက်မဟုတ်။

တကယ်တော့ မြို့ကလေးသို့ရောက်မှ စိတ်က အလိုလိုစေတနာ ပိုလာရတော့သည်။ လက်တွေ့ဘဝသည် ထိရောက်လေစွ။

သူနှင့် ရွာလူကြီး အဓိက တိုင်ပင်ထားသော နံပါတ်တစ်ဦးစားပေးလုပ်ငန်းမှာ မြို့ဝန်းကျင်မှ ချုံနွယ်ပိတ်ပေါင်းများကို မြို့လူထုအားဖြင့် ရှင်းလင်းရန်၊ ထိုမှ တစ်ဆင့် အနီးမှ စိမ့်မြိုင်ကြီးကို အောက်ခြေချုံနွယ်များရှင်း၊ အထက်မှ အကိုင်းအခက်အချို့ကို ကွက်ကျားခုတ်၊ ဤသို့ဖြစ်၏။

ဒါမှ နေပြောက်ထိုးလာမည်။ ခုတော့ စိမ့်တောကြီးသည် နေပြောက်ထိုးမပေါက်အောင် ပိတ်မှောင်နေသည်။ ခြင်ပုန်းများ ပေါသည်။

ထိုမှတစ်ဆင့် ရောဂါဘယ ဝင်မည်။ အထူးသဖြင့် ငှက်ဖျား....

တခြားမကြည့်နှင့် သူရောက်ပြီးသည့် ၁၅ ရက်အတွင်းမှာပင် လူနှစ်ယောက်ရှိပြီ။ ငှက်ဖျား။

ထိရောက်သော ငှက်ဖျားဆေး သူ့မှာမရှိ။

တတ်သလောက် သူ့ပညာဖြင့် ရှိသည့်ဆေးနှင့် မနည်းကုယူရသည်။

ဒါတောင် အမြစ်ပြတ်မည်မထင်၊ အချိန်တန် ပြန်ဖြစ်နိုင်သည်။

'ဒီတော့ တစ်နေ့လောက် လူထုအစည်းအဝေးပွဲလေးလုပ်ပြီး ဆေးပညာပေး ဟောပြောပွဲ လုပ်ရရင် မကောင်းဘူးလား ဆရာကြီး'

'ကောင်းသားပဲ၊ တစ်ညလောက် လုပ်တာပေါ့' နေ့ပိုင်းဆိုတော့ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာ မဟုတ်လား'

ဤအတောအတွင်း ရွာလူကြီးနှင့် ဆရာဝန် ကိုစံလွင်တို့သည် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင်မှုများကို အစဉ်မပြတ် လုပ်ကိုင်ရင်း တက်တက်ကြွကြွ ရှိနေကြတော့သည်။

× × ×

ကိုစံလွင်၏ ပစ္စည်းပစ္စယများကို မြို့ခံလူငယ်များက ဆေးခန်းသို့ ပို့ပေး နေရာချထားပေးကြသည်။

ကိုစံလွင်သည် မြို့တွင် တတ်နိုင်သမျှ ရင်းနှီးခင်မင်မှုရအောင် ကြိုးစား

mgyoe.com
သဖြင့် လူငယ်ထုအသိုက်အဝန်းက သူ့အပေါ် ခင်မင်လာကြသည်။ ဆရာလေး....ဆရာလေးနှင့်....။

အားလုံးအသင့်ဖြစ်ပြီဆိုသောအခါ ကိုစံလွင် ဆေးခန်းသို့လာခဲ့သည်။

ဆေးခန်းတွင် ဧည့်ခန်း၊ လူနာခန်း၊ ဆရာဝန်ခန်း၊ အားလုံးနေသားတကျပြင်ဆင်ထားပြီးနေပြီဖြစ်သည်။

'ကိုင်း...ဆရာလည်း နားချင် နားတော့၊ ကျုပ်လည်း ကိစ္စလေးတွေပြောရဦးမယ်။ လာကြဟေ့....မင်းတို့လည်း ပြန်နားချည်ကြတော့'

ဆရာကြီးနှင့် လူငယ်များ ထွက်သွားကြသောအခါ သူသည် သူ့အိပ်ခန်းအတွင်းသို့ ဝင်လာခဲ့တော့သည်။

'ဟင်....မမြခင်'

'ဆရာ...'

'ဒီလောက်ထိ လုပ်နေစရာ မလိုပါဘူးဗျာ၊ ကျွန်တော်ဖြစ်သလို နေတတ်ပါတယ်'

'ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ ကျွန်မတို့အပေါ် ဆရာ့အကူအညီတွေဟာ များလှပါပြီ။ ကျွန်မတို့ဘက်ကလည်း တတ်နိုင်သလောက် ကူညီရမှာပေါ့'

ကိုစံလွင်နှင့် မမြခင်တို့သည် ယခုအခါ အတန်ပင် ရင်းနှီးနေကြပြီဖြစ်သည်။

ကိုစံလွင်သည် မမြခင်၏သား အသုဘမှစ၍ မမြခင်တို့ အိမ်သို့ နေ့စဉ်ဆိုသလို ရောက်တတ်၏။

ဆေးခန်းနှင့်ကလည်း ကပ်လျက်မို့ ခရီးလမ်းကလည်း သင့်သည်။ သည်ကြားထဲ မမြခင်၏မိခင်ကြီး နာမကျန်းရှိသည်မို့ ဆေးကုသွားရသည်လည်းရှိသည်။

နောက်တစ်ခု။

ကိုစံလွင်၏ စိတ်။

ကိုစံလွင်၏စိတ်သည် မမြခင်အပေါ်တွင် ရောက်စရက်များ၌ပင် တစ်မျိုးတစ်မည် ဖြစ်လာခဲ့သည်။

မြန်ဆန်လွန်းသည်ဟု ဆိုကလည်း ရတော့ ရသည်။ သို့သော် သူ့မှာ

mgyoe.com

mgyoe.com

သူ့အကြောင်းနှင့် သူရှိခဲ့သည်။

ကိုစံလွင်သည် ဆေးကျောင်းသား ဘဝမှာပင်လျှင် မိန်းမကိစ္စ၊ အဲ... အချစ်ဆိုပါတော့၊ အားနည်းခဲ့သည်။ တစ်ယောက်ဆို မတစ်ယောက်ဖူးဘူးဟု ပြော၍ရသည်။

ကျောင်းမှာဆိုလျှင် နံပါတ်တစ်ပညာရေး၊ နံပါတ်နှစ် လူမှုရေး၊ နံပါတ်သုံး ဘာညာစသဖြင့် ဒါနှင့် အချိန်ကုန်နေသည်။

အားကစားနှင့် အချစ်ကိစ္စတော့ သူစိတ်မဝင်စားချေ။ ငယ်စဉ်ကတည်းက သူ့ကျန်းမာရေး မကောင်း၊ မွေးရာပါရောဂါစုံနှင့် လူပုံကလည်း ပိန်ပိန်လှပ်လှပ်ကလေးဖြစ်သည်။

ပိုးဟပ်ဖြူကလေးကဲ့သို့ လူငယ်တို့ဘာဝ သူ့ကိုယ်သူ အားငယ်သည့်စိတ်ကလည်း ရှိနေဟန်တူသည်။ သူ့ကို စတင်လာသည့် မိန်းမချောကလေးများကိုပင် သူက ငြင်ငြင်သာသာ ငြင်းပယ်ခဲ့သည်ချည်းဖြစ်၏။

ခု ဒီရောက်ခါမှ သူ့စိတ်တွေ ဘယ်လိုကြီး ဖြစ်ကုန်သည်မသိ၊ မမြခင်ကို စွဲလမ်းမိလေတော့သည်။

မမြခင်သည် မပဋ္ဌာလို သားသေ၊ လင်သေ၊ မုဆိုးမကလေးမို့ သနားဂရုဏာလည်းပါမည်။

ညိုညက်ညက်အသားအရေနှင့် ကြည်လင်သောမျက်နှာဝိုင်းကလေးကိုလည်း စိတ်ချမ်းသာမိခြင်းဖြစ်သည်။

ချိုသာ အေးချမ်းသော စကားသံသည် နားဝင်ချိုလှသည်။

အမြဲတစေ အလုပ်နှင့်လက်မပြတ်ဘဲ ဘီး ကျော်ပတ်ကြီးသည် တစ်မျိုးတစ်မည်လှ၏။

တစ်ရစ်တုန်ခါသော တင်ပါး၊ မို့မောက် တင်းရင်းသော ရင်သား အလှမျိုးမရှိသော်လည်း ပြားပြားမို့မို့သော တင်သား၊ အနည်းငယ်စူထွက်နေသော ဗိုက်ခေါက်တွဲရရွဲကလေး၊ မသိမသာကျနေသော ရင်သားတို့သည်လည်း ကိုစံလွင့်စိတ်ကို လှုပ်ရှားစေသည်အမှန်ဖြစ်၏။

နောက်ဆုံး တစ်ခုကတော့ ဘယ်လိုဆိုတာ သူမပြောတတ်။ အထက်ပါအချက်များ စုပေါင်းထားသော အရာလား မသိ။

မမြခင်ကို ချစ်သည်။

mgyoe.com

mgyoe.com


ယခုလည်း တကုတ်ကုတ်နှင့် အလုပ်ရှုပ်နေသော မြခင်ကိုသာ မရဲတရဲမှနေ၍ တဖြည်းဖြည်း စူးစူးရဲရဲကြီးကြည့်နေမိတော့သည်။

သူ၏အကြည့်သည် မြခင်၏ နောက်ကျောပြင် တစ်လျှောက်သာလျှင် ဖြစ်သောကြောင့် မြခင်၏ ရင်တွင်းသို့ ဖောက်ဝင်သွားဟန် မတူချေ။

မြခင်သည် ဘာမှတုန်လှုပ်ထူးခြားမှုမရှိတော့ဘဲ ရိုးရိုးသားသားပင် သူ့အလုပ် သူလုပ်နေ၏။

ကိုစံလွင်သည် မမြခင်ကိုစကားတစ်ခုခုပြောချင်နေ၏။ ဘာပြောရမှန်းလည်း မသိ။

ထို့ကြောင့်

'မမြခင်....'

'ရှင်....ဆရာ'

'မမြခင်ရဲ့အစ်ကို ကိုကြီးသာဒင်ဟာ လူတစ်မျိုးပဲနော်....'

'လူတစ်မျိုးမဟုတ်ပါဘူး ဆရာရယ်....လူဆိုးပါ။ အရက်က လွဲလို့ ဘာမှမသိတဲ့လူ။ အမေလည်း သူ့အတွက် စိတ်ဆင်းရဲလှပြီ။ တစ်ရပ်လုံးနဲ့လည်း အရက်သမားကလွဲရင် မတည့်ဘူး။ အဖမ်းအချုပ်ခံရတာလည်း အကြိမ်ပေါင်း မနည်းတော့ဘူး။ ဘယ်လိုဆုံးမလို့မှ မရဘူး'

'အင်း...တစ်နေ့တော့ ကျွန်တော်သူနဲ့ နည်းနည်းပါးပါး ဆွေးနွေးကြည့်ပါဦးမယ်လေ'

'အမယ်လေး...သွား မလုပ်ပါနဲ့ ဆရာရယ်၊ ဆရာ့ကိုပါ ပြဿနာလုပ်နေပါ့မယ်။ သူက ဆရာ့ကိုလည်း သိပ် သဘောတွေ့လှတာ မဟုတ်ဘူး'

'ဟာ...ကျွန်တော်က ဘာတွေများ လုပ်ထားမိလို့လဲ'

'ဒီလိုဆရာရဲ့ သူက ရန်ကုန်မြို့က လာသမျှကို ကျေးလက်ဒေသကို ဖျက်ဆီးဖို့လာတဲ့ လူတွေလို့ တစ်ယူသန် ထင်နေတာ'

'ခက်တာပဲဗျာ....၊ ကိုကြီးသာဒင်နဲ့ မမြခင်ဟာ မောင်နှမသာဆိုတယ် စိတ်ကော၊ ရုပ်ကော ကွာလိုက်တာနော်'

မသိမသာ ထွက်သွားသော စကားဦးဖြစ်၏။ ထိုအချိန်တွင် အပြင်ခန်းဆီမှ အသံတစ်သံထွက်လာ၏။

'မြခင်.... ဟေ့ မြခင်'

mgyoe.com

'ရှင်....ကိုကြီးသာဒင်'

'နင်....အဲ့ဒီ အခန်းထဲ ဘာဝင်လုပ်နေတာလဲ'

'ဆရာ့အတွက် အခန်း လာရှင်းပေးနေတာပါ အစ်ကိုကြီး'

'မလိုချင်ဘူး....လာခဲ့၊ ငါခိုင်းစရာရှိတယ်'

မြခင်သည် ကိုစံလွင်ကို အားနာစွာကြည့်ပြီး ထွက်သွား၏။

ကိုစံလွင်ရင်ထဲ ဟာတာတာကြီးဖြစ်ကျန်ရစ်။

အပြင်ခန်းဆီမှ မကြား တကြား ပြောသွားသံကို ကြားလိုက်ရသည်။

'ငါ....ဘယ်နှစ်ခါ ပြောထားရမလဲ။ ဒီကောင်နဲ့ တစ်ယောက်တည်း ဘယ်တော့မှ စကားမပြောရဘူးလို့၊ ဟင်း....ငါမပြောလိုက်ချင်ဘူးနော်'

ကိုစံလွင်သည် သက်ပြင်းရှည်ကြီးချပြီး အိပ်ရာပေါ် လှဲလိုက်သည်။

သူ့နံဘေးတွင် မြခင်ရောက်နေသလို ခံစားရသည်။

တစ်ဆက်တည်းမှာပင် မြခင်သည် အရိုးစုအပုပ်ကောင်ကို ရုပ်ဆောင်ထားသော သွေးမျှင်များ၊ အဆီပြင်များ၊ ခွဲသလိပ်များ စသည်တို့ စုဝေးရာခန္ဓာကိုယ်ကြီးပါကလားဟု သူ့မူလဗီဇအမြင်ဖြင့် မြင်နေမိပြန်တော့သည်။

mgyoe.com

mgyoe.com

# ၄

ဤသို့ဖြင့် မြခင်နှင့် ရက်အတန်ကြာ အနေဝေးခဲ့ကြပြန်သည်။ အနေဝေးခဲ့ကြရသည် ဆိုရာ၌ အရင်ကလို နှစ်ယောက်တည်း တွေ့ခွင့်ကို ဆိုလိုပါသည်။ မြခင်ဘက်ကတော့ ဘာမျှ မဖြစ်သလိုပင်ရှိသည်။ ကိုကြီးသာဒင် စကားကို အမှုထားပုံမပေါ်။ သူ့ဘက်ကသာ အလိုလို ရှောင်နေမိခဲ့ခြင်းဖြစ်၏။ ဤသည်မှာလည်း ကိုကြီးသာဒင်၏ စကားကြောင့် ရှက်သည်မှာတစ်ကြောင်း၊ သူ့ဘက်ကလည်း မလုံမလဲ ရှိနေသောကြောင့် တစ်ကြောင်းကြောင့် ဖြစ်သည်။

'ဆရာ....ခုတလော ဘာဖြစ်နေတာလဲဟင်'

'ဘာဖြစ်လို့လဲ မမြခင်'

'သိပ်ပြီး ကြည်ကြည်လင်လင်မရှိဘူး။ မြခင်ကိုလည်း အရင်လို ရင်းရင်းနှီးနှီး မဆက်ဆံတော့ဘူး'

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော် ကောင်းကောင်း နေမကောင်းလို့ ပါ'

'ကိုကြီးသာဒင် ဟိုတစ်ခါပြောတဲ့စကားကြောင့်မို့လို့မဟုတ်လား ဆရာ၊ သူ့ကိုခေါင်းထဲ မထားပါနဲ့။ ခုလို ဆရာက ခပ်တန်းတန်းနေတော့ မြခင်တို့မှာ အနေရခက်ပါတယ်'

mgyoe.com

mgyoe.com

သို့လျှင် မမြခင်က ရိုးရိုးသားသားပြောလေ သူ့အဖို့ ပိုလို့ အနေရကျပ်လေ ဖြစ်လာရသည်။

ဤသို့နှင့် လနှင့်ချီ၍ ကြာခဲ့ပါသည်။

သည်အတောအတွင်း ထူးခြားသည်မှာ သူ၏ မျက်လုံးများ၊ သူ၏ အရောင်အတိမ်းများကို မြခင် သဘောပေါက်သွားဟန်တူခြင်းဖြစ်သည်။

သည်ကြားထဲ ကိုကြီးသာဒင်ကလည်း အရက်မူးလာသည်နှင့် ဆေးခန်းရှေ့မှ မကြားတကြား ဆဲဆဲနေတတ်ခြင်းပင်။

× × ×

ဆရာကြီးနှင့် ကိုစံလွင်အပါအဝင် တက်ကြွသောတာဝန်ရှိသူများ၊ ရွာမှ လူငယ်များသည် လူထုစည်းဝေးပွဲလေးတစ်ခုလုပ်ပြီး ငှက်ဖျားတိုက်ဖျက်ရေး စီမံချက်အတွက် အလုပ်များနေကြသည်။

သည်ကြားကပင် ငှက်ဖျားရောဂါဖြစ်သူ လေးငါးဆယ်ဦး ရှိလာသေးသည်။

တစ်နေ့တွင် ဆရာကြီးအိမ်၌ ကိုစံလွင်တို့သည် ချမ်းချမ်းစီးစီးရှိသည်နှင့် အရက်အနည်းငယ်စီ သောက်ရင်း အပယိကစကားများ ပြောနေကြသည်။

'ဒီမှာ ဆရာ၊ ကျွန်တော် သတင်းတစ်ခုကြားထားလို့၊ ဟုတ် မဟုတ်တော့ မသိဘူးပေါ့လေ၊ အဲ့ဒါ....'

'ဘာများလဲ....'

'ဩော်....ကောင်မလေးကိစ္စပါ'

'ဘယ်ကောင်မလေးလဲ'

'မြခင်'

'ဘာဖြစ်လို့'

'ခင်ဗျားနဲ့သူ ဘယ်လိုပတ်သက်နေသလဲ'

'ဟုတ်ပါတယ်'

ထန်းရည်မူး ကျွဲခိုးပေါ် စကားပုံရှိသည်။

ကိုစံလွင်သည် အရက်ကလေး နည်းနည်းထွေသဖြင့် ဘာမှ မစဉ်းစား

mgyoe.com

mgyoe.com

တော့ဘဲ တုံးတိကြီး ပြောချလိုက်သည်။

ဆရာကြီးက နားမလည်ရှာပေ။

'ဘာဟုတ်တာလဲဗျ'

'ကျွန်တော်က သူ့ကိုမေတ္တာရှိနေတာ'

'ဟင်...သူကတဲ့ကော'

'မသိသေးဘူး'

'အင်းလေ....သူ့ဘဝနဲ့သူ့ကံ နိမ့်ပါးရှာတော့ စဉ်းစားဦးမှာပေါ့'

'ဟာ...မဟုတ်သေးဘူးဗျ၊ ကျွန်တော်ကကို ဖွင့်မပြောရသေးတာ'

'အို...ခင်ဗျားဟာကြီးကလည်း ယောင်ချာချာနဲ့'

'ဒါပေမဲ့ တစ်နေ့နေ့တော့ ဖွင့်ပြောမှာပေါ့'

'ကောင်းပြီ၊ ဒါဆို ဆရာနဲ့ ကျွန်တော် စကားကို အလေးအနက်ထားပြီး ပြောမှဖြစ်တော့မယ်။ ဆရာ မူးနေပြီလား'

'မမူးသေးပါဘူးဗျာ၊ စကားပြောကောင်းရုံပါ'

ဆရာကြီး၏ မျက်နှာသည် စောစောကလို ရယ်မောပျော်ရွှင်မှု လျော့ပါးသွားပြီး တည်ငြိမ်သော အသွင်သို့ ဆောင်လာလေသည်။

'မြခင်ကို ခင်ဗျား တကယ်ချစ်ရဲ့လား ဆရာ'

'ဘယ်လို မေးလိုက်တာလဲ၊ ကျွန်တော်ဟာ ပေါ့ပေါ့တန်တန် လူတစ်ယောက် ထင်လို့လား'

'ဒီလိုလည်းမဟုတ်ဘူးလေ ဆရာရယ်၊ မြခင်ဟာ ဘဝနုံချာသူလေးမို့ ကျွန်တော့်လို ရပ်ရွာလူကြီးတစ်ယောက်အနေနဲ့ သမီးကလေးလို သဘောထားရတာမို့ စိုးရိမ်စိတ်နဲ့ မေးရတာပါ'

'ကျွန်တော် သူ့ကို လက်ထပ်ယူမှာပါ'

'ခင်ဗျား သေသေချာချာ စဉ်းစားပြီးပြီလား'

'ဒီကိစ္စဟာ ပေါ့ပေါ့စဉ်းစားရတာမှ မဟုတ်တာ'

'မဟုတ်ဘူးလေ၊ ဒီကိစ္စမျိုးဆိုတာက ဖြစ်နိုင်ရင် သူ့ဘက်ကိုယ့်ဘက် လူကြီးတွေ၊ အသိုက်အဝန်းအခြေအနေတွေကိုပါ ထည့်တွက်တာ မမှားဘူးပေါ့'

'ဒီအတွေးအခေါ်တွေကို ကိုင်စွဲထားတုန်းပဲလား၊ တက္ကသိုလ်မှာ ကျန်ခဲ့

mgyoe.com

mgyoe.com


သင့်ပါပြီဗျာ'

'ဩော်....ဘဝချင်းက ကွာခြားလွန်းလို့ပါ'

'ဘာတုံးဗျ....ဘဝ'

'ဒီလိုလေဗျာ၊ ခင်ဗျား ခုနပြောတဲ့ စကားနဲ့ပဲ ပြောရရင် ကျုပ်တို့ တက္ကသိုလ်မှာ နေခဲ့တုန်းကလို ဓနရှင်သမီးနဲ့ လမ်းဘေးစာရေး ဆရာ၊ အရာရှိကြီးသားနဲ့ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်ဆိုတဲ့ ငွေကြေးကွာခြားမှု အပိုင်း မဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်လို့လည်း ခင်ဗျားကို ယုံပါတယ်။ ဆိုလိုတာက ခင်ဗျားကြီးပြင်းလာရတဲ့ အသိုက်အဝန်းကြောင့် ပါလာတဲ့ ခင်ဗျားရဲ့စရိုက်နဲ့ သူ့စရိုက်ကွာခြားမှု၊ အဲ....ပြီးတော့ သူဟာ ကလေးတစ်ယောက် အမေ၊ မုဆိုးမ၊ ခင်ဗျားက လူပျို'

'အဲ့ဒါနဲ့ မေတ္တာတရားနဲ့ မဆိုင်ပါဘူးဗျာ'

'အရမ်းမပြောနဲ့ဆရာ၊ ကဲ... ကျွန်တော် ရိုင်းရိုင်းပဲပြောမယ်။ နောင်တစ်ချိန် ခင်ဗျားတို့ အိမ်ထောင်သည်ဖြစ်ကုန်ကြပြီဆိုပါတော့၊ အတူတူ တစ်ခုတင်တည်း အိပ်ကြရတော့မယ်။ ဒီလိုအချိန်မျိုးမှာ ခင်ဗျားက သူ့ကို ငါနဲ့ မင်းအရင်ယောကျ်ားနဲ့ဘယ်သူ့ကိုပိုပြီး ချစ်သလဲ၊ ကြိုက်သလဲ ဆိုတဲ့ မေးခွန်းမျိုး မမေးမိဘူးလို့ခင်ဗျား တာဝန်ခံရဲသလား'

ကိုစံလွင် ငိုင်သွားသည်။

နောင်တစ်ချိန် မပြောနှင့် ခု ဒီစကားကြားရသည့်အခိုက်ကလေးမှာပင် စိတ်က အဲ့သလိုဖြစ်မိသည်။

သူ ငါနဲ့ဟိုလူ ဘယ်သူ့ပိုချစ်မလဲ။ ဒါပေမဲ့ ဖြေပါသည်။ ဟိုလူ့ကို သူမကြိုက်ဘဲ ယူလိုက်ရတာလားမှမသိဘဲလေဟု၍...

'ကိစ္စမရှိပါဘူး၊ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ'

'ကောင်းပြီ၊ ဘယ်တော့ ဖွင့်ပြောမလဲ'

'ကျန်းမာရေးလုပ်ငန်းတွေပြီးမှ'

'ဒီလိုဆို...ဒီလိုလုပ်၊ ခင်ဗျားဘာသာ မြခင်ကို အဆင်ပြေသလို ပြော၊ ကျုပ်ကတော့ သူ့အမေကို ပြောထားနှင့်လိုက်မယ်'

'ဆရာကြီးကလဲ'

'ဘာဖြစ်လဲဗျ၊ ကျုပ်ဟာ တိုင်းပြည်ရေး၊ လူမှုရေးမှန်သမျှကို အကျိုး

mgyoe.com

mgyoe.com

ဆောင်ဖို့ တာဝန်ရှိနေတဲ့ လူတစ်ယောက်ပဲ'

'ကျွန်တော်က ဘာမှမပြောသေးဘဲ ကြိုပြောလို့ ကောင်းပါ့မလား'

'ကျုပ် စကားပြောတတ်ပါတယ်ဗျာ၊ မြခင်ဟာ ဒီလိုဘဝနဲ့ မသင့်လျော်ဘူး၊ အိမ်ထောင်ချပေးဖို့လူကြီးတွေမှာ တာဝန်ရှိတယ်။ ဘာညာပေါ့ဗျာ၊ စသဖြင့် လမ်းကြောင်းမှာပေါ့'

'ဒါဖြင့်လည်း သဘောပဲဗျာ'

'အင်း....ဆရာ့ကို ခုနက စေ့စေ့ပေါက်ပေါက်သာ မေးရတယ်၊ တကယ်တော့ ကျုပ်လည်း ရိပ်မိပြီးသားပါ။ ပြီးတော့ ခင်ဗျားရဲ့ ရုပ်ရည်၊ အရည်အချင်း၊ ပညာဓနေ၊ စိတ်ထားအားလုံးကို ယုံပြီးသားပါ'

ကိုစံလွင်သည် ထိုစကားကို ဖြတ်တောက်လိုဟန်ရှိ၏။ ထို့ကြောင့်

'နို့....နေစမ်းပါဦး၊ ကျွန်တော် မြခင်အပေါ်တစ်ဖက်သတ်ကျနေတယ်လို့ သတင်းဘယ်သူပေးသလဲ'

'သူ့အစ်ကို သာဒင် အရက်သမားပေါ့ဗျာ'

'သူ သိမှမသိဘဲ'

'ဒီမှာဆရာ၊ မေတ္တာတရားဆိုတာ အကောင်အထည်ဖော်လို့မရပေမယ့် မျက်လုံးတွေ၊ အမူအရာတွေကတစ်ဆင့် ရင်ထဲကိုဖောက်ပြီး မြင်နိုင်စွမ်းရှိတယ်ဆိုတာ ဆရာတို့ ဆရာဝန်တွေ ဓာတ်မှန်ရိုက်သလို ကြည့်စရာမလိုဘဲဗျ။ ပြီးတော့ ဆရာကိုယ်တိုင်ကလည်း ဣန္ဒြေပျက်လောက်အောင် ဖြစ်နေသလားမှ မသိတာ၊ ဟား.... ဟား... ဟား'

'ချစ်တာကိုးဗျ၊ ဟား... ဟား.. ဟား'။ ။

mgyoe.com

mgyoe.com

# ။၂။

'ဟော...ဆရာကြီးပါလား၊ ညကြီးမိုးချုပ် ဘာများကိစ္စရှိလို့လဲ'

မြခင်၏ အမေက ဆရာကြီးအား အိမ်ပေါ်သို့ဖိတ်ရင်း နှုတ်ဆက်လိုက်သည်။

'ဘာရယ်လို့ မဟုတ်ပါဘူး၊ အာလာပ သလ္လာပ ပြောရုံပါပဲ၊ ဒါနဲ့ မြခင်ကော'

'ဆေးခန်းမှာ လူနာ နည်းနည်းကျနေလို့တဲ့၊ နန်းပန်းမွှေးနဲ့အတူ သွားကူနေတယ်'

'အင်း....ခုတလောလည်း ငှက်ဖျားက တော်တော် သောင်းကျန်းနေတယ်နော်'

'ဟုတ်တယ်....ဒါကြောင့်လည်း ကျွန်တော်တို့ လူကြီးတွေကော၊ ဆရာကိုစံလွင်ကိုပါ ပူးပေါင်းပြီးတော့ ဒီကိစ္စလုံးပမ်းနေကြတာပေါ့။ ခက်တာက ဒီကိစ္စကို စိတ်မဝင်စားတဲ့လူတွေ ရှိသလို မြခင်တို့လို တက်တက်ကြွကြွ ကူညီကြတဲ့လူငယ်တွေလည်း ရှိတော့ ရှိပါတယ်'

'ဟုတ်တယ်၊ မြခင်ဟာ ကျွန်မတို့ ထမင်းဆိုင်အလုပ်က အားတာနဲ့ တစ်ပြိုင်နက် ဆေးခန်းမှာသာ အချိန်ကုန်နေတတ်တာပဲ'

mgyoe.com

mgyoe.com


ဆရာကြီး အားတက်သွားလေသည်။ မိမိ လာရင်းကိစ္စကို အလွန်အမင်း စဉ်းစားနေစရာမလိုဘဲနှင့် စဉ်းစားချင်ဟန်ဆောင်နေပြီးမှ စကားကြုံပြော သလို ပြောလေသည်။

'ဒါနဲ့ အဒေါ့်ကို ပြောရဦးမယ်။ မြခင်ဟာ ခုလိုပဲ မုဆိုးမလေး ဘဝနဲ့ နေတာ မသင့်လျော်ဘူးလို့ ကျွန်တော်ထင်တယ်။ ဒါဟာလည်း ကျွန်တော့် တူမလေးလို၊ သမီးလေးလိုထင်လို့ ကျွန်တော် ပြောတာနော် အဒေါ်'

အဘွားကြီးသည် ခေါင်းတညိတ်ညိတ်လုပ်ပြီး

'အေး....အဒေါ်လည်း စဉ်းစားမိပါတယ်ကွယ်။ သူ့ကိုလည်း မကြာ မကြာဆိုသလို နားချပါတယ်။ သူကိုယ်တိုင်ကလည်း လင်စိတ် သားစိတ် ကုန်နေပုံရတယ်။ နောက်ပြီး မြခင်လို ကလေးတစ်ယောက်အမေ မုဆိုးမကို ကြိုက်နိုင်မယ့်သူ ဆိုတာကလည်း အရှားသားကွယ့်။ ရှိတော့ရှိပါရဲ့၊ အဲဒီ သောက်ကောင်တွေက သူ့အစ်ကို သာဒင့် အပေါင်းအသင်း ငမူးတွေကွယ့်'

'ဒီကောင်တွေနဲ့တော့ ဘယ်ဖြစ်မလဲအဒေါ်ရယ်။ ရည်ရည်မွန်မွန် သင့်တော်မယ့်လူ တစ်ယောက်ပြောတာပေါ့'

'သူတို့က မြခင်ကို ကြည်ဖြူနိုင်ဦးမှကိုး'

'ဒါဖြင့် ရည်ရည်မွန်မွန်လည်းရှိမယ်၊ ပညာလည်းတတ်မယ်၊ ငွေကြေးကလည်း ချမ်းသာမယ်၊ သဘောထားလည်း ဖြူစင်မယ်၊ မြခင်ကို လည်း တကယ့်မေတ္တာရှိမယ့် လူတစ်ယောက်ယောက်ရှိမယ်ဆိုရင်ကော'

'အံမယ်လေးကွယ်...ပြောပုံက သိကြားမင်းပဲဆင်းပြီး ဖန်ဆင်းပေး တော့မှာ ကျနေတာပဲ။ ဒဏ္ဍာရီဆန်လိုက်ပါဘိ'

'မဆန်ပါဘူး ဒေါ်ဒေါ်၊ ကျွန်တော်တကယ်တွေ့ထားလို့ပါ'

မြခင်၏အမေသည် တစ်စုံတစ်ရာကို သဘောပေါက်သွားဟန်တူသည်။ ပြုံးပြုံးကြီးလုပ်လျက် ခေါင်းကိုဖြည်းညင်းစွာခါလိုက်သည်။

'မဖြစ်နိုင်ပါဘူးကွယ်'

'ဖြစ်နိုင်ပါတယ် အဒေါ်'

'ဆရာကြီး ပြောတာကို အဒေါ်ကောင်းကောင်းကြီးနားလည်လိုက်ပါပြီ။ သို့ပေမယ့် အခြေအနေက သိပ်ကွာခြားနေပါတယ်ကွယ်။ နောက်ပြီး....'

'မဟုတ်သေးဘူး အဒေါ်။ အဒေါ် ဘာတွေ ဆက်ပြောမယ်ဆိုတာ

mgyoe.com

mgyoe.com


ကျွန်တော်နားလည်တယ်။ အဲဒီ ကာယကံရှင်ကိုယ်တိုင်က ကျွန်တော့်ကို အလုံးစုံဖွင့်ပြောပြီးပြီ။ သူ တည်တည်ကြည်ကြည်လက်ထပ်ချင်တာပါတဲ့'

စသဖြင့် မထူးတော့ဘူးဟူ၍ အလုံးစုံကို ပြောပြလိုက်တော့သည်။

ဆရာကြီး၏ ဂုဏ်သိက္ခာနှင့် စိတ်ထားကိုရော ဆရာကိုစံလွင်၏ ဂုဏ်သိက္ခာနှင့် စိတ်ထားကိုရော နဂိုကတည်းက ယုံကြည်ပြီးဖြစ်သောကြောင့် မြခင်၏မိခင်သည် မျက်ရည်ကလေးလည်သည်အထိ ဝမ်းသာအားရ ဖြစ်ရရှာတော့သည်။

'အင်း...ငါ့သမီးလေး ကံဇာတာတက်ပြီ ထင်ပါရဲ့၊ သို့ပေမယ့် ကွယ် သမီးရဲ့သဘောထားကို မေးပါရစေဦး'

'မေးရမှာပေါ့ ဒေါ်ဒေါ်၊ ပြီးတော့ ဆရာကလည်း မြခင်ကို သူကိုယ်တိုင် ဖွင့်ပြောပါဦးမယ်တဲ့'

ထိုအချိန်မှာပင် သာဒင်ပြန်ရောက်လာလေသည်။ သည်တစ်ချီမှာမူ အလွန်အကျွံ အရက်မူးလာဟန်မတူ။ ဆရာကြီးအား ကောင်းမွန်စွာ နှုတ်ဆက်၍ ထမင်းစားဆောင်သို့ ဝင်သွားလေသည်။

ဆရာကြီးလည်း ဆေးခန်းဘက်သို့ ထွက်လာခဲ့၏။ ။

mgyoe.com

mgyoe.com

# ၆

ဆေးခန်းတွင် လူနာအလွန်များနေသည်။ နပ်စ်မကလေးများနှင့် မြခင်တို့ လက်မလည်အောင် အလုပ်ရှုပ်နေသည်။ လူနာအများစုမှာ ငှက်ဖျားရောဂါသည်တို့ဖြစ်ကြသည်။

ဆရာကြီး ရောက်လာသည်ကို မြင်သောအခါ ကိုစံလွင်က အခန်းထောင့်တစ်နေရာသို့ လက်တို့ခေါ်သွားသည်။

'လူနာအများစုက ငှက်ဖျားရောဂါဖြစ်နေတယ်ဗျ။ ဒီတော့ ကျွန်တော်ပြောသလို လူထုအားနဲ့ငှက်ဖျားတိုက်ဖျက်ရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ကြိုးစားရအောင်။ ပြီးတော့ ကျွန်တော့်မှာရှိတဲ့ ဆေးတွေကလည်း သိပ်မထိရောက်လှဘူး။ ဒီတော့ တပ်မဲ (....) မှာ ရင်းနှီးတဲ့လူ မရှိဘူးလား'

'ဟာ...တပ်မှူးနဲ့ ကျွန်တော်နဲ့က သူငယ်ချင်း၊ ဘာဖြစ်လို့လဲ'

'အာမီရမ် နည်းနည်းလိုချင်တယ်ဗျာ'

'ဘာလုပ်ဖို့လဲ'

'ကျွန်တော့်မှာရှိတဲ့ဆေးနဲ့တင် မလုံလောက်ဘူး။ ကြိုတင် ကာကွယ်ဆေးအဖြစ် အာမီရမ်နဲ့ အသုံးချပြီး ကုချင်တယ်'

mgyoe.com

mgyoe.com


'ဘယ်လောက် လိုချင်လဲ'

'တတ်နိုင်ရင်တော့ နှစ်ဒါဇင်လောက်ရရင် ကောင်းတာပေါ့ဗျာ'

'ကြိုးစားကြည့်မယ်လေ'

ကိုစံလွင်သည် လူနာများကို ဆက်လက်ကုနေပြန်သည်။ ထိုအချိန်တွင် ဆေးရုံရှေ့ဆီသို့ နွားလှည်းတစ်စီး အရေးတကြီး ရောက်လာသည်။ ပျော့ခွေနေသော လူတစ်ယောက်ကို နွားလှည်းပေါ်မှနေ၍ ယောကျ်ားကြီး သုံးယောက်၊ မိန်းမတစ်ယောက်တို့က ပွေ့ချီ၍ ဆေးခန်းအတွင်းသို့ သုတ်သီးသုတ်ပျာ ဝင်လာကြသည်။

ကိုစံလွင်ထံသို့ တန်းတန်းမတ်မတ် လာကြသည်။ ကိုစံလွင်က ခုတင်တစ်လုံးပေါ် တင်လိုက်သည်။

'ဘာဖြစ်လာတာလဲ'

'ကျွန်မတို့က ဒီမြို့လေးနဲ့ နှစ်မိုင်လောက်ဝေးတဲ့ ကုက္ကိုစု ကျေးရွာကပါ'

'ဟုတ်ပါပြီ၊ ဘာဖြစ်လာသလဲမေးတာပါ'

'ပိုးထိလို့ပါ'

လူနာကိုကြည့်လိုက်သောအခါ တစ်ကိုယ်လုံး အညိုကွက်များစွဲနေပြီး ပါးစပ်မှလည်း အမြှုပ်တစ်စနှစ်စ ထွက်နေသည်။

'ဘာမြွေလဲ'

'ဒီမှာပါ၊ ရိုက်သတ်လာတာ မြွေဟောက်'

ကိုစံလွင်သည် နန်းပန်းမွေးအား သက်ဆိုင်ရာမြွေဆိပ်ဖြေဆေးနှင့် လိုအပ်သည့် ပစ္စည်းများကို ယူခိုင်းလိုက်သည်။

'ဘယ်အချိန်က ဖြစ်တာလဲ'

'နေ့လယ်ကပါ ဆရာ'

'ဘာကြောင့် ခုမှ လာရတာလဲ'

'ကျွန်တော်တို့လဲ တတ်သလောက် မှတ်သလောက် ဆေးမီးတိုနဲ့ ကုလို့ရမလားလို့ ကုကြည့်နေလို့ပါ'

'တောက်'

ကိုစံလွင် ဒေါသဖြစ်သည်ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော မြခင်သည် ကိုစံလွင်ကို တအံ့တသြကြည့်လိုက်သည်။

mgyoe.com

mgyoe.com


ကိုစံလွင်သည် ချက်ချင်းဆိုသလိုပင် လိုအပ်သောကုသမှုများကို အလျင်အမြန် ပြုလုပ်လေသည်။ ထိုသို့ ပြုလုပ်နေစဉ်မှာပင် လူနာဆုံးသွားရှာသည်။

လူနာ၏ဇနီးသည် ဖြစ်ဟန်တူသော မိန်းမကြီးသည် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အော်ငိုလေတော့သည်။ ကိုစံလွင်သည် ထိုငိုသံကို နားခွဲမဝင်ဆံ့တော့ချေ။ မိမိလက်သို့ အသက်ငင်လျက် ရောက်ရှိလာသော လူနာတစ်ယောက်ကို လက်လွှတ်လိုက်ရသဖြင့် ဒေါသကြီးစွာ၊ စိတ်မကောင်းခြင်းကြီးစွာဖြင့် မိမိကိုင်တွယ်နေသော ပစ္စည်းများကို နံရံထောင့်ဆီသို့ အားကုန်ပစ်ပေါက်လိုက်လေသည်။

'တောက်....ခင်ဗျားတို့ ဖြစ်ဖြစ်ချင်းသာ ကျုပ်ဆီကို ရောက်လာ ရင် ဒီလူရဲ့အသက်ကို ကျုပ်ကယ်နိုင်တယ်၊ ခုတော့ဗျာ....'

'မဟုတ်သေးဘူးလေ...ဒေါက်တာဆရာဝန်ရဲ့'

ထိုစကားကို ပြောလိုက်သူမှာ စောစောက သေဆုံးသွားသူ လူနာနှင့် အတူပါလာသည့် ယောကျ်ားကြီးဖြစ်လေသည်။ ကိုစံလွင် ထိုလူကြီးကို ဆတ်ခနဲကြည့်လိုက်ရင်း

'ဘာဖြစ်လို့လဲဗျ'

'ဒီကောင် မြွေမကိုက်ခင်ညကတည်းက အိမ်ခေါင်မိုးပေါ်မှာ ငှက်ဆိုးလာနားသွားတာဗျ'

'ဘာငှက်ဆိုးလဲ'

ဒေါက်တာ ကိုစံလွင်က ဒေါသတကြီး မေးလိုက်သည်။

'တစ်တီတူး'။ ။

mgyoe.com

mgyoe.com

# [ ၇ ]

ရက်ပိုင်းများ အတောအတွင်း၌ ဒေါက်တာစံလွင်သည် အလွန်အလုပ်များလေသည်။ အထူးသဖြင့် ငှက်ဖျားရောဂါသည်များကို ပိုမို ကုသရသည်။ သို့ရာတွင် အရင်ကလို အကြီးအကျယ်ကုရသူမရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် အာမိရမ်ခေါ် စစ်တပ်သုံး အရက်ကို အကူအညီဖြင့်ရရှိလာပြီး ယောကျ်ားဆိုလျှင် ယောကျ်ားနှင့်တန်သလောက်၊ မိန်းမဆိုလျှင် မိန်းမနှင့်တန်သလောက် အလျဉ်းသင့်သလို ကာကွယ်ပေးမှုကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှု သိသိသာသာကြီး ကျဆင်းလာသည်ကို တွေ့ရလေသည်။

ဤသို့အားဖြင့် ကိုစံလွင်၏ ဆေးပညာနှင့် ပတ်သက်သော စည်းရုံးရေးသည်လည်း မသိမသာ အောင်မြင်လာလေသည်။ သည်ထက်ပို၍ ထူးခြားသောအချက်ကား...

တစ်နေ့တွင်

ကိုစံလွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေခိုက် ဆေးခန်းသို့ တစ်စုံတစ်ယောက်က တံခါးလာခေါက်သည်။ 'ဆရာ...ဆရာ' ဟုလည်း အားကိုးတကြီး မရဲတရဲခေါ်လေသည်။ ကိုစံလွင်သည် ကျန်းမာရေး တပြည်းပြည်းချို့တဲ့လာသောသူပီပီ အအိပ်အနေ နည်းပါးခဲ့သည်။ ထို့ကြောင့် တစ်ခွန်း

mgyoe.com

mgyoe.com
နှစ်ခွန်းခေါ်ရုံနှင့် အိပ်ရာမှ နိုးလာခဲ့သည်။ မည်မျှပင် စေတနာ သဒ္ဓါတရား ကောင်းသည့် ဆရာဝန်ဆိုသည့်တိုင်အောင် မိမိကိုယ်တိုင် ကျန်းမာရေးချို့တဲ့နေချိန်၊ အိပ်စက်အနားယူနေချိန်တွင် လာနှိုးသဖြင့် နည်းနည်းတော့ ဒေါသဖြစ်မိသည်။

ဆေးခန်းတံခါးဖွင့်လိုက်သောအခါ ကတုန်ကယင်နှင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသော ယောကျ်ားတစ်ယောက်ကို တွေ့လိုက်လေသည်။

'ဘာကိစ္စလဲဗျ'

'ကျွန်တော့်ကိုကူညီပါ ဆရာရယ်၊ ကျွန်တော့်မိန်းမ မီးမဖွားနိုင်လို့'

'ဘယ်မှာလဲ'

'အိမ်မှာပါ ဆရာ'

'ဟာ....ကျုပ်က အိမ်လိုက်ပြီး မီးဖွားပေးလို့ဖြစ်ပါ့မလား'

'ဟုတ်ကဲ့ဆရာ ကျွန်တော် ခုချက်ချင်း သွားခေါ်လိုက်ပါ့မယ်'

အတန်ကြာသောအခါ မြင်းလှည်းတစ်စီးဖြင့် ကိုယ်ဝန်ဆောင်မိန်းမတစ်ဦး အပါအဝင် လူလေးငါးယောက် ရောက်လာကြသည်။ ထိုအတော အတွင်းတွင် ကိုစံလွင်သည် သူကိုယ်တိုင် နန်းပန်းမွှေး စသော အခြားနပ်စ်မလေးတစ်ယောက်ကို ဆေးရုံသို့သွားခေါ်ပြီးဖြစ်နေသည်။ လိုအပ်သည့် ပစ္စည်းများကိုလည်း ပြင်ဆင်ပြီးဖြစ်နေပါပြီ။

'ကဲ...ကဲ လူနာကို အတွင်းခန်း ခုတင်ပေါ် တင်လိုက်ကြ'

ကိုယ်ဝန်ဆောင်သည် မိန်းမသည် တညည်းညည်း တညူညူရှိ၏။ တစ်ချက်တစ်ချက် သတိလစ်မတတ်ဖြစ်နေ၏။

ကိုစံလွင်နှင့် သူနာပြုဆရာမလေးများသည် ကျန်လူများကို အပြင်ခန်းတွင်နေစေပြီး သူတို့သာလျှင် အတွင်းခန်း၌ လုပ်စရာရှိသည်ကို လုပ်နေကြသည်။ ဆရာမလေး နန်းပန်းမွှေးသည် လူနာကို မီးဖွားနိုင်ရန် မောမောပန်းပန်း ကြိုးစားနေရှာသော ကိုစံလွင်ကို ကရုဏာသက်စွာကြည့်နေမိသည်။ ကိုစံလွင်၏ ရုပ်ဆင်းသည် ယခင်ကနှင့်မတူဘဲ ထူးထူးခြားခြား ယုတ်လျော့ဖြူရော်နေခြင်းကို သတိထားမိသည်။ အားအင် နည်းပါးနေသည့် ရုပ်ဆင်းအင်္ဂါကြားမှ ယောကျ်ားပီသသောစိတ်ဓာတ်ကို တွေ့လိုက်ရသဖြင့်လည်း ပို၍ ကြည်ညိုနေမိသည်။ ထိုအချိန်တွင် အပြင်ခန်းဆီမှ စကားသံအချို့ကို
mgyoe.com

mgyoe.com

အတိုင်းသား ကြားလိုက်ရတော့သည်။

'ငါတော့ မထင်ပါဘူးအေ၊ ဒီလောက် လက်သည်နဲ့ အတင်းကြိုးစား တာတောင် မရတဲ့ဥစ္စာ'

'ဘယ်ပြောနိုင်မလဲဗျ၊ သူ့ကံနဲ့သူ ဖြစ်ချင်ဖြစ်လာမှာပေါ့'

'မဟုတ်သေးပါဘူး၊ ပြီးခဲ့တဲ့ ကလေးသုံးယောက်တုန်းကတောင် ချော ချောမောမော မွေးနိုင်ခဲ့တာ ဒီကလေးကျမှ တစ်နေ့ရတယ်ဆိုတော့ ဟိုကိစ္စ ကြောင့်ပဲထင်တယ်။ ငါ့စိတ်ထဲမတော့ အင်း..... ဖိတ်ဖိတ်စဉ်စဉ် ဖြစ် ကုန်တော့မှာပဲ ထင်ပါရဲ့'

မိန်းမကြီး၏ အသံသည် ငိုသံပါနေ၏။ အခြား ယောကျ်ားတစ်ယောက် က ဝင်မေးသည်။

'ဘယ်ကိစ္စလဲဗျ'

'မနေ့ ညနေစောင်းက အိမ်ခေါင်မိုးပေါ်မှာ တစ်တီတူးငှက် လာနား တယ်။ အဲဒီအချိန်ကစပြီး သူ ဗိုက်နာတာ'

အပြင်မှ စကားသံများ တိတ်သွားကြတော့သည်။

ကိုစံလွင်သည် ထိုစကားသံများကို ကြားနေပါလျက် မကြားမိအောင် မနည်းကြိုးစားရင်းမှ မိခင်ရော ကလေးပါ ကျန်းမာစွာဖြင့် လူ့လောကဦ ရပ်တည်နိုင်ရန် ကြိုးစားနေရှာသည်။ သူ၏ နဖူးမှ ချွေးပေါက်တို့သည် ကိုယ်ဝန်ဆောင်သည် မိန်းမကြီး၏ ပေါင်ပေါ်သို့ တစ်ပေါက်ပေါက် ကျနေ ၏။

ဆရာမလေး နန်းပန်းမွေးက မရဲတရဲ တိုးတိုးလေးမေးလိုက်၏။

'ဆုံပိုင်းဖြစ်နေလို့လား ဆရာ'

ကိုစံလွင် ခေါင်းညိတ်လိုက်သည်။

နောက်ထပ် ငါးမိနစ်မျှ အကြာတွင် ကလေးငယ်သည် လူ့လောကအ တွင်းသို့ ကောင်းမွန်စွာ ရောက်ရှိလာတော့သတည်း။

ကိုစံလွင်သည် ကလေးငယ်၏ခြေထောက် နှစ်ချောင်းကိုစုကိုင်၍ ဇောက်ထိုးမြှောက်ကာ ဖင်ကလေးကို တစ်ချက်ပုတ်လိုက်လျှင် ကလေးငယ် သည် အူဝဲအူဝဲ အော်ငိုလေ၏။

နန်းပန်းမွေး၏ နှုတ်မှ ဝမ်းသာအားရ စကားတစ်ခွန်းလွတ်ခနဲထွက်

mgyoe.com

သွားသည်။

'ယောကျာ်းလေးတော့'

× × ×

နောက်ထပ် ရက်သတ္တပတ် နှစ်ပတ်ကြာသောအခါ ကိုစံလွင်ထံသို့ ကလေးငယ်ကိုပိုက်လျက် ထိုအမျိုးသမီး ရောက်လာသည်။ သူ၏မျက်နှာသည် အလွန်ကြည်နူးသာယာလျက်ရှိသည်။ အတူပါလာသော ခင်ပွန်းသည်၏ မျက်နှာကား ပြောမပြနိုင်လောက်အောင်ပင် တပြုံးပြုံးဖြစ်နေသည်။

'ကြီးတယ် ငယ်တယ် သဘောမထားပါနဲ့ ဆရာရယ်၊ အသက်ကိုဖယ်ထားပြီး ဂုဏ်အရ ဆရာ့ကို လာကန်တော့ပါတယ်။ ကျေးဇူးရှင်တစ်ယောက်အနေနဲ့လည်း တစ်သက်လုံး မမေ့တော့ပါဘူး'

သူတို့၏ သားလေးကို ကိုစံလွင်၏ ရှေ့သို့လည်း တပြပြလုပ်လေသည်။

'ကျွန်တော်တို့မှာ သမီးချည်း သုံးယောက် မွေးခဲ့ပါတယ်ဆရာ၊ ရှင်ပြုချင်လွန်းလို့ သားယောကျာ်းလေး လိုချင်နေတာ ခုမှပဲရတော့တယ်'

ကိုစံလွင်က ပြန်ပြောလိုက်သည်။

'ဘယ်မှာလဲ ခင်ဗျားတို့ တစ်တီတူး'

ဤစကားကို ကိုစံလွင်သည် ဖျော့တော့သော လေသံဖြင့်သာ ပြောနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် ကိုစံလွင်သည် အိပ်ရာပေါ်၌ မှိန်းနေသောကြောင့်ဖြစ်သည်။ ။

mgyoe.com

mgyoe.com

| ၈ |

ငှက်ဖျားတိုက်ဖျက်ရေးကိစ္စကို ကိုယ်ထူကိုယ်ထ လုပ်ကြစို့ လူထုအစည်းအဝေးပွဲကလေးကို သည်ကနေ့ ကျင်းပဖြစ်လေသည်။ မြို့ခံ လူထုအားလုံးကို ဆော်ဩနှိုးဆော်ထားသော်လည်း တက်ရောက်သူဦးရေက နည်းပါးလှသည်။

သူတို့သည် ဟောပြောပွဲတို့ဘာတို့ကို စိတ်မဝင်စားလှ။ ကုန်ကုန်ပြောရလျှင် သူတို့မြို့မှ ရပ်ကွက်ကလေးသူငယ်များ ကပွဲလောက်ပင် လူမစည်ကားလှချေ။

အဆိုးဆုံးမှာ ပရိသတ်နောက်နားဆီမှ အမူးသမားတစ်စု သောင်းကျန်းနေကြခြင်းပင်ဖြစ်ပါသည်။

'ကပြပါတော့ဗျို့'

'ကပါတော့ဗျို့'

'မင်းသားတွေ မထွက်နဲ့'

'မင်းသမီးတွေ ထွက်ပါ'

စသည့် အသံသေး အသံကြောင်များဖြင့် အော်ဟစ်ဆူပူကြခြင်းပင်ဖြစ်၏ ။

mgyoe.com

mgyoe.com

ကိုစံလွင်သည် စင်မြင့်ပေါ် တက်ရမည်ကို ဒူးတုန်နေမိသည်။ သို့သော် ယခု သူပြောရမည်မှာ မြို့ရေးရွာရေးဖြစ်သည်။ ဖြစ်သည့်နည်းနှင့် စည်းရုံးဟောပြောရပေမည်။ ထို့ကြောင့်ပင် ဆရာကြီး၏ အဖွင့်မိန့်ခွန်းပြောပြီးနောက် စိတ်တင်းကာ စင်ပေါ်တက်၍ ပြောရ ဟောရလေတော့သည်။

'ကျွန်တော်ပြောချင်တာက ရောဂါတစ်ခုကို တိုက်ဖျက်တဲ့နေရာမှာ လူတစ်ယောက်ချင်းအတွက် နှစ်ယောက်ချင်းအတွက် ကျွန်တော် တာဝန်ယူနိုင်ပေမယ့် တစ်မြို့လုံး ကျန်းမာရေးအတွက်ကတော့ လူထုအားနဲ့ လုပ်ယူရပါ့မယ်၊ ကျွန်တော်တို့အနေနဲ့....'

လူထုနောက်ကွယ်မှ အသံတစ်သံ ထွက်ပေါ်လာ၏။

'ဟေ့...လိုရင်းကို ပြောကွ'

'ဟုတ်တယ်ဟေ့....ဘာတွေ ပြောနေတာလဲ'

ကိုစံလွင်သည် ပြောလက်စကိုဖြတ်ပြီး လိုရင်းကို ဆက်ရပြန်တော့သည်။

'ဒီလိုပါခင်ဗျာ၊ ခု ဒီဒေသမှာ အဖြစ်များနေတာက ငှက်ဖျားပါ။ ငှက်ဖျားဟာ ခြင်ကောင်က စတာပါ'

'ငှက်ဖျားဆိုပြီး ငှက်က ဘာကြောင့် မစတာလဲ'

'အဲဒါတော့ ရှေးကတည်းက အခေါ်အဝေါ်သက်သက်ကြောင့်ပဲ ထင်ပါရဲ့ ခင်ဗျာ'

'ဒါလေးမှ မသိဘဲ ဘာကြောင့် ဆရာဝန် လုပ်နေသလဲ'

ကတ်သီးကတ်သတ်တွေ မေးလာကြသဖြင့် ဆရာကြီးကထပြီး တားရပြန်သည်။ နည်းနည်းလေးငြိမ်သွားကြမှ

'အဲဒီတော့ ခြင်ရန်ကို နှိမ်နင်းဖို့ မြို့တွင်း မြို့ပြင်မှာရှိတဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းရပါမယ်။ ပြီးတော့ ဒီမြို့ကလေးရဲ့အနီးက စိမ့်ရှိတဲ့ တောကြီးရဲ့အောက်ခြေကိုလည်း တတ်နိုင်သလောက် ရှင်းကြရပါမယ်'

'စားပင် သောက်ပင်တွေကို ခုတ်ရမှာလားကွ'

'မဟုတ်ပါဘူး ခင်ဗျာ၊ မလိုအပ်တဲ့အပင်တွေကိုပါ။ ပြီးတော့ နေပြောက်မထိုးတဲ့ သစ်ပင်ကြီးတွေရဲ့ အကိုင်းအချို့ကိုလည်း နေပြောက်ထိုးလာအောင် ချိုင်ပေးရပါမယ်။ အရေးကြီးဆုံးအချက်ကတော့ အဲ့ဒီတောကြီးထဲက ဆင်း

mgyoe.com

mgyoe.com

လာတဲ့ စိမ့်ရေဟာ ကျွန်တော်တို့ မြို့နံဘေးက ပတ်စီးနေတော့ ဒီရေကို လုံးဝ မသောက်မိကြဖို့ပါပဲ'

'အဲဒီရေကို မသောက်တော့ ဘယ်ရေသောက်ရမလဲ'

'မြို့ထဲက တွင်းရေကိုပဲ သောက်ကြပါ။ မသကာ လူထုအားနဲ့ ရေတွင်းတွေ ထပ်တူးကြပါ။ မတတ်သာတဲ့အဆုံးဆိုလည်း ကျိုချက်ပြီးမှ သောက်ကြပါ'

'အဲဒီရေတွေက ဘာပြုလို့လဲ'

'ရောဂါပိုးတွေ ပါတတ်လို့ပါခင်ဗျာ။ ဒီရေတွေကို စိုက်ပျိုးခင်းတွေမှာသာ သုံးသင့်ပါတယ်'

'နို့....နေစမ်းပါဦး၊ ကျုပ်တို့က အဲ့သလို ပင်ပင်ပန်းပန်းလုပ်ပြီး ခင်ဗျားတို့က ဘာလုပ်ကြမှာလဲ'

ကိုစံလွင်သည် ပြောရင်းကပင် စိတ်မကောင်းဖြစ်၍ ဖြစ်၍လာသည်။

'ဒီလိုပါဗျာ အဲဒီအစီအစဉ်ဖြစ်မယ်ဆိုရင် ကျွန်တော်နဲ့ ဆရာကြီးက တိုင်းအထိတက်ပြီး တောတွင်းမှာ ဆေးဖျန်းဖို့ ဆေးရည်တွေ ဘာတွေ တောင်းရမယ်။ မြို့ပေါ်မှာ ကုဖို့ ဆေးဝါးလည်း စုရပါမယ်။ ဒီအပြင် အဲ့ဒီသစ်တောရှင်းတဲ့အခါမှာလည်း ကျွန်တော်ကိုယ်တိုင် ပါဖို့ ကတိပေးပါတယ်'

ထိုအချိန်တွင် လူအုပ်ထဲမှာ ဒယီးဒယိုင်ဖြစ်နေသော ကိုကြီးသာဒင်ထံမှ အသံတစ်သံထွက်လာ၏။

'ဆရာဝန် မှတ်နေတာ လက်စသတ်တော့ သစ်ခုတ်သမားကိုးကွ'

အချို့လူအုပ်များပွဲကျသွားသလို အချို့ကလည်း သာဒင်ကို မကျေမချမ်းဖြစ်ကာ ဆဲရေးလေ၏။ ထို့နောက် အုပ်စုနှစ်စုမှာ တစ်စုနှင့်တစ်စု ရန်းရင်းဆန်ခတ်ဖြစ်သည်အထိ ဖြစ်ကုန်ကြတော့သည်။

ကိုစံလွင်ရော ဆရာကြီးကပါ တောင်းပန်ရှာပါသည်။

မရပါ။ နောက်တော့ ရိုက်နှက်ကြသည်အထိ။

ပြည်သူ့ရဲ တစ်ယောက် နှစ်ယောက်ကလည်း ဝင်ဆွဲသေးသည်။

ထိုအချိန်မှာပင် မည်သူက ပေါက်လိုက်မှန်းမသိသော အုတ်ခဲတစ်လုံးသည် ကိုစံလွင်ကိုထိမှန်ရာ ကိုစံလွင်သည် သူ့ခေါင်းကို သူကိုင်ရင်းက

mgyoe.com

mgyoe.com
လူအုပ်ကြားထဲဝင်၍ ရန်ပွဲကိုဆွဲရှာသည်။ သို့သော် နဂိုကမှ အားနွဲ့နွဲ့လှပ လှပ်ကလေးဖြစ်သော ကိုစံလွင်မှာ လူအုပ်ကြား၌ပင်ကြက်လည်မျိုညှစ်လိုက်သလို လဲကျသွားရှာတော့သည်။

ငယ်သံပါအောင် အော်လိုက်သော မိန်းကလေးအသံနှင့်အတူ လူအုပ်ကြီးလည်း ရှဲသွားတော့သည်။ လူရမ်းကားတစ်စုကို ပြည်သူ့ရဲက ဖမ်းဆီးသွား၏။

ပျော့ခွေနေသော ကိုစံလွင်ကို လူငယ်များက ထမ်းချီ၍သွားကြသည်။ မြခင်သည် ကိုစံလွင်၏နံဘေးမှ ပူပန်သောကရောက်စွာ ပြေးလိုက်သွားသည်။

ထိုအခြင်းအရာကို ဆရာကြီး မြင်၏။ ။

mgyoe.com

mgyoe.com

# ၉

ဆေးခန်းမှ အကူသူနာပြု ဆရာမလေး နန်းပန်းမွှေးက ကိုစံလွင်၏ ခေါင်းကို ပတ်တီးစည်းပေး၏။ အရပ်ထဲမှ ခင်မင်သူများကလည်း မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် နှာနှပ်၊ ခြေမချိုးသူချိုးနှင့် သတိလည်လာရန် ကြိုးပမ်းနေကြသည်။

မြခင်သည် မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ယောင်ချာချာဖြစ်နေသည်။ တကယ်တော့မူ သူ၏ မသိစိတ်၌လည်း ကိုစံလွင်အပေါ် သံယောဇဉ် တွယ်နေမိသည်ကို ခုမှ ကောင်းကောင်းကြီးသိတော့သည်။

'နန်းပန်းမွှေးရယ်၊ သွေးစို့ရုံလေးခေါင်းပေါက်တာများ သတိလက်လွတ်ဖြစ်ရသလားရှင်'

နန်းပန်းမွှေးက မသိမသာ မျက်စိမှိတ်ပြလိုက်သည်။ တစ်ဆက်တည်းပင်

'ကဲ...ကဲ....လူတွေ သိပ်များတယ်ရှင်၊ လူနာအသက်ရှူ ကျပ်နေပါ့မယ်။ မြခင်တစ်ယောက်လောက် အကူရှိရင် ပြီးတာပါပဲ။ မကြာခင် ဆရာ သတိရလာမှာပါ'

အခန်းထဲမှ လူများ ထွက်သွားကြသည်။

mgyoe.com

mgyoe.com


သည်တော့မှနန်းပန်းမွေးက ပြောသည်။

'ဆရာ့ကို ကြည့်ရတာ အရေးကြီးတဲ့ တခြားရောဂါတစ်ခုရှိမယ့် ပုံမျိုးပဲ။ သူ့မျက်နှာဟာ အမြဲအားငယ်နေတတ်တယ်'

'ဟုတ်တယ်။ မြခင်သူ့ကို သိပ်သနားတာပဲ'

'အင်း....ဆရာဟာကိုယ်ကျိုးစွန့်နိုင်တဲ့လူ တစ်ယောက် ပြီးတော့ တိကျပြတ်သားတယ်။ သတ္တိကောင်းတယ်၊ ခေတ်မီတယ်'

မြခင်သည် ကိုစံလွင်၏ မျက်နှာကို ငေးကြည့်နေမိသည်။

ထိုစဉ်မှာပင် ကိုစံလွင် လူးလွန့်လာ၏။

'ဟော....ဆရာ သတိရပြီ'

ကိုစံလွင်သည် မျက်လုံးကိုအသာဖွင့်ကြည့်ပြီး မြခင်ကိုမြင်သောအခါ ပြုံး၏။ နန်းပန်းမွေးကိုလည်း သူ့ဆေးအိတ်ယူပေးရန် လက်ဟန်ပြ၏။ ထို့နောက် ဆေးအိတ်ထဲမှ ဆေးပုလင်းများကို တစ်ပုလင်းပြီး တစ်ပုလင်း ထုတ်ပြခိုင်းစေသည်။ ထို့နောက် သောက်ဆေးပုလင်းများကို လက်ညှိုးဖြင့် ညွှန်ပြသည်။ ပုလင်းထဲမှ ဆေးများကို ထုတ်ခိုင်းသည်။

နန်းပန်းမွေးသည် ထိုဆေးများကို ထုတ်နေရင်း ကိုစံလွင်၏ မျက်နှာ ကြည့်လိုက် ထိုဆေးပုလင်းများကို ကြည့်လိုက်နှင့် ကတုန်ကယင် ဖြစ်နေရှာသည်။ အံ့သြတုန်လှုပ်ခြင်းလည်း ဖြစ်နေရှာသည်။ မျက်ရည်လည်း ဝိုင်းနေရှာသည်။

မြခင်ခမျာ ဘာကိုမှမသိသလို ဆရာ့ကိုတစ်လှည့်၊ နန်းပန်းမွေးကိုတစ်လှည့် ကြည့်နေလေသည်။

ကိုစံလွင်သည် ထိုဆေးများကို တုန်ယင်သောလက်ဖြင့် ပါးစပ်ထဲ ထည့်လိုက်လေသည်။

ခဏမျှ ကြာသောအခါ ကိုစံလွင်ပြန်လည် အိပ်မောကျသွားသည်။

မြခင်က 'ဘယ်လိုလဲ ဟင်' ဆိုသော မျက်လုံးဖြင့် နန်းပန်းမွေးက မြခင်ကို လက်ဆွဲပြီး အခန်းအပြင်သို့ ခေါ်ထုတ်ခဲ့သည်။

'မြခင်ရယ် ငါ ဆရာ့အတွက် စိတ်မကောင်းဘူးဟယ်....'

'ဘာဖြစ်လို့လဲ'

'ဆရာ့မှာ နှလုံးရောဂါရှိတယ်'

mgyoe.com

mgyoe.com


'နင် ဘယ်လိုလုပ်သိလဲ'

'သူခုနသောက်တဲ့ ဆေးတွေဟာ နှလုံးရောဂါသည် သောက်တဲ့ ဆေးတွေပဲ ငါသိတာပေါ့'

'ဟင်....ဒါဆို ဘယ်လိုလုပ်ကြမလဲ'

'ငါက သူနာပြုပါ။ ဆရာကိုယ်တိုင် ပိုသိမှာပေါ့။ ဒါပေမဲ့ ငါသိသလောက် ပြောရရင်တော့ ဆရာအခုလို ခဏခဏဖြစ်တာဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး'

မြခင်လည်း မျက်ရည်ကျရလေသည်။

'ဒါဖြင့်ရင် အခုလိုဆရာဖြစ်ရတာဟာ ခေါင်းကို ခဲမှန်လို့ မဟုတ်ဘူး ပေါ့ဟုတ်လား'

'အေး ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ အခုလိုရှန်းရင်းဆန်ခတ်ဖြစ်ရတာမျိုး၊ သူ့ကြောင့်ဖြစ်ရတာမျိုးကြောင့် သူစိတ်ထိခိုက်သွားပုံရတယ်'

'သူ့ရောဂါအကြောင်းကို ဆရာဟာ ငါ့ကို ဖွင့်မပြောခဲ့ဘူး နန်းပန်းမွှေး'

'ဒါပေါ့၊ ငါ့လို သူနာပြုတစ်ယောက်ကိုတောင် ဖွင့်မှမပြောဘဲ၊ သိပ်သည်းညည်းခံနိုင်စွမ်းရှိတဲ့ လူတွေဟာ ဒီလိုပဲ မြခင်'

× × ×

ည ၁၀ နာရီလောက်တွင် ကိုစံလွင်သည် ကောင်းမွန်စွာသတိရပြီ၊ ထထိုင်နိုင်သည့် အခြေအနေသို့ ရောက်လာသည်။ သူ့အနားတွင် ငုတ်တုတ်ကလေး ထိုင်စောင့်နေကြသော မြခင်နှင့် နန်းပန်းမွှေးကို အိမ်ပြန်အိပ်ကြဖို့ပြောသည်။ မြခင်တို့က ငြင်းသည်။

'မဟုတ်ဘူးကွယ်၊ ဆရာ ဘာမှမဖြစ်တော့ပါဘူး။ သိပါတယ်။ အရေးကြီးတာက မင်းတို့မိန်းကလေးတွေ ဆရာ့အခန်းထဲရှိနေတာ မသင့်လျော်ဘူး'

'တခြားလူလည်း ရှိပါတယ်ဆရာရဲ့'

'ဘယ်သူလဲ'

'ဆရာကြီးလေ ဟိုမှာ'

သည်တော့မှပင် ကိုစံလွင်သည် သူ့ခုတင်ခြေရင်းထောင့်ကွေးမှာ ပက်

mgyoe.com

mgyoe.com


လက်ကုလားထိုင်တစ်လုံးဖြင့် ခွေခွေကလေး အိပ်ပျော်နေသော ဆရာကြီးကိုတွေ့ရသည်။ သည်တော့မှပင် ကိုစံလွင် စိတ်ကြည်လင်မှုရလာတော့သည်။

ထိုအချိန်တွင် ဆေးခန်းအရှေ့ဆီမှ 'ဆရာမရေ...ဆရာမရေ...ကယ်ပါဦး' ဟု ငိုယိုအော်ဟစ်လိုက်သော မိန်းမတစ်ယောက်အသံကိုကြားရသည်။ ထိုအသံကြောင့် အိပ်ပျော်နေသော ဆရာကြီးလည်း လန့်နိုးလာသည်။

ဆရာမလေးသည် အပြင်ခန်းဆီသို့ လှစ်ခနဲ ပြေးထွက်သွားသည်။ ဆရာကြီးလည်း ပြေးလိုက်သွားသည်။

အပြင်ခန်းမှ ပြောနေကြသော အသံများကို အတွင်းခန်း၌ရှိသော မြခင်ကော ကိုစံလွင်ပါ ကြားနေရသည်။

'ဘာဖြစ်တာလဲ အဒေါ်'

'အရိုက်ခံရလို့ ခေါင်းကွဲတာလေ'

'အဒေါ်သားလား၊ ခေါင်းကွဲတာ နည်းတောင်နည်းသေးတယ်။ ဒီအရက်သမား ကိုသာဒင်ကြီးနဲ့မှ ပေါင်းတာကိုး'

ထစ်ခနဲရှိ စိတ်ထဲရှိရာ ပြောတတ်သော နပ်စ်မလေးနန်းပန်းမွှေးက ကရုဏာဒေါသော ပြောလိုက်သည်။

ဆရာကြီးက နန်းပန်းမွှေးကိုလက်ကာပြရင်း ထိုလူငယ်၏ မိခင်ဘက်သို့လှည့်၍ –

'ဘာတုံးဗျ၊ စောစောက ဟောပြောပွဲမှာ ရိုက်ပွဲဖြစ်တုန်းက ထိတာလား'

'ဟုတ်ကဲ့ပါရှင်၊ ကလေးတွေ မိုက်ကိုမိုက်ပါတယ်'

'အင်း....ခက်ပါတယ်ဗျာ၊ လူငယ်ဆိုတာ ဆိုးချင်ဆိုးတာပေါ့၊ ဒါပေမဲ့ ခုလောက်ထိ ရမ်းရမ်းကားကားမဖြစ်သင့်ဘူး။ နို့ နေစမ်းပါဦး ဖြစ်ဖြစ်ချင်း ဘာကြောင့်မလာတာလဲ'

'ရှန်းရှန်း ရှန်းရှန်း ဖြစ်ပြီးတဲ့နောက် ရဲကဖမ်းပြီး အချုပ်ခန်းထဲ ထည့်ထားလို့ပါ။ ကျွန်မလည်း ဒဏ်ရာထဲ သွေးဆေးတွေ ဖိသိပ်ထားလို့ သွေးတိတ်သွားမယ်ထင်ခဲ့တာ။ ခုတော့ သွေးမတိတ်တဲ့အဆုံး စခန်းမှူးကို တောင်းပန်ပြီး ဆရာမဆီ ခေါ်လာခဲ့ရတာပါ ပဲ'

'ခက်တာပဲ၊ ဒဏ်ရာအကွဲက တော်တော်ကြီးတယ်။ ကျွန်မ မချုပ်ရဲဘူး။

mgyoe.com

mgyoe.com


ဆရာကလည်း နေမကောင်းဖြစ်နေလေတော့'

ထိုအသံကို ကြားသောအခါ ကိုစံလွင်သည် မော်လျသောလေသံဖြင့် 'အတွင်းကို ခေါ်ခဲ့ပါကွယ်' ဟု လှမ်းပြောလိုက်သည်။

ထိုသူငယ်ကို အတွင်းခန်းသို့ တွဲခေါ်လာကြသည်။ လူငယ်ကို သံလက်ထိတ်ခတ်ထား၏။ လူငယ်နှင့်အတူ ရဲသားတစ်ယောက်လည်း ပါလာသည်။

ကိုစံလွင်သည် လူငယ်အား မိမိအိပ်ရာပေါ်သို့ ပင့်တင်စေပြီး ဆရာမလေး အကူအညီဖြင့် ကုသလေတော့သည်။ ခေါင်းကဒဏ်ရာကို အစိမ်းချုပ်ပေးသည်။

ထိုအခြင်းအရာကို မြင်ရသူအားလုံးသည် ကိုစံလွင်အပေါ် အံ့သြခြင်း မကာ အံ့သြရလေတော့သည်။ အထူးသဖြင့်မူ မြခင်။

ထိုလူငယ်သည် သတ္တိကောင်းပုံရသည်။ သူ့ခေါင်းမှဒဏ်ရာကို အစိမ်းချုပ်နေသော်လည်း တုတ်တုတ်မျှမလှုပ်။ တစ်ချက်ကလေး မမဲ့။ သူ့အား စိတ်ရှည် လက်ရှည်ကုသနေသော ဒေါက်တာကိုစံလွင်၏ မျက်နှာကိုသာ တွေတွေကြီး စိုက်ကြည့်နေတတ်သည်။

ဒေါက်တာစံလွင်သည် လူငယ်အား ကုသနေရင်းမှ ဆရာကြီးဘက်သို့ လှည့်၍

'ကိုသာဒင် တစ်ယောက်ကော ဘယ့်နှယ်လဲဗျာ'

ဟုမေး၏။

'ပထမတော့ ဥပဒေအတိုင်း တရားစွဲဖို့စိတ်ကူးတာပဲ။ နောက်တော့လည်း ဆရာရယ်။ ဒီလိုအမှုမျိုးသူတစ်ခါမှ မကျူးလွန်ဖူးတာကတစ်ကြောင်း၊ အရက်သမားပီပီ ဘာကိုမှ မစဉ်းစားဘဲ ရမ်းတာကတစ်ကြောင်း၊ ပြီးတော့ ဆရာ့ကို ပုဂ္ဂိုလ်ရေးအရ မပြေမလည် ရှိနေတာတစ်ကြောင်းကြောင့်။

ထိုစကားအရောက်တွင် မြခင် မျက်နှာပျက်သွားသည်။

'ပြီးတော့ သာဒင်ဟာ ဒီလိုပြုမူတဲ့အတွက် ဒီလိုဥပဒေနဲ့ ငြိစွန်းနိုင်တယ်ဆိုတာကို မသိရှာတဲ့ပညာမဲ့တစ်ယောက်ဖြစ်နေတာလည်း တစ်ကြောင်းကြောင့် ကျုပ် ခွင့်လွှတ်လိုက်တယ်။ နောက်နောင် ဒီလို မဖြစ်ရအောင်လည်း ပညာပေးလိုက်တယ်။ ဘာပဲဖြစ်ဖြစ် သုံးလေးရက်လောက်တော့ ဒီကောင့်ကို ချုပ်ထားရမှာပဲ"

mgyoe.com

mgyoe.com


ထိုစကားကို ကြားရသောအခါ ခေါင်းကွဲနေသော လူငယ်သည် ဆရာကြီးကိုလည်း မျက်လုံးရွဲကြီးဖြင့်ကြည့်လိုက်ပြန်သည်။

ဆရာကြီးသည် တစ်နေရာဆီသို့ ငေးမောရင်းက

'ဆရာရယ်၊ ကျုပ်တို့က ရပ်ရေးရွာရေး ဆောင်ရွက်နေတဲ့ လူကြီးတွေဆိုတာ ရပ်သူရွာသားတွေကို ကိုယ့်သားသမီးလေးတွေလို သဘောထားပြီး နည်းမျိုးစုံနဲ့ ထိန်းကွပ်ရတာမဟုတ်လား'

လူငယ်၏ ခေါင်းကိုချုပ်လုပ်၍ပြီးသွားလေပြီ။ ကိုစံလွင်သည် လူငယ်၏ ပခုံးကိုကိုင်လျက်

'မင်းလည်း ရှေ့လျှောက် လိမ္မာပါတော့ကွာ။ ကိုင်း.... ကိုင်း.... ပြန်လို့ရပြီ။ တစ်ရက်နှစ်ရက်ဆိုရင် အချုပ်က လွတ်မှာပါ။ မပူပါနဲ့။ ဆရာနည်းနည်းနေကောင်းရင် အချုပ်ခန်းမှာပဲလာပြီး ဆေးထည့်ပေးမယ်၊ ထ.... ထ'

လူငယ်သည် ရုတ်တရက်မထဘဲနေလျက် ဆရာကိုစံလွင်ကိုသာ တွေတွေကြီး ကြည့်နေသည်။ ထို့နောက် ရုတ်တရက်ဆိုသလို ထထိုင်လိုက်ပြီး ကိုစံလွင်၏ ဝမ်းဗိုက်သို့မျက်နှာအပ်ကာ ရှိုက်ကြီးတငင်ငိုရှာလေတော့သည်။ ပြီးတော့ ငိုသံပါကြီးနှင့်ပြောသည်။

'ညခင်းက ဆရာ့ကို ခဲနဲ့ပေါက်တာ ကျွန်တော်ပါ ဆရာရယ်'။ ။

mgyoe.com

mgyoe.com



တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆရာကိုစံလွင်တို့သည် ငှက်ဖျားရောဂါတိုက်ဖျက်ရေး၌ လူထုအင်အားကို လိုအပ်ကြောင်း လိုက်ပြောရရှာသည်။ အစတွင်တော့ မအောင်မြင်လှ၊ နောက်တော့ တဖြည်းဖြည်းတိုးတက်လာ၏။ နောက်ဆုံး အောင်မြင်သည်ဟုပြော၍ ရသလောက်အထိ ဖြစ်လာရတော့သည်။

မြို့လုံးကျွတ် မဟုတ်သည့်တိုင် အများစုက မြို့တွင်း မြို့ပြင်သန့်ရှင်းရေး၊ ထိုမှတစ်ဆင့် မြို့အနီးမှ စိမ့်မြိုင်ကြီးကို နေပြောက်ထိုးသည်အထိ ပြုပြင်ရေးတို့ကို တနင်္ဂနွေနေ့တိုင်း လုပ်အားပေးကြရန်။

ထိုအတောအတွင်း ဆရာကြီးနှင့် ကိုစံလွင်တို့သည် ကျန်းမာရေးဌာနအထိ သွားကြသေးသည်။ အခြေအနေအရပ်ရပ်ကို တင်ပြရာ အထက်ကလည်း အလွန်ဝမ်းမြောက်ပြီး လိုအပ်သမျှကို တတ်စွမ်းသမျှ ကူညီလေသည်။ တောတွင်း ခြင်ပုန်းများကို နှိမ်နင်းပက်ဖျန်းရန် ဆေးရည်များ၊ ရောဂါဖြစ်လာသူများကို ကုသရန်ဆေးဝါးများ။

အဆုံးစွန်ပြောရလျှင် လိုသုံးမည်ရ သုံးရန်အတွက် အာမိရမ်ခေါ် ကွီနိုင်ဆေးပါဝင်သော တပ်မတော်သုံး ရမ်အရက်များကိုပါ ကူညီလေသည်။

ဪ....နိုင်ငံရေးဆိုသည်မှာ လူမှုရေးကိုပါ ထည့်ဝင်စဉ်းစားရသော

mgyoe.com

mgyoe.com


အနုပညာတစ်ရပ်ပါတကား။

တနင်္ဂနွေသုံးကြိမ်လောက် လုပ်လိုက်သည်ဆိုလျှင်ပင် မြို့၏ ကျက်သရေသည် သိသိသာသာကြီး ပြောင်းလဲလာခဲ့လေသည်။

ထူးခြားမှု သုံးခုရှိသည်။

တစ်ခုက လုပ်အားပေးပွဲတွင် သာဒင်တစ်ယောက် ဘာစိတ်ကူးပေါက်ပြီးပါလာသည်ကို မသိရခြင်း။

နောက်တစ်ခုက ထိုရက်ပိုင်းများ မြခင်၏ မိခင်ကို ဆရာကိုစံလွင် အကြောင်းဖွင့်ပြောပြီးမှစ၍ မြခင်သည် ကိုစံလွင်နှင့် ခပ်ကင်းကင်း နေခဲ့ခြင်း၊ သည်အတွက်မူ ကိုစံလွင်သည် တိုးတက်ရင့်ကျက်သောပညာတတ်လူလတ်ပိုင်းတစ်ယောက်ဖြစ်ပါလျက် ကလေးငယ်ကဲ့သို့တစ်ချက်တစ်ချက် လှိုက်ခနဲလှိုက်ခနဲ ဝမ်းနည်းရခြင်းဖြစ်ရသည်။

နောက်ဆုံးအချက်ကား.... ကိုစံလွင်၏ ကျန်းမာရေးမှာ မသိမသာ ဆိုသလို တစ်ဆင့်ပြီးတစ်ဆင့် တက်ကာ ဆိုးရွားလာခြင်း။

မည်သို့ပင်ရှိစေ ကိုစံလွင်သည် မောလျနေတတ်သည့်ကြားမှပင် မကြာမကြာနားလိုက် မြက်နုတ်ပေါင်းသင်ကိစ္စများတို့ တတ်နိုင်သလောက် ကူညီလုပ်ဆောင်ခဲ့လေသည်။ မြခင်သည်လည်း လုပ်အားပေးပွဲမှာ အားတက်သရောပါ၏။ သို့သော် မြခင်သည် တတ်နိုင်သမျှ ကိုစံလွင်နှင့် ဝေးဝေးလှမ်းလှမ်းမှာသာ နေတတ်သည်။ မကြာမကြာတော့ ခိုးကြည့်တတ်သည်ပေါ့လေ။ သို့သော် သူ့ထက် မကြာမကြာ ခိုးကြည့်တတ်သော ကိုစံလွင်နှင့် မျက်နှာချင်း ဆုံမိပြန်တော့လည်း ရှက်ကိုးရှက်ကန်းဖြစ်ရပြန်သည်။ သူ့စိတ်ကိုယ်နှိုက်ကိုက မလုံဘူးထင်သည်။ သို့သော် သူယခုကဲ့သို့ ရှောင်နေခြင်းသည် လုံမပျိုကလေးတစ်ဦး ရည်းစားစာ အပေးခံရသဖြင့် ထိုစာပေးသူကို မျက်နှာချင်းမဆိုင်ဝံ့ဘဲ ရှောင်ခြင်းမျိုးမဟုတ်။

လောကကြီးတွင် သူ့နေရာနှင့်သူ သင့်လျော်သလို ကိုယ့်ဘဝနှင့်ကိုယ် နေတာကောင်းမည်ဟူသောသဘောဖြင့် ခပ်ကင်းကင်းနေခြင်းသာဖြစ်သည်။

ဒါကို ကိုစံလွင်ကလည်း သိပါသည်။

ထို့ကြောင့် သူကလည်း တတ်နိုင်သမျှ အလိုက်သိစွာ ရှောင်ရှားနေခဲ့သည်။

mgyoe.com

mgyoe.com


သို့သော် တစ်ချိန်ချိန်မှာတော့ မြခင်၏မေတ္တာတရားကိုရော၊ ကိုယ်ကာယကိုပါ ပိုင်ဆိုင်ရလိမ့်မည်ဟူ၍သာ ရိုးရိုးသားသား မျှော်လင့်ထားသည်။

ယခုလည်း တစ်ယောက်နှင့်တစ်ယောက် မလှမ်းမကမ်းတွင် ကိုယ့်အလုပ်ကိုယ်လုပ်နေရင်းက မသိမသာ ခိုး၍ကြည့်နေကြပြန်သည်။

ထိုတစ်ချိန်တွင် အမှတ်မထင် အဖြစ်အပျက်တစ်ခု ဖြစ်သွားသည်။

အမှတ်မထင် ဆိုသော်လည်း မကြာမကြာ ဖြစ်လေ့ဖြစ်ထရှိသော အမှတ်မထင် အဖြစ်အပျက်မျိုးကို ဆိုလိုသည်။

မြခင်သည် ချုံတောများကို ရှင်းလင်းနေရာမှ ကိုစံလွင်ဘက်သို့ မသိမသာကြည့်လိုက်ရာ သစ်ပင်တစ်ပင်၏ ခြေရင်းတွင် ခြေဆင်းထိုင်ရင်း သစ်ပင်ကိုမှီလျက် မိန်းမောနေသည်ကို တအံ့တသြ တွေ့လိုက်ရသည်။

မြခင် ရင်တုန် ပန်းတုန် ဖြစ်သွားရသည်။

ကိုစံလွင် ခုလိုပဲ မကြာမကြာဖြစ်တတ်သည်ကို သူသိသည်။

ထို့ကြောင့် အလွန်အမင်းစိတ်ပူသွားသည်။

နန်းပန်းမွှေးကို ပြေးခေါ်သည်။

နှစ်ဦးသား ကိုစံလွင်ထံ ပြေးသွားကြသည်။ ကျန်လူများလည်း ပြေးလာကြသည်။

ကိုစံလွင်သည် မျက်စိမှိတ်လျက် မှိန်းနေသည်။ သူ့ရင်ဘတ်ကို သူလက်နှစ်ဖက်ဖြင့် ဖိထားသည်။ မြခင်သည် ပထမဆုံးအကြိမ်အဖြစ် ဆရာ့အနီးမှာကပ်လျက် ထိုင်ဖြစ်သွားသည်။ ဆရာ့ပခုံးကိုလည်း ဖေးထားမိသည်။ နန်းပန်းမွှေးသည် မြခင်ကို အဓိပ္ပာယ်ပါပါကြည့်လိုက်၏။

ထိုအကြည့်သည် ညစ်ညမ်းသော ကိစ္စအတွက်မဟုတ်ပါ။ သူတစ်ခါက မြခင်ကိုပြောဖူးသည်။

ဆရာ့မှာ နှလုံးရောဂါရှိတယ်။ အဲ့သလို ခဏခဏ ဖြစ်တာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး။ ဤသို့ဖြစ်၏။

ယခုလည်း ထိုသဘောဖြင့် မြခင်ကိုကြည့်မိသည်။ မြခင်ကတော့ ကိုစံလွင်၏မျက်နှာကိုသာ ကြည့်နေသည်။ (ပြီးတော့ ဆရာကြီးမှတစ်ဆင့် သူ့မိခင်ထံ နားဖောက်ထားကြောင်း နန်းပန်းမွှေးကို ပြောပြထားပြီးလည်း ဖြစ်သည်။)

mgyoe.com

mgyoe.com


ဆရာကြီးအပါအဝင် ကျန်လူများကလည်း ယပ်ခတ်ပေးကြ၊ နှာနှပ်ပေးကြ၊ လုပ်ပေးကြသည်။ သို့သော် မကြာခင်မှာပင် ကိုစံလွင်က လက်ကာပြရင်း ဝိုင်းအုံနေသောလူများကို ရှင်းခိုင်းသည်။ သူ့အိတ်ထဲတွင် အသင့်ပါလာသော ဆေးများကို ထုတ်သောက်သည်။ ခဏကြာတော့ သက်သာသွား၏။ နည်းနည်းမောနေသည်မှအပ စကားစမြည်ပြောလာနိုင်သည်။

'ကောင်းသွားပါပြီ၊ ကိုယ်လုပ်စရာရှိတာသွားလုပ်ကြတော့'

နန်းပန်းမွေးကမူ

'ဆရာရယ် အိမ်ပြန်ပြီး ခဏနားလိုက်ပါလား၊ ဆရာ့အခြေအနေက'

'နင် ဆရာလား၊ ငါ ဆရာဝန်လား'

ဟန်ကိုယ့်ဖို့အနေနှင့်သာ ပြောလိုက်သည်။ ခုလို ခက်ထန်သော စကားမျိုးကို သူမပြောရက်၊ အားလုံး ထွက်သွားကြသည်။

မြခင်တစ်ယောက်တည်း ကျန်ရစ်၏။

'မြခင်လည်း သွားတော့လေ'

မြခင်ထံမှ တစ်ကြိမ် တစ်ခါမျှ မမြင်ရဖူးသေးသော မျက်လုံးအစုံကို မြင်ရသည်။ မြခင် လှည့်ထွက်သွားသည်။ ကိုစံလွင်ကတော့ သစ်ပင်အောက်မှာပင် မှိန်းလျက် ကျန်ရစ်သည်။

နေ့လယ်ပိုင်း ခဏနားချိန်တွင် အားလုံးစားဖို့သောက်ဖို့အတွက် ရေနွေးကြမ်း၊ လက်ဖက်သုပ် စသော သရေစာများကို ရွာနီးချုပ်စပ်မှ လူများက လာပို့ကြသည်။

ကိုစံလွင်သည် နေသာ ထိုင်သာ ရှိသွားသော်လည်း သစ်ပင်အောက်မှာပင် ထိုင်နေသည်။

မြခင်ရောက်လာပြန်သည်။ ဆရာ့ဘေး၌ ဒူးတုပ်ထိုင်လိုက်သည်။ သူ့လက်ထဲတွင် သံပရာရည်တစ်ခွက်နှင့် အနှစ်ထုတ်ထားသော ကြက်ဥကြော်နှစ်လုံးပါလာသည်။

ကိုစံလွင် ထိတ်လန့်တကြား ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် နှလုံးရောဂါသည်သည် ကြက်ဥစားလျှင် အနှစ်ကိုဖယ်၍ စားရသည်မဟုတ်ပါလား။ ဒါကို မြခင်ဘယ်လိုလုပ်သိသနည်း။ နန်းပန်းမွေး ပြောလိုက်တာပဲဖြစ်ရမည်ဟု တွေးမိသည်။

mgyoe.com

mgyoe.com

သူနှလုံးရောဂါ ရှိနေကြောင်းကို မြခင်သာမက မည်သူမျှ သူမသိစေချင်ပါ။

'ကျွန်တော် ကြက်ဥစားရင် အနှစ်ထုတ်စားတယ်ဆိုတာ မမြခင် ဘယ်လိုလုပ်သိသလဲ'

'နန်းပန်းမွေး ပြောပြလို့ပါဆရာ"

'ခက်တာပဲ၊ ဒီကောင်မလေးဟာ သူနဲ့ ဘာဆိုင်လို့လဲ'

'မဟုတ်ပါဘူး ဆရာ၊ သူ လုပ်လုပ်ပေးတာကို မြင်ဖူးလို့ မေးကြည့်ရင်းက သိတာပါ'

'သူက ဘာပြောသလဲ'

မြခင်က စဉ်းစဉ်းစားစား ပြောရသည်။ အဘယ်ကြောင့်ဆိုသော် နှလုံးရောဂါသည်နှင့် ကြက်ဥနှစ် လုံးမတည့်ကြောင်းကို သူ သိထားပြီး ဖြစ်နေသောကြောင့်ဖြစ်သည်။ ထို့ကြောင့်

'ဆရာက ကြက်ဥအနှစ် လုံးဝမကြိုက်ဘူးတဲ့'

ကိုစံလွင်သည် မြခင်လာပို့သော အစားအသောက်များကို လိုအပ်သည်ထက် ပို၍ ကျေနပ်စွာ စားသောက်လေသည်။ မြခင်သည် သူလာပို့သောအစာကို နှစ်နှစ်ကာကာ စားနေတာမြင်ရသောကြောင့် လိုအပ်သည်ထက်ပို၍ ကျေနပ်မိလေသည်။

ကိုစံလွင်သည် စားနေရင်းက မြခင်ကို တစ်ချက် ကြည့်၏။ ထိုအကြည့်သည် တစ်စုံတစ်ရာကို ပြောချင်နေမှန်း မြခင်သိပါသည်။

'မြခင်'

'ဆရာ'

'တစ်ခုခုပြောချင်နေသလား'

'ဟုတ်ကဲ့ပါ ဆရာ'

'ပြောလေ'

'ဆရာ မြခင်ကို ဘာမှ မပြောပါနဲ့ဆိုတဲ့စကားကို ပြောချင်တာပါ ဆရာ'

မြခင်သည် မျက်ရည်ပါသော အသံဖြင့် ပြောရှာသည်။ ကိုစံလွင်ကလည်း အခြေအနေကို နားလည်လိုက်ပါသည်။

'ဆရာ ဘာပြောမယ်ဆိုတာ သိလို့လား'

mgyoe.com

mgyoe.com

'ဆရာ ပြောပြီးပြီပဲ'

'ဘယ်တုန်းက ပြောရသေးလို့လဲ မြခင်'

'ဆရာကြီးက တစ်ဆင့် အမေ့ကိုလေ'

'ဆရာ မြခင်ကို တိုက်ရိုက်ပြောပါရစေဦးလား'

'မလိုတော့ပါဘူး ဆရာရယ်၊ မြခင် သိပြီးပြီပဲ'

'ဆရာ့ ရင်ထဲမှာရှိနေတဲ့ စကားကို ဆရာကိုယ်တိုင် ပြောခွင့်မရှိဘူးလားကွယ်'

မြခင်သည် ကိုစံလွင်၏ ဖြူရော်အားနည်း အားငယ်သော မျက်နှာကို ကြည့်ရင်း ကရုဏာဖြစ်မိလေသည်။

'ပြောပါ ဆရာ'

'မမြခင်ကို ကျွန်တော် ချစ်တယ်၊ လက်ထပ်ချင်တယ်'

'မဖြစ်နိုင်ပါဘူး ဆရာ'

'ဘာဖြစ်လို့လဲ မမြခင်၊ ကျွန်တော့်ကို မယုံလို့လား'

'ယုံပါတယ် ဆရာ၊ ကျွန်မ ဝမ်းသာလွန်းလို့ပါ'

'ဟင်....ဝမ်းသာတယ်ဆိုရင်လည်းဗျာ'

'ဟုတ်တယ် ဆရာ၊ ဒါပေမဲ့ ကျွန်မ ဘဝဟာ ထီပေါက်ပြီး ထီလက်မှတ်မရှိတဲ့ ဘဝပါ'

'ထီလက်မှတ်ကိုယ်တိုင်က မမြခင်ကိုချည်း တဝဲဝဲလွင့်လာနေတာပဲ မဟုတ်လား'

'ကျွန်မ အဲဒီ ထီလက်မှတ်ကို ဖြပစ်လိုက်ပါပြီ'

'ဗျာ'

'ဟုတ်တယ် ဆရာ၊ ကျွန်မ အတန်တန်စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တာပါ၊ ကျွန်မ ဘာကြောင့် ခုလိုဆုံးဖြတ်ရတယ်လို့ပြောရင် ဆရာ ဘာတွေ ပြန်ပြောမယ်ဆိုတာလည်း ကြိုတွက်ထားပါတယ် ဆရာ'

'ကျွန်တော်ဟာ ရောဂါသည်တစ်ယောက်မို့လို့လားဟင်'

'ဒီလိုမပြောပါနဲ့ရှင်၊ ကျွန်မ ရိုးရိုးသားသားဝန်ခံပါ့မယ်၊ ဆရာ့အပေါ် ကျွန်မ စိတ်ဝင်စားမိခဲ့တာ အမှန်ပါ၊ အဲသလို စိတ်ဝင်စားရာမှာလည်း ဆရာ့ရဲ့ ရောဂါကြောင့် သနားကရုဏာပိုမိတာဟာ အဓိက ပါပါသေးတယ်'

mgyoe.com

mgyoe.com


'ဒါဖြင့်ရင် ဘာလိုသေးလဲ မမြခင်၊ ကျွန်တော့်ကို လက်ထပ်ခွင့် ပေးပါဗျာ'

'ဟား....ဟား....ဟား'

ထိုရယ်သံဟိန်းဟိန်းသည် တောအလုံးကို ပျံ့နှံ့သွားဟန်ရှိ၏။

သာဒင်။

သာဒင်သည် ဓားလွတ်ကို တဆဆကိုင်ရင်း ရယ်မောရင်းက ကိုစံလွင်ကို စားတော့ဝါးတော့မလို ကြည့်နေ၏။

မြခင်ကား မျက်ရည်ကလေးလည်လာပြီး ကြောက်နေရှာသည်။ ကိုစံလွင်ကတော့ တုန်လှုပ်ပုံမရချေ။

'မိန်းကလေးတစ်ယောက်က အတန်တန် ငြင်းနေပါလျက် မင်း အရှက်မရှိဘူးလားကွ၊ ပထမလူကြီးတွေက တစ်ဆင့် ရည်းစားစကား ပြောတယ်၊ ဟင်.... ဟုတ်တယ် မဟုတ်လား၊ ခုလည်း မိန်းကလေးတစ်ယောက်ကို တောထဲတောင်ထဲ အပိုင်ကြံဖို့ ကြိုးစားတာ မဟုတ်လား'

'ကျွန်တော့်ကို အထင်မလွဲပါနဲ့ ကိုကြီးသာဒင်၊ ကျွန်တော် ရိုးရိုးသားသား'

'တော်စမ်းပါကွာ၊ ဒီကိစ္စမျိုးဆိုတာ စကတည်းက မြခင်၊ နင် ဝေးဝေးသွားနေစမ်း'

မြခင်သည် ဘာမျှ ပြန်မပြောဘဲ ထွက်ပြေးသွား၏။ သာဒင်ကို ကြောက်လို့တော့ မဟုတ်၊ ပြဿနာမပေါ်ခင် ဆရာကြီးကို ပြေးခေါ်ရန် အခွင့်သင့်သွားသောကြောင့်သာ ဖြစ်၏။

'ကိုင်း.... ဆရာဝန်ကြီး၊ ကျုပ်ကတော့ သည်းညည်းမခံနိုင်တော့ဘူး၊ ဒီတော့ ယောကျ်ားချင်းပဲလေ'

'ဓားကြီး တဆဆနဲ့ မလုပ်ပါနဲ့ ကိုကြီးသာဒင်။ ခုအချိန်မှာ ကျွန်တော် ဟာ ရောဂါတစ်ခုကြောင့် အလွန်နွမ်းနယ်နေပါတယ်။ ဓားနဲ့ မပြောနဲ့ လက်သီးနဲ့ ထိုးရင်တောင် ကျွန်တော် ခံနိုင်ရည်မရှိပါဘူး။ ဒီတော့ ခုကိစ္စကို ရှင်းချင်ရင် ခုမရှင်းပါရစေနဲ့ဗျာ၊ ကျွန်တော် နည်းနည်းနေကောင်းမှ'

'ဘယ်တော့မှ ကောင်းမယ့်ရောဂါလဲ'

'ရက်ပိုင်းပါပဲဗျာ၊ ဒီလိုလုပ်၊ လာမယ့် လပြည့်နေ့ညာ၊ မြို့ပြင်က ကုလား

mgyoe.com

mgyoe.com

ဘုရားကျောင်းပျက်ကြီးမှာ'

'စိမ်လိုက်'

'နှစ်ယောက်တည်းနော် ကိုကြီးသာဒင်'

'အိုး... သာဒင်တို့က တစ်ယောက်တည်း နေချင်လို့ ဘယ်သူ့နှမမှ တောင် ပိုးတဲ့ကောင် မဟုတ်ဘူး'

လပြည့်ညဖြစ်သဖြင့် ကုလားဘုရားကျောင်းပျက်အတွင်းမှာ လင်းနေသည်။ လင်းနေရခြင်းမှာ ခေါင်းမိုးမရှိသောကြောင့်ဖြစ်သည်။ ဆရာ ကိုစံလွင် ကျောင်းထဲ ဝင်လိုက်သောအခါ ဆေးပေါ့လိပ်မီးတရဲရဲဖြင့် ထောင့်ကွေးအုတ် ခုံတစ်ခုတွင် ထိုင်နေသော သာဒင်ကို အသင့်စောင့်နေတာ တွေ့ရသည်။

ကိုစံလွင်သည် သာဒင်အနီးသို့ ရဲရဲတင်းတင်းပင် လျှောက်လှမ်းလာခဲ့ သည်။

'ဆောရီးပဲ ကိုကြီးသာဒင် ဆေးခန်းမှာ လူနာများနေလို့ နောက်ကျ သွားတယ်'

'ကိစ္စမရှိပါဘူး၊ ကတိတည်ရင် ပြီးရောပေါ့'

သာဒင်သည် နည်းနည်းတော့ ထိတ်မိ၏။ အဘယ်ကြောင့်ဆိုသော် ကိုစံလွင်သည် သူ့လိုဓားလွတ်ယူမလာဘဲ လွယ်အိတ်တစ်လုံးသာ လွယ် ခဲ့သောကြောင့်ဖြစ်၏။ သူ့လွယ်အိတ်ထဲတွင် ဓားမြှောင်လောက်ဆိုတော် သေးရဲ့။ သေနတ်ဆိုလျှင် ခက်မည်။

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း ဘာကဘယ်လို စပြီး ပြောကြလုပ်ကြရမည်ကို စဉ်းစားနေကြပုံရသည်။ သာဒင်ကပင် စလိုက် သည်။ အရက်နံ့က ထောင်းခနဲ ထွက်လာသည်။

'ကိုင်း....ဆရာဝန်ကြီး၊ အထွေအထူး ပြောစရာရှိသေးလား၊ ဘယ်လို နည်းနဲ့ ရှင်းချင်လဲ၊ လက်နက်ကော၊ ကျုပ်ကတော့ ဓားသမားပဲ'

'နေဦး ကိုကြီးသာဒင် ကျွန်တော့်မှာလဲ လက်နက်တော့ ပါပါတယ်'

ကိုစံလွင်သည် လွယ်အိတ်ထဲမှ စက္ကူဖြင့် ပတ်ထားသော အရာတစ်ခု ကိုထုတ်လိုက်သည်။ သာဒင်ရှေ့မှာ ချသည်။

'ဒါဘာတုံး'

'စကားပြောကောင်းတဲ့ လက်နက်လေဗျာ'

mgyoe.com

mgyoe.com

တစ်ဆက်တည်းမှာပင် ဖန်ခွက်နှစ်လုံးနှင့် ရေပုလင်းကို ထုတ်ယူလိုက်သည်။

'ဟောဒါ ကျွန်တော့်ကိုယ်ပိုင်အရက် အာမီရမ် ပေါ့ဗျာ'

'ဘာလုပ်ဖို့လဲ'

'ပြောပါပကော....ကိုကြီးသာဒင်၊ စကားပြောကောင်းရုံပါလို့'

'ဘာပြောစရာရှိသလဲ၊ မင်း ငါ့နှမကိုပိုးလို့ ငါက မကျေနပ်ဖြစ်ပြီး မင်းနဲ့ စာရင်းရှင်းဖို့ ဒီနေရာချိန်းတာ မဟုတ်လား'

'ပြီးတော့ ရှင်းတာပေါ့လေ၊ ကဲ.... သောက်ရင်းပြောကြရအောင်၊ ကျွန်တော်လည်း ငှက်ဖျား နည်းနည်းမိချင်သလိုမို့ ဒီည နည်းနည်း သောက်ပါ့မယ်'

ပုလင်းဖွင့်လိုက်လျှင်ပင် ကိုစံလွင်က စကား စသည်။

'ကျွန်တော် မမြခင်ကို မေတ္တာရှိနေတယ်ဆိုတာ သူ့အမေပြောလို့ သိတာ မဟုတ်လား'

'အင်း....'

'ဘာပြောသေးလဲဗျ'

'မင်း ငါ့နှမကို ကြိုက်နေပြီဆိုတာလောက်ပဲ ငါသိပါတယ်။ ပြောတာ စုံလို့ပဲ။ ဒါပေမဲ့ ငါမူးနေလို့ ကောင်းကောင်း မမှတ်မိဘူး'

'ကိုင်း...ဒါဖြင့် ကျွန်တော် အစအဆုံးရှင်းပြမယ်'

ကိုစံလွင်သည် မြခင်ကို သူစတင်မေတ္တာရှိလာပုံမှအစ ဖွင့်မပြောဖြစ်ကြောင်း၊ ပြောမည်ကြံတိုင်းလည်း နှုတ်မရဲကြောင်း၊ နောက်ဆုံး ဆရာကြီးကမှ တစ်ဆင့် သူ့မိခင်ထံ နားထောင်ခိုင်းကြောင်း၊ တကယ်ပင် မေတ္တာရှိကြောင်း သည်မြို့မှာပင် မင်္ဂလာဆောင်မည့်အကြောင်း၊ သူသည် အစိုးရက နယ်မပြောင်းမခိုင်းမချင်း သည်မှာပင် နေမည့်အကြောင်း၊ ရန်ကုန်မှ မိဘများကိုလည်း ခေါ်ယူပြီး ကြောင်းလမ်းမည့်အကြောင်း သူ့ဘက်က အစစပြေလည်ကြောင်း စသည်များကို သာဒင် နားလည်အလွယ်ဆုံးသော စကားမျိုးဖြင့် အနုနယ်ဆုံး အသုံးအနှုန်းမျိုးဖြင့် ချော့မော့ပြောရသည်။

ပုလင်းလည်း တစ်ဝက်သာသာကျိုးသွား၏။ သာဒင်၏ ကတ်သီးကတ်သတ်မေးခွန်းများ၊ ရိသဲ့သဲ့စကားများကိုလည်း သည်းခံဖြေရှင်းရသေးသည်။

mgyoe.com

mgyoe.com


သူတို့နှစ်ယောက်၏ စကားဝိုင်းသည် ရန်လိုရာမှ တဖြည်းဖြည်း နားလည်မှုရလာသည်။

ပုလင်းကုန်သွားပြီ။

ထိုအခါမှ သာဒင်ထံမှ စကားတစ်ခွန်း စထွက်သည်။

'ကျန်သေးလားကွ'

'ကုန်ပါပြီဗျာ၊ ဒါတောင် ကျွန်တော်ပိုင်မို့ပါ'

ခဏ ငြိမ်သွားပြန်သည်။ သာဒင်သည် သူ၏ဓားကို ခပ်လှမ်းလှမ်း မြေကြီးပေါ်သို့ ပစ်စိုက်လိုက်သည်။

'ဒီဓားဟာ မင်းအတွက် မလိုအပ်တော့ဘူး'

'ဟင်.....ခုလို ကိုကြီးသာဒင် နားလည်မှုရှိလာတာ ဝမ်းသာလိုက်တာဗျာ'

'အေး.....တစ်ခုတော့ရှိတယ်၊ မင်းငါ့နှမကို တကယ်ယူမှာနော်'

'တကယ်ပါဗျာ'

'ကောင်းပြီ၊ ငါ့ကို ခုနက အရက်မျိုး ခုနစ်လုံးပေး'

'ဟာဗျာ....ကျွန်တော့်မှာ မရှိပါဘူး'

'တိုင်းက ရထားသားပဲ'

'ဒါတွေက လူနာတွေအတွက် အရေးပေါ်မို့ပါ'

'ကောင်းပြီ၊ ဒါဆို သုံးလုံးတော့ ဖြစ်တဲ့နည်းနဲ့ ပေးကွာ၊ ငါကြိုက်လို့'

သာဒင် မူးနေပြီ။ ပြီးတော့ သူ၏ စကားတွေက ဆန်းသည်။ ဘာကြောင့် အရက်တောင်းသနည်း။

'ဘာလုပ်ဖို့လဲ ကိုကြီးသာဒင်၊ ခုနစ်လုံးတောင်းတာ'

'မင်း ငါ့နှမကို တကယ်ကြိုက်တယ် မဟုတ်လား။ ခုနစ်ရက်မြောက်တဲ့နေ့မှာ သူ့ဆီက အဖြေကို မင်းရစေမယ်'

'ဘယ်လိုအဖြေလဲ'

'မင်းကို ယူပါ့မယ်ဆိုတဲ့ အဖြေပေါ့'

'ဟုတ်ပါ့မလားဗျာ၊ သူ့သဘောထားက'

'ဒွတ်တဲ့မှပဲ၊ ရရင်ပြီးရော မဟုတ်လား'

'ကိုင်း....ဒါဖြင့် ကိုကြီးသာဒင် ပြောတဲ့အတိုင်း အာမီရမ်သုံးလုံးနဲ့ ရှိုးရှိုး

mgyoe.com

mgyoe.com


အရက်ဖြူ တစ်နေ့နှစ်လုံး'

'သုံးလုံးလုပ်ကွာ'

သာဒင်နှင့် ကိုစံလွင်တို့ နှစ်ယောက်တွဲလျက် မြို့ထဲ ပြန်လာကြသည်ကို မြင်လိုက်သူများ အံ့အားသင့်ကြမည်ကို ပြောရန်မလိုတော့ပါ။ ။

mgyoe.com

mgyoe.com

| ၁၁ |

လေးရက်မြောက်သောနေ့ နံနက်ခင်း။

ကိုစံလွင် အိပ်ရာမှ မထခင်မှာပင်လျှင် သာဒင်သည် ဆေးခန်းဝဠ် လာ၍ ထိုင်စောင့်နေလေသည်။ ထိုအချိန်မှာပင် သူမူးနေနှင့်ပြီးပြီ။

ကိုစံလွင် အိပ်ရာမှ နိုးပြီး အိပ်ခန်းတံခါးဖွင့်လိုက်လျှင်ပင် မျက်ထောင့်နီကြီးနှင့် ပြုးဖြဲဖြဲမျက်နှာကြီးနှင့် သာဒင်ကိုတွေ့ရသည်။

အကြင်ယောက်ျားတို့သည် နံနက်မိုးလင်း အိပ်ရာမှ နိုးနိုးချင်း လှပသော မိန်းမတစ်ဦး၏ မျက်နှာကို မြင်ရလျှင် လန်းလန်းဆန်းဆန်း ဖြစ်သွားတတ်သည်ဟု အဆိုအမိန့်များ ရှိခဲ့ဖူးပါသည်။ သို့ရာတွင် ယခုကိုစံလွင် အိပ်ရာမှ နိုးနိုးချင်း ကျက်သရေကင်းမဲ့သော အရက်မူးသမားတစ်ယောက်၏ မျက်နှာကို မြင်ရခြင်းဖြင့်ပင် အလွန်လန်းဆန်းကြည်နူးသွားရသည်။

ဒါကတော့ ရှင်းပါသည်။

ကိုစံလွင်သည် ယခုမှ မဟုတ်။ သာဒင်နှင့် ကတိကဝတ်ပြုခဲ့သော ညပြီး နောက်နေ့နံနက်မှစပြီး ဤသို့ပင်လျှင် နံနက်အိပ်ရာမှ နိုးတိုင်း လန်းလန်းဆန်းဆန်း ဖြစ်ခဲ့ရသည်ချည်းဖြစ်၏။ အကြောင်းကား

ထိုအကြောင်းကိုကား ပြောပြရန် လိုမည် မထင်တော့ပါ။

mgyoe.com

mgyoe.com


ယခုအချိန်တွင် မြခင်နှင့် ပတ်သက်၍ သာဒင်သည် အဓိက အောင်သွယ်တော်ဖြစ်နေသည် မဟုတ်ပါလား။

သာဒင်သည် ကိုစံလွင်ထံမှ မိမိ တောင်းထားသော ကတိအတိုင်း မပျက်မကွက်ဆိုသလိုပင် နံနက် မိုးလင်းသည်နှင့် ဆေးခန်းဝမှာ လာထိုင်စောင့်နေလေ၏။

ကိုစံလွင်ကလည်း ကတိမပျက်ပါ။ အိပ်ရာမှ နိုးသည်နှင့် စတိုခန်းအတွင်းမှ ရမ်တစ်လုံးကို ထုတ်၍ပေးလိုက်မြဲဖြစ်သည်။

ပထမဆုံးနေ့ နံနက်။

'ဘယ့်နှယ်လဲ ကိုကြီးသာဒင်၊ အခြေအနေ'

'ဟ... ညကမှ မင်း ငါ ကတိခံခဲ့တာ၊ ဒီမနက် ဘယ့်နှယ်လုပ်ပြီး အဖြေရမလဲကွ'

'ဟုတ်သားပဲ'

× × ×

ဒုတိယနေ့နံနက်။

'ဘာထူးသေးလဲဗျ၊ ကိုကြီးသာဒင်'

'ဒွတ်တဲ့မှပဲ၊ မိန်းမတစ်ယောက်ရဖို့ တစ်ရက်နှစ်ရက်နဲ့ ပြောပြီးမလားကွ၊ ပေးမှာသာ ပေးစမ်းပါ၊ အာမီရမ်တစ်လုံး'

တတိယနေ့။

'ကိုကြီးသာဒင်'

'ဟေ့ကောင်ဆရာဝန်၊ ငါ ဆွဲထိုးမိလိမ့်မယ်၊ မင်းကို ငါကတိခံထားတာ ခုနစ်ရက်မို့လား'

× × ×

ယခု စတုတ္ထနေ့။

ကိုစံလွင်သည် သာဒင်ကို ပြုံးပြနှုတ်ဆက်လိုက်သည်။ သူ့အပြုံးတွင် တစ်စုံတစ်ရာ မျှော်လင့်ချက်များ ပါဝင်နေသည်။

'ကိုကြီးသာဒင်၊ ခင်ဗျားကို ကတိပေးထားတဲ့အတိုင်း အာမီရမ် သုံးလုံး

mgyoe.com

mgyoe.com

ပြည့်သွားပြီနော်'

'အေးပါ၊ ငါ လာတာက.....'

'ဟင်...ဘာထူးလို့လဲ'

'မဟုတ်ပါဘူး၊ မင်း ကတိခံထားတဲ့အတိုင်း ငါ့ကို အရက်ဖြူသုံးလုံးဖိုး ပေး....'

'ဘယ်လောက်လဲဗျ'

'တစ်လုံးရှစ်ကျပ်ကွာ၊ နှစ်ဆယ့်လေးကျပ်၊ အဲ့ဒါ အစိတ်သာ ပေးလိုက်'

'ရပါတယ်၊ ဒါပေမဲ့ အခြေအနေက'

'ဂလိန်းတဲ့မှပဲ၊ မင်းပဲ စဉ်းစားကြည့်ပါဦး၊ ငါ့နှမတစ်ယောက်လုံး မင်းရဖို့ ကိစ္စ လိုက်လုပ်ရတဲ့ဉစ္စာ၊ ဒီလေးရက်လောက်နဲ့ ဖြစ်မလားကွ။ မင်းဟာ အရှက်ကို နည်းတယ်။ အစ်ကိုတစ်ယောက်လုံးကိုများကွာ၊ ခဏ ခဏ ဒီ ကိစ္စအတွက် မေးနေတော့ ကောင်းဦးမလား'

'ခင်ဗျားကကော...ကိုယ့်နှမတစ်ယောက် ကိစ္စအတွက်ကို ကျွန်တော့်ဆီ နေ့တိုင်း အရက်ဖိုးလာတောင်းနေတာ မရှက်ဘူးလား၊ ဟား...ဟား...ဟား'

'ဟား...ဟားဟား'

ဤမျှလောက်ဆိုလျှင် ထိုရက်ပိုင်းအတွင်း ကိုစံလွင်နှင့် သာဒင်တို့ မည်မျှကျွမ်းဝင်နေကြပြီကို ပြောပြရန် လိုမည်မထင်တော့ပါ။

တစ်မြို့လုံးလိုလိုကလည်း သာဒင်နှင့် ကိုစံလွင်တို့က တပူးတတွဲတွဲလုပ်နေကြသည်ကို တအံ့တဩဖြစ်နေကြသည်။ အထူးသဖြင့်မူ....

ဆရာကြီးသည် ကိုစံလွင်ကို အစ်သေးသည်။ သို့သော် ကိုစံလွင်က ရေငုံနှုတ်ပိတ်နေခဲ့သည်။ မည်သို့ပင်ရှိစေ ဆရာကြီးကတော့မူ တစ်စုံတစ်ရာကို သဘောပေါက်ထားပြီး ဖြစ်နေလေပြီ။

အတိုချုပ်ကို ပြောရမည်ဆိုလျှင် ကိုစံလွင်နှင့် သာဒင်တို့သည် ထိုရက်ပိုင်းများအတွင်းမှာပင်လျှင် တစ်ဦးနှင့် တစ်ဦး လုံးလုံးလျားလျားနီးပါး နားလည်မှုရှိနေကြလေသည်။ မကြာမကြာဆိုသလိုလည်း တစ်ယောက်နှင့် တစ်ယောက် တီးတိုး တီးတိုး တိုင်တိုင်ပင်ပင် ရှိနေတတ်ကြသည်။ သူတို့ဆုံတွေ့ရာနေရာကား ပထမဦးဆုံး ဆုံတွေ့ခဲ့ကြရာ ကုလားဘုရားကျောင်းပျက်။

× × ×

mgyoe.com

mgyoe.com


ခြောက်ရက်မြောက်သောနေ့ည။

'ဟော့ကောင် ဆရာဝန်....မနက်က မင်းငါ့ကိုထုံးစံအတိုင်း သုံးလုံးဖိုး တော့ ပေးပြီးပါပြီကွာ။ ဒါပေမဲ့ ငါ မဝသေးလို့ နှစ်ကျပ်ဖိုးလောက် ထပ်တိုက် ပါဦးကွာ။ ကတိပျက်တယ်လို့တော့ မထင်ပါနဲ့။ အဆစ်လို့ သဘောထားပါ ယောက်ဖလောင်းရယ်'

'ဒါက ရပါတယ်၊ ဒါပေမဲ့ ကိုကြီးသာဒင် ပေးထားတဲ့ကတိက နက်ဖြန် နော်'

'အေးပါကွာ၊ နက်ဖြန်ည ထုံးစံအတိုင်း ကုလားဘုရားကျောင်းပျက်ထဲ မှာ တွေ့ကြတာပေါ့'

'အဆင်တော့ပြေမှာပါနော်'

'ငါ ဘယ်သိမလဲကွ၊ ဒါက ကာယကံရှင်နဲ့ဆိုင်တဲ့ ကိစ္စပဲ၊ ဟား .... ဟား....ဟား' ။ ။

mgyoe.com

mgyoe.com

# [ ၁၂ ]

ခုနစ်ရက်မြောက်သောနေ့ နံနက်။

ကိုစံလွင်သည် အိပ်ရာမှ မလန်းမဆန်း နိုးလာခဲ့သည်။ ညက သူ ကောင်းကောင်း အိပ်မပျော်ခဲ့ပါ။ သည်နေ့သည် မြခင်နှင့်ပတ်သက်၍ တစ်စုံတစ်ရာသော အဖြေကို တိတိကျကျရတော့မည် မဟုတ်ပါလား။

ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ အမူးသမား သာဒင်သည် ကတိတော့ တည်လိမ့်မည်ဟု သူ ယုံကြည်နေသည်။ ရသေ့စိတ်ဖြေသဘောလည်း ပါကောင်း ပါပါလိမ့်မည်။ မည်သို့ပင်ရှိစေ သာဒင်နှင့် နီးနီးကပ်ကပ် ပေါင်းသင်းလာသောရက်များအတွင်း သာဒင်ကို သူခင်မင်မိသည်။ သာဒင်သည် အလုပ်အကိုင် မည်မည်ရရမရှိသော အရက်သမားတစ်ယောက်ပင်ဖြစ်လင့်ကစား ယောကျ်ားပီသခြင်း၊ သစ္စာရှိခြင်းများ သူ့၌ရှိကြောင်း သူသိထားခဲ့ပါသည်။

ထို့ကြောင့် သည်မနက် ညက မအိပ်ရပါဘဲလျက် အိပ်ရာမှ ထထချင်း ငွေအစိတ်ကို အဆင်သင့်ကိုင်လျက် ဧည့်ခန်းဆီသို့ထွက်လာခဲ့သည်။

သူအံ့အား သင့်သွားရတော့သည်။

အခု ခုနစ်ရက်မြောက်သောနေ့ နံနက်တွင် သာဒင်သည် သူ့ထံသို့

mgyoe.com

mgyoe.com


ရောက်မလာသည်ကို ထူးထူးခြားခြား တွေ့ရလေသည်။

ဧည့်ခန်းတွင် မတွေ့သဖြင့် ဆေးခန်းအနှံ့သာဒင့်ကို လိုက်ရှာသည်။ ဘယ်နေရာမှ သာဒင့်ကိုမတွေ့ရချေ။

သို့သော် လူနာများကိုလက်ခံကုသပေးရာ သူ၏စားပွဲပေါ်တွင် ထူးဆန်းသော စာလေးတစ်စောင်ကို ကိုစံလွင် တွေ့လိုက်ရတော့သည်။

ဟော့ကောင် . . .

ထုံးစံအတိုင်း ကုလားဘုရားကျောင်းကို

ညဆယ်နာရီ အရောက်လာခဲ့။

လက်နက်ပါယူခဲ့။

ပုံ

သာဒင်

× × ×

ထုံးစံအတိုင်းပင် မီးခဲတရဲရဲဖွာလျက် ဘုရားကျောင်းအတွင်းထောင့်ကွေ့တစ်နေရာ၌ ထိုင်နေသောသာဒင်ကို ကိုစံလွင် တွေ့ရသည်။

ရင် တထိတ်ထိတ်ခုန်နေသော ကိုစံလွင်သည် သာဒင့်အနီးသို့ရောက်သောအခါ သာဒင့်မျက်နှာသည် မသာမယာဖြစ်နေကြောင်း သတိထားလိုက်မိသည်။

'ဟော့ကောင် လက်နက်ပါသလား'

ကိုစံလွင်သည် လွယ်အိတ်ထဲတွင် အသင့်ပါလာသော ရမ်တစ်လုံးကို ထုတ်ပေးလိုက်သည်။

'ဒါပြောတာ မဟုတ်ဘူးကွ၊ တကယ့်လက်နက်ကိုပြောတာ၊ ဓား....ဓား'

'ဟာ...ကိုကြီး သာဒင်ကလည်း နောက်နေပြန်ပြီ'

'နောက်တာ မဟုတ်ဘူးကွ၊ မင်း ငါ့ကို ဓားနဲ့သာ ခုတ်သတ်လိုက်ဖို့ ကောင်းနေပြီ'

'ဟာဗျာ ဘာတွေ လျှောက်ပြောနေတာလဲ'

'ငါ တကယ်ပြောနေတာ စံလွင်'

နှစ်ယောက်သား ငြိမ်သက်သွားပြန်သည်။

mgyoe.com